www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု
ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သုံးရပ်သည် ကြာမြင့်စွာ တည်ပါစေ

# ဓမ္မဗျူဟာ

## အခြေခံ ပရိတ်တော် ကျင့်စဉ်သင်တန်း

# ပရိတ်ကြီး (၁၁) သုတ်

### ပါဠိတော် နှင့် မြန်မာပြန်

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)

( ဒုတိယအကြိမ် )

www.dhammadownload.com

# ပရိတ်တန်ခိုး အကျိုးများစွာ

၁ ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ၊ ရွတ်လေ "မင်္ဂလသုတ်"။
၂ ကပ်ကြီးသုံးဖြာ၊ ဘေးကြုံလာ၊ ရွတ်ပါ "ရတနသုတ်"။
၃ လူနတ်ပုဂ္ဂိုလ်၊ ချစ်စေလို၊ ရွတ်ဆို "မေတ္တသုတ်"။
၄ မြွေကင်းသစ်ကျား၊ ဘေးကြုံခြား၊ ရွတ်ပွား "ခန္ဓသုတ်"။
၅ ချုပ်နှောင်ကြိုးကပ်၊ ဘေးကြုံလတ်၊ ရွတ်အပ် "မောရသုတ်"။
၆ တောဇောအဂ္ဂိ၊ မီးဘေးငြိ၊ ရွတ်ဘိ "ဝဋ္ဋသုတ်"။
၇ ရှုံးနိုင်ပြိုင်ပွဲ၊ စစ်ဆင်နွှဲ၊ ရွတ်မြဲ "ဓဇဂ္ဂသုတ်"။
၈ စုန်းနတ်တစ္ဆေ၊ ဘေးကြုံနေ၊ ရွတ်လေ "အာဋာနာဋိယသုတ်"။
၉ အမျိုးသမီးများ၊ မီးမဖွား၊ ရွတ်ပွား "အင်္ဂုလိမာလသုတ်"။
၁၀ မကျန်းမမာ၊ ရှိသောအခါ၊ ရွတ်ပါ "ဗောဇ္ဈင်္ဂသုတ်"။
၁၁ တိတ်နိမိတ်များ၊ မကောင်းခြား၊ ရွတ်ထား "ပုဗ္ဗဏှသုတ်"။

**အကြောင်းသိ – အကျိုးညှိ ရွေးချယ်ရွတ်ဆို**
**လိုရာအကျိုး ပရိတ်တန်ခိုး**

www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သုံးရပ်သည် ကြာမြင့်စွာ တည်ပါစေ

# ဓမ္မဗျူဟာ

## အခြေခံ ပရိတ်တော် ကျင့်စဉ်သင်တန်း

# ပရိတ်ကြီး (၁၁) သုတ်

## ပါဠိတော် နှင့် မြန်မာပြန်

သင်တန်းမှူး

ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)

www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် = ၃၂၀ ၇၁၉၁၁၀၉
ဘာသာရေးဆိုင်ရာ မျက်နှာဖုံးခွင့်ပြုချက် = ၆၀၀ ၆၀၇၁၂၀၉

ဒုတိယအကြိမ်
အုပ်ရေ(၁၀၀၀)
၂၀၀၉-ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး-(၁၀၀၀)ကျပ်

**အတွင်းစာသားကြီးကြပ်** - ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
မျက်နှာဖုံးပန်းချီ - ကိုကျော်သိုက်
**ကွန်ပျူတာစာစီ** - ဓမ္မဗျူဟာ-ဒေါ်ဌေးဌေးအောင်
**ပုံနှိပ်သူ** = ဦးကျင်ရင် (မြဲ-၀၅၄၁၇)
ရွှေခြသေ့ံပုံနှိပ်တိုက်
အမှတ် - ၂၂၅၊ ၃၂-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ** = ဦးကျော်ဟင်း ၊ ယုံကြည်ချက်စာပေ၊
အမှတ်-၁၁၁ ၊ ၃၃-လမ်း(ထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖြန့်ချိရာဌာန** = ဓမ္မဗျူဟာစာစောင်တိုက်
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ (ဖုန်း-၅၄၆၉၉၇)

" ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း " (CIP)

၂၉၄.၃

ခင်လှတင်၊ ဒေါ် (မဟာသဒ္ဓမ္မဇောတိကဓဇ)
အခြေခံပရိတ်တော်ကျင့်စဉ်သင်တန်း / ဒေါ်ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)။ - ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၀၉။
၁၂၄ - စာ၊ ၁၅.၆ x ၂၁ စင်တီ။
(၁) အခြေခံပရိတ်တော်ကျင့်စဉ်သင်တန်း

www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပရိတ်တော်နိဒါန်း | ၁ |
| | ပရိတ်ကြီး – ပရိတ်ငယ် | ၃ |
| | ပရိတ်ရွတ်မှု အစဉ်အလာ | ၃ |
| | ပရိတ်အကျိုးရအောင် ဆောင်ရွက်နည်း | ၄ |
| | ပရိတ်နာသူ၌ ပြည့်စုံရမည့် အင်္ဂါ ၃–ပါး | ၅ |
| | ပါဠိဖတ်နည်း (အကျဉ်းချုပ်) | ၈ |
| ၂။ | ပရိတ်ကြီးပါဠိတော် | |
| | ❋ နတ်ပင့် | ၁၀ |
| | (၁) မင်္ဂလသုတ်တော် | |
| | မင်္ဂလသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း | ၁၅ |
| | မင်္ဂလသုတ်တော် ပါဠိ + မြန်မာပြန် | ၁၈ |
| | သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ | ၁၉ |
| | ရွတ်ဖတ်ခြင်းအကျိုး | ၂၂ |
| | (၂) ရတနသုတ်တော် | |
| | ရတနသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း | ၂၃ |
| | ရတနသုတ်တော် ပါဠိ + မြန်မာပြန် | ၂၈ |
| | ဘုရားရတနာ – တရားရတနာ | ၃၀ |
| | သံဃာရတနာ | ၃၁ |
| | ရွတ်ဖတ်ခြင်းအကျိုး | ၃၇ |
| | (၃) မေတ္တသုတ်တော် | |
| | မေတ္တသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း | ၃၈ |
| | မေတ္တသုတ်တော် ပါဠိ + မြန်မာပြန် | ၄၂ |

www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ကြိုတင်ကျင့်ဖွယ် ၁၅–ချက် ၄၃
မေတ္တာပွားနည်း ၄၄
မေတ္တာရှင်တို့၏ စိတ်ထား ၄၅
မေတ္တာနယ်ပယ် ၄၅
ရွတ်ဖတ်ရခြင်းအကျိုး
မေတ္တသုတ်တော်လာ မေတ္တာ ၅၆၁– နည်းပွားပုံ ၄၆
အရပ်ဆယ်မျက်နှာ ၄၈
၅၂၈–သွယ် မေတ္တာပွားပုံ ၄၉

(၄) ခန္ဓသုတ်တော်
ခန္ဓသုတ်တော် (အတ္တုပ္ပတ္တိ) နိဒါန်း ၅၁
ခန္ဓသုတ်တော် ပါဠိ + မြန်မာပြန် ၅၃
ရွတ်ဖတ်ရခြင်း အကျိုး ၅၅

(၅) မောရသုတ်တော်
မောရသုတ်တော် (အတ္တုပ္ပတ္တိ) နိဒါန်း ၅၆
မောရသုတ်တော် ပါဠိ + မြန်မာပြန် ၅၉
ရွတ်ဖတ်ရခြင်းအကျိုး ၆၂

(၆) ဝဋ္ဋသုတ်တော်
ဝဋ္ဋသုတ်တော် (အတ္တုပ္ပတ္တိ) နိဒါန်း ၆၃
ဝဋ္ဋသုတ်တော် ပါဠိ + မြန်မာပြန် ၆၅
ရွတ်ဖတ်ရခြင်း အကျိုး ၆၆

(၇) ဓဇဂ္ဂသုတ်တော်
ဓဇဂ္ဂသုတ်တော် (အတ္တုပ္ပတ္တိ) နိဒါန်း ၆၇
ဓဇဂ္ဂသုတ်တော် ပါဠိ + မြန်မာပြန် ၆၉
ရွတ်ဖတ်ရခြင်း အကျိုး ၇၉

www.dhammadownload.com


စဉ် အကြောင်းအရာ စာမျက်နှာ

(၈) အာဋာနာဋိယသုတ်တော်

အာဋာနာဋိယသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း ၈၀

အာဋာနာဋိယသုတ်တော် ပါဠိ + မြန်မာပြန် ၈၂

ရွတ်ဖတ်ရခြင်း အကျိုး ၉၀

(၉) အင်္ဂုလိမာလသုတ်တော်

အင်္ဂုလိမာလသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း ၉၁

အင်္ဂုလိမာလသုတ်တော် ပါဠိ + မြန်မာပြန် ၉၇

ရွတ်ဖတ်ရခြင်း အကျိုး ၉၈

(၁၀) ဗောဇ္ဈင်္ဂသုတ်တော်

ဗောဇ္ဈင်္ဂသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း ၉၉

ဗောဇ္ဈင်္ဂသုတ်တော် ပါဠိ + မြန်မာပြန် ၁၀၂

ရွတ်ဖတ်ရခြင်း အကျိုး ၁၀၄

(၁၁) ပုဗ္ဗဏှသုတ်တော်

ပုဗ္ဗဏှသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း ၁၀၅

ပုဗ္ဗဏှသုတ်တော် ပါဠိ + မြန်မာပြန် ၁၀၇

ရွတ်ဖတ်ရခြင်း အကျိုး ၁၁၂

၃။ မေတ္တာအာသိသ ၁၁၃

မေတ္တာပို့ ၁၁၄

နတ်ပို့ ၁၁၅

၃၁– ဘုံသားတို့အား အမျှဝေဂါထာတော် ၁၁၆

အမျှဝေလင်္ကာ ၁၁၇

www.dhammadownload.com

www.dhammadownload.com

# အခြေခံပရိတ်တော်ကျင့်စဉ်သင်တန်း

## ပရိတ်တော်နိဒါန်း

လူသုံးပါးတို့၏ ကိုးစားရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည် သဗ္ဗညုတဉာဏ်တော်ကို စိုးယူပိုင်သ လက်ကိုင်ရတော်မူပြီးသည့် အခါမှစ၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ ၄၅–ဝါပတ်လုံး ဗြဟ္မာ,နတ်,လူ သုံးဘုံသူတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသည်၊ ထိုသို့ ၄၅–ဝါပတ်လုံး ဟောကြားအပ်သော တရားတော်တို့သည် ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) ရှိလေသည်၊ ဓမ္မက္ခန္ဓာအနေအားဖြင့် များပြားလှသော်လည်း ထို **တရားတော်တို့၏ ဦးတည်ချက်မှာမူ– ဝိမုတ္တိ(ကိလေသာမှ လွတ်မြောက်ရေး) တစ်ခုတည်းသာ ဖြစ်လေသည်။**

ယင်းသို့ ကိလေသာမှ လွတ်မြောက်ရေးကို ဦးတည်လျက် ဟောတော်မူ အပ်သော တရားတော်တို့တွင် လွတ်မြောက်ရေးကိုရရန် ကြိုးပမ်း အားထုတ်လျက် ရှိကြသော ရဟန်း,ရှင်,လူတို့၏ ဘေးဘျမ်း ကင်းဝေးချမ်းသာရေးတွက် အရံအတား အဖြစ် ဟောကြားအပ်သော တရားတော်တို့လည်း အပါအဝင်ဖြစ်လေသည်၊ ထို တရားတော်တို့ကိုပင် ပါဠိလို **'ပရိတ္တ'**မြန်မာလို **'ပရိတ်'**ဟု ခေါ်ဝေါ်ရလေသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် နှုတ်တော်တွတ်တွတ်ရွတ်၍ ဟော ကြားတော်မူခဲ့သော ပရိတ်တို့မှာ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်တို့ဝယ် ကြိုကြား ကြိုကြား တကွဲတပြားစီဖြစ်လျက် ရှိကြရာ၌ အရှည်ကို မျှော်မြင်တော် မူကြသော ရှေးခေတ်သာသနာတော်စောင့် ဆရာတော်ကြီးတို့သည် ထိုပရိတ် တော်တို့ကို တစ်ပေါင်းတည်း စုပေါင်း၍ သီးခြားကျမ်းတစ်စောင်၊ တစ်ပုဒ်အဖြစ် စီစဉ်တော်မူခဲ့ကြလေသည်၊ ထိုသို့ ရှေးဆရာတော်ကြီးများ စုပေါင်း စီစဉ်ထား

www.dhammadownload.com



ခဲ့သော ပရိတ်ကျမ်းသည် ယခုအခါ မြန်မာနိုင်ငံ၌ **'ပရိတ်ကြီး'**ဟူသော အမည်ဖြင့် ထင်ရှားလေသည်။

အဆိုပါ ပရိတ်ကြီးများကို စုပေါင်းစီစဉ်ရာ၌ ရှေးဆရာတော်ကြီးတို့သည် မိလိန္ဒပဉှာ ပါဠိတော်၌လည်းကောင်း၊ အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ အဋ္ဌကထာတို့၌လည်းကောင်း တွေ့ရှိရသော ဟောကြား မိန့်ဆိုချက်တို့ကို မှီငြမ်းပြုလျက် စီစဉ်တော်မူခဲ့ကြလေသည်။

ထိုတွင် ပရိတ်အဖြစ် ဖော်ပြအပ်သော သုတ်တို့မှာ– ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်နှင့် ဣသိဂိလိသုတ်တို့ဖြစ်ကြောင်း တွေ့ရှိရလေသည်၊ ပရိတ်ကြီးကို စီစဉ်သော ရှေးဆရာတော်ကြီးတို့သည် အထက်ပါ သုတ်တို့တွင် ဣသိဂိလိသုတ်မှတစ်ပါး အခြားသုတ်အားလုံးကိုပင် ယူ၍ မင်္ဂလသုတ်၊ ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်တို့ကိုပါ ထည့်သွင်းလျက် စီစဉ်ထားသည်ကို တွေ့ရှိရလေသည်။

ထိုသို့စီစဉ်သောအခါ ရွတ်လိုသော ထိုထိုပရိတ်မှန်သမျှ၏ ပုဗ္ဗကိစ္စအဖြစ် 'သမန္တာ'မှစ၍ 'အာရက္ခံ ဂဏှန္တု'တိုင်အောင်သော စကားရပ်ကိုလည်းကောင်း၊ ထိုထိုသုတ်တို့၏အစတွင် ဆိုင်ရာအဖွင့်ဂါထာများကိုလည်းကောင်း ထည့်သွင်းလျက် စီစဉ်တော်မူခဲ့ကြသည်၊ ထို့အပြင် **အာဋာနာဋိယသုတ်(မူရင်း)**သည် အာဏာပြင်းသောသုတ်ဖြစ်၍ ဘီလူးစသည် ဖမ်းစား ပူးကပ်သောအခါမှသာ ရွတ်ဆိုသင့်သော သုတ်ဖြစ်သောကြောင့် နေ့စဉ်ရွတ်ဖတ်မှုနှင့် သင့်လျော်အောင် ယင်းသုတ်မှ ဂါထာအချို့ကိုသာ ယူလျက် ဘုရားဂုဏ်တော်များကို ထည့်သွင်း၍လည်းကောင်း၊ **ဗောဇ္ဈင်သုတ်(မူရင်း)**မှာ စုဏ္ဏိယ(စကားပြေ)ဖြစ်နေ၍ ရွတ်ဖတ်လွယ်ကူစေရန် ဂါထာသီကုံး၍လည်းကောင်း၊ **ပုဗ္ဗဏှသုတ်**ကိုလည်း အင်္ဂုတ္တရနိကာယ်မှ ဘုရားဟောဂါထာများကို ပါဝင်စေ၍ သင့်လျော်သလို ဖြည့်စွက်လျက်လည်းကောင်း စီစဉ်ခဲ့ကြလေသည်။

သို့ဖြစ်၍ ပရိတ်ကြီးပါ ယင်း ၃–သုတ်တို့၌လာသော စကားရပ်တို့တွင် အချို့သာ ဘုရားဟော အစစ်ဖြစ်ပြီး အချို့မှာကား ဘုရားဟောနှင့် သင့်လျော်

www.dhammadownload.com



အောင် စီစဉ်သော, ဆရာတော်ကြီးများက ထည့်သွင်းထားခဲ့သော စကားရပ်များ ဖြစ်လေသည်၊ ဣသိဂိလိသုတ်မှာမူ နတ်ပြဟ္မာတို့၏ အမည်များကို ထုတ်ဖော် ပြသသော မဟာသမယသုတ်နှင့် အလားတူစွာ ပစ္စေကဗုဒ္ဓါတို့၏ အမည်တော်များ ကို ထုတ်ဖော်ကျူးရင့်သော သုတ်ဖြစ်၍ နေ့စဉ် ရွတ်ဖတ်မှုအတွက် အရေးမကြီး လှသောကြောင့် ချန်ထားတော်မူခဲ့ကြလေသည်။

## ပရိတ်ကြီး , ပရိတ်ငယ်

ပရိတ်ကြီးဆိုသဖြင့် ပရိတ်ငယ်လည်း ရှိရဦးမည်ဟု အဓိပ္ပါယ် သက်ရောက် လျက်ရှိ၏။ သို့ဖြစ်၍ ဘိုးတော်ဘုရားလက်ထက်က ပရိတ်ကြီး–ပရိတ်ငယ်ဟု ခွဲခြား သတ်မှတ်မှု ရှိခဲ့လေသည်၊ ထိုသတ်မှတ်ချက်တွင် အမွှမ်းဂါထာတို့၌ 'ပရိတ္တံ တံ ဘဏာမ ဟေ'ပါသော ရတန, မေတ္တ, ခန္ဓ, မောရ, ဝဋ္ဋ, ဓဇဂ္ဂ, အာဋာ နာဋိယ, အင်္ဂုလိမာလသုတ်တို့ကို ပရိတ်ကြီးဟု သတ်မှတ်၍ 'မင်္ဂလံ တံ ဘဏာမ ဟေ၊ ဗောဇ္ဈင်္ဂံ တံ ဘဏာမ ဟေ'ဟု သာပါ၍ 'ပရိတ္တံ'မပါသော မင်္ဂလသုတ်နှင့် ဗောဇ္ဈင်သုတ်တို့ကို ပရိတ်ငယ်ဟု သတ်မှတ်လေသည်။

## ပရိတ်ရွတ်မှု အစဦးအလာ

ပရိတ်ရွတ်ဖတ် နာယူမှုနှင့် ပတ်သက်၍ ယခုအခါ၌ အမျိုးမျိုး ယူဆပြော ဆိုလျက် ရှိကြသည်ကို တွေ့ရ၏။ သို့ရာတွင် ပါဠိတော် အဋ္ဌကထာများ၌ ပရိတ်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ခွင့်ပြုတော်မူခဲ့သည်ကိုလည်းကောင်း၊ ဘုရားရှင် လက်ထက်ကပင် ပရိတ်ရွတ်မှု အလေ့အထ ထင်ရှားရှိခဲ့သည်ကိုလည်းကောင်း အထောက်အထားများစွာ တွေ့ရသောကြောင့် ပရိတ်ကို ဘုရားရှင် ခွင့်ပြု၍ ဘုရားရှင် မျက်မှောက်ခေတ်ကစ၍ပင် ရွတ်ဖတ် ပူဇော်ခဲ့ကြကြောင်း မှတ်သား သင့်ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက်၌လည်း ပရိတ်သည် အရေးကြီးသော ဘာသာရေးလုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်ခဲ့သည်၊ မြန်မာနိုင်ငံ၌ ပုဂံခေတ်ဦးပိုင်းကစ၍ ပရိတ်ရွတ်ဖတ်မှု ရှိခဲ့ကြောင်း ကျောက်စာအထောက်အထား

www.dhammadownload.com



များအရ သိရှိရသည်၊ အင်းဝခေတ်, ကုန်းဘောင်ခေတ်များ အဆက်ဆက်တိုင် ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းသည် ဘုရင်မင်းမြတ်များကိုယ်တိုင် အလေးပြု ဆောင်ရွက်ခဲ့သော ဘာသာရေးကိစ္စ ဖြစ်ရုံသာမက တိုင်းသူပြည်သားတို့ကလည်း အားတက်သရော ဆောင်ရွက်ခဲ့ကြသည်၊ နိုင်ငံတစ်ဝန်းလုံးရှိ မြို့အသီးသီးဝယ် ရပ်ကွက်အလိုက် ပရိတ်အသင်းများဖွဲ့ကာ ပရိတ်တော် အသံမစဲအောင် ရွတ်ဖတ်ခဲ့ကြသည်မှာလည်း ထင်ရှားသော အထောက်အထားပင် ဖြစ်တော့သည်၊ သာမူ–နာမူစသော ကိစ္စကြီးငယ်ရှိသောအခါ၌လည်း သံဃာတော်တို့ကို ပင့်၍ ပရိတ်နာယူရမှ နှစ်သိမ့်အားရခြင်း ရှိကြသည်ဖြစ်ရာ ပရိတ် ရွတ်ဖတ် နာယူမှုသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ ပစ်ပယ်၍ မရစကောင်းသော အာဝေဏိက ဘာသာရေးလုပ်ငန်းကြီးအဖြစ်သို့ ရောက်ရှိနေသည်မှာ အလွန်ပင် ထင်ရှားလျက်ရှိလေသည်၊ ထို့ကြောင့်လည်း ပရိတ်(ပရိတ်ကြီး)သည် မြန်မာနိုင်ငံတွင် လူသိအများဆုံးဖြစ်လျက် ဗုဒ္ဓဘာသာဝင်တို့အား ပါဠိဘာသာနှင့် နီးစပ်မှုရှိအောင် ပေါင်းကူးပေးသော ကျမ်းစာတစ်စောင်အဖြစ် ရပ်တည်လျက်ရှိခြင်း ဖြစ်သည်။

ဤသို့လျှင် ပရိတ်သည် ဘာသာဝင်အပေါင်းတို့၏ ဘေးရန်ကင်းကွာချမ်းသာမှုကိုလည်း ရွက်ဆောင်ခဲ့သည်၊ ဘာသာဝင်တို့အား စိတ်နှလုံး ချမ်းမြေ့မှုကိုလည်း ပေးစွမ်းခဲ့၏၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရစေလျက် အရာရာမှာပင် ရဲရင့်ခြင်းကို ဖြစ်စေခဲ့သည်၊ ဤမျှ ကျေးဇူးပြုလျက်ရှိသည့် အဖိုးမဖြတ်နိုင်သော ဘာသာရေးအမွေ, ယဉ်ကျေးမှုအမွေကြီးတစ်ခုကို အဘယ်မည်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် စွန့်ပယ်သင့်ပါတော့မည်နည်း။

## ပရိတ်အကျိုးရအောင် ဆောင်ရွက်နည်း

ပရိတ်သည် အတန်တန်သော ဘေးရန် အန္တရာယ်တို့ကို ကာကွယ်တားဆီးနိုင်သည် ဆိုသော်လည်း ပရိတ် ရွတ်ဖတ်, နာယူ နည်းမကျပါက အကျိုးရမည် မဟုတ်ချေ၊ ဆေးဝါးဟူသည် ရောဂါကို ပယ်ဖျောက်ရန် စီမံထားသော ပစ္စည်း ဖြစ်၍ ဆိုင်ရာရောဂါကို ပျောက်စေနိုင်သည် မှန်သော်လည်း အညွှန်းအတိုင်း မလိုက်နာဘဲ သုံးစွဲခဲ့လျှင်ကား ဆေးအကျိုးကို ခံစားရမည် မဟုတ်ပေ၊

www.dhammadownload.com



ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ် နာယူသူတို့၏ ဘေးရန် ကင်းကွာရေး အတွက် ဟောကြားထားသော တရားများဖြစ်သော်လည်း ရွတ်ဖတ်, နာယူရာ၌ ဆိုင်ရာ ညွှန်ကြားချက်တို့ကို မလိုက်နာလျှင်ကား လိုအပ်သောအကျိုးကို ရနိုင်မည် မဟုတ်ပေ။

ယင်းညွှန်ကြားချက်တို့ကား ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါ(၃)ပါး နှင့် ပရိတ်နာသူတို့ ပြည့်စုံမည့် အင်္ဂါ(၃)ပါးတို့ပင် ဖြစ်လေသည်။

**ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါ(၃)ပါး**

(၁) အနက်သဒ္ဒါ ချွတ်ယွင်းခြင်း၊ ပုဒ်ဗျည်းများ ယုတ်လျော့ခြင်း မရှိစေရန် ပြည့်စုံအောင် လေ့လာ သင်ယူထားခြင်း၊

(၂) ကောင်းစွာ လေ့လာ သင်ယူထား၍ အကျအလျော့မရှိဘဲ အနက်သဒ္ဒါကို မှန်ကန်အောင် ရွတ်ဆိုရခြင်း၊

(၃) လာဘ်လာဘကို မငဲ့၊ မေတ္တာရှေ့သွားပြု၍ ရွတ်ဆိုခြင်း၊

ဤသို့ ပရိတ်ရွတ်သူ၌ အင်္ဂါ(၃)ပါး ပြည့်စုံမှသာ ရွတ်ဆိုသော ပရိတ်သည် တန်ခိုးရှိ၍ အကျိုးပြီးစေသည်။

**ပရိတ်နာသူ၌ ပြည့်စုံရမည့် အင်္ဂါ(၃)ပါး**

(၁) ပဉ္စာနန္တရိယကံ မရှိခြင်း၊

(၂) နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း၊

(၃) ပရိတ်တန်ခိုးကို ယုံကြည်ခြင်း၊

✦ **ပဉ္စာနန္တရိယ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာသူကြုံ၊ ကျိုးဂုဏ်မရတတ်။**

အထက်ဖော်ပြပါ ညွှန်ကြားချက်များကို လိုက်နာ ကျင့်သုံးခြင်းအားဖြင့် ဗုဒ္ဓမန္တန်မည်သော ပရိတ်ကြီး ပါဠိတော်တို့သည် သက်တော်ထင်ရှား ဘုရားရှင် လက်ထက်မှစ၍ ယခုအချိန်အထိ ဗုဒ္ဓဘာသာဝင် ရှင်လူအားလုံးတို့၏ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ် ကိုးကွယ်ကျင့်ကြံရသော တရားအဆီအနှစ် ဓမ္မကွန်တော်

www.dhammadownload.com



ဖြစ်သည့် အားလျော်စွာ မျက်မှောက်ဘဝ၌ပင် မကောင်းသော တစ္ဆေ၊ ပြိတ္တာ၊ မြေဘုတ်ဘီလူးဘေးစသော ဘေးအဖြာဖြာတို့မှလည်းကောင်း၊ ရောဂါအမျိုးမျိုးနှင့်တကွ ကြောက်မက်စဖွယ် အန္တရာယ်အသွယ်သွယ်တို့မှလည်းကောင်း အံ့သြဖွယ်ရာ ကင်းလွတ်ရခြင်းအကျိုးကို ခံစားရခြင်းများအပြင် နောင်တမလွန်အတွက်လည်း နိဗ္ဗာန်တိုင်အောင်သော အကျိုးကို ရရှိစေနိုင်ပေသည်။

**စနစ်တကျ ရွတ်ဖတ် နာယူ ပူဇော်ကြပါစို့**

ပရိတ်ရွတ်ခြင်းအလေ့သည် မြန်မာနိုင်ငံ၌သာ ရှိသည်မဟုတ်၊ သီဟိုဠ်–ထိုင်းစသော အခြား ဗုဒ္ဓဘာသာဝင်နိုင်ငံတို့၌လည်း ရှိသည်၊ သီဟိုဠ်ကျွန်း၌မူ ယနေ့တိုင်အောင်ပင် ညဥ့်လုံးပေါက်ရွတ်သော ပရိတ်ပွဲများကို ကျင်းပလေ့ရှိကြ၏၊ ဆိုခဲ့ပြီး နိုင်ငံတို့ဝယ် ပရိတ်ရွတ်ရာ၌ အသံနေ, အသံထား အချီအချ ညီညီညွတ်ညွတ် ရွတ်ကြသဖြင့် သာယာနာပျော်ဖွယ်, ကြည်ညိုဖွယ် ရှိလေသည်၊ မြန်မာနိုင်ငံမှာမူကား များသောအားဖြင့် ပုဒ်, ပါဌ်, အက္ခရာ အဖြတ်အတောက် အချီအချ ညီညွတ်မှုမရှိဘဲ မိမိတို့ ငယ်စဉ်က သင်အံခဲ့ရသည့်အတိုင်း ရွတ်လေ့ရှိကြရာ နာယူသူတို့အဖို့ ကြည်ညိုဖွယ် ဖြစ်သင့်သလောက် မဖြစ်ဘဲ ရှိရလေသည်။

သို့ဖြစ်၍ ဤအဖြစ်ကို လိုလားတော်မမူကြသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိသုဒ္ဓ အမှူးရှိသည့် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံး နေထိုင်လျက်ရှိကြသော ဆဋ္ဌသင်္ဂါယနာ ပဋ္ဌိဝိသောဓကဆရာတော်တို့သည် ရှေးဦးစွာ ဇမ္ဗူဒီပကျောင်းဆောင်၌ ညီညာစွာ ဖြတ်တောက်လျက် စမ်းသပ် ရွတ်ဆိုပြီးမှ ထိုရွတ်ဆိုသည့်အတိုင်း တစ်ကြောင်းလျှင် တစ်ကြိမ်ကျ ဖြတ်တောက်လျက် ပရိတ်ကြီးပါဠိတော်ကို ပြင်ဆင်တော်မူကြပြီး ဗုဒ္ဓသာသနာအဖွဲ့အား "ပရိတ္တပါဠိ" အမည်ဖြင့် ရိုက်နှိပ်ထုတ်ဝေစေခဲ့ကြသည်၊ ယင်း ပရိတ္တပါဠိအတိုင်းပင် ဇမ္ဗူဒီပကျောင်းဆောင်၌ ညစဉ်ညတိုင်း ရွတ်ဖတ်တော်မူကြလျက်ရှိပါသည်၊ တစ်နိုင်ငံလုံးရှိ လူ, ရှင်, ရဟန်းတို့လည်း အလားတူစွာပင် အဆိုပါ ပရိတ္တပါဠိစာအုပ်ကို လက်စွဲပြုလျက် ပရိတ်ကို ညီညီညာညာ သာယာနာပျော်ဖွယ်ဖြစ်အောင် ရွတ်ဆိုကြရန် အာသီသထားကြလေသည်။

www.dhammadownload.com



၎င်းအပြင် ပရိတ်ကြီးပါဠိတော်ကို ရွတ်ဖတ် ပူဇော်တတ်ရုံမက ပရိတ္တပါဠိ (ပရိတ်ကြီးပါဠိတော်)၏ အနက်အဓိပ္ပါယ်ကို ပြည့်ပြည့်ဝဝ ဖတ်ရှု နားလည်ကြစေလိုသော စေတနာကြောင့် ပရိတ်ကြီး နိဿယကို သံလျင်မြို့နယ်၊ သပြေကန်ရွာ၊ မဟာဓမ္မိကာရာမတိုက်(ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သီရိပဝရဓမ္မာစရိယ သိရောမဏိဘွဲ့ရ) ကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသမှ ရေးသားခဲ့သည်။

သို့ဖြစ်ပါ၍ ကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင်၏ နှုတ်တော်ထွက် ဗုဒ္ဓ မန္တန် ပရိတ်တော်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များအားလုံး ပါဠိတော်နှင့်တကွ အနက်အဓိပ္ပါယ်များကို သိရှိ၍ ဌာန်, ကရိုဏ်းကျ သာယာနာပျော်ဖွယ်ဖြစ်စေရန် ရွတ်ဖတ် ပူဇော်နိုင်စေလိုသော သံဃာတော် ဆရာအရှင်မြတ်များ၏ အာသီသ ဆန္ဒတော်ကို ကျေးဇူးတုံ့ဆပ် ပူဇော်သည့်အနေဖြင့် ဤ**အခြေခံပရိတ်တော် ကျင့်စဉ်သင်တန်း**တွင် ပရိတ်ကြီးပါဠိတော်နှင့် ပရိတ်ကြီးနိဿယကို ရိုသေစွာ နည်းနာခံယူလျက် မြတ်ဗုဒ္ဓသာသနာတော်အတွက် အုတ်တစ်ချပ်, သဲတစ်ပွင့်ပမာ နိုင်ရာတာဝန်ထမ်းကာ လက်ဆင့်ကမ်း ဓမ္မဒါန ပြုအပ်ပါသည်။

"ရတနာမြတ်သုံးပါး၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းကို ဦးထိပ်ပန်ဆင်လျက်" –

သင်တန်းမှူး

ဓမ္မဗျူဟာ – ဒေါ်ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)
ဓမ္မဗျူဟာသာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း – ၃၈၀၈၈၀၊ ၅၄၆၉၉၇)

www.dhammadownload.com



## ပါဠိဖတ်နည်း (အကျဉ်းချုပ်)

### ၁ နှစ်လုံးဆင့်လျှင်၊ အထက်တွင်၊ သတ်ပင် မြဲကေန်။

နှစ်လုံးဆင့်ခါသော ပါဠိဆင့်စာလုံးတို့ကိုတွေ့လျှင် အထက်က စာလုံး၌ အသတ်ထည့်ပေးပါ။

| | | | | |
|---|---|---|---|---|
| | က္က | = က်က | – စက္ကဝါဠေသု | = စက်ကဝါဠေသု |
| | က္ခ | = က်ခ | – ဒုဗ္ဘိက္ခ | = ဒုဗ်ဘိက်ခ |
| | ဂ္ဂ | = ဂ်ဂ | – အဂ္ဂိတော | = အဂ်ဂိတော |
| | စ္စ | = စ်စ | – ပစ္စတ္တံ | = ပစ်စတ်တံ |
| | စ္ဆ | = စ်ဆ | – ဂစ္ဆန္တု | = ဂစ်ဆန်တု |
| | ဇ္ဇ | = ဇ်ဇ | – အနဝဇ္ဇာနိ | = အနဝဇ်ဇာနိ |
| | ဉ္ဇ | = ဉ်ဇ | – ဗျဉ္ဇနာရော | = ဗျဉ်ဇနာရော |
| * | ည | = ဉ်ဉ | – အညတရာ | = အဉ်ဉတရာ |
| * | ဿ | = သ်သ | – မနဿာ | = မနသ်သာ |
| * | ဋ္ဌ | = ဋ်ဌ(တ်ထ) | – အဋ္ဌာသိ | = အတ်ထာသိ |
| * | ဇ္ဈ | = ဇ်ဈ | – အဇ္ဈာဘာသိ | = အဇ်ဈာဘာသိ |
| * | ဍ္ဎ | = ဍ်ဎ | = ဒ္ဓ = ဒ်ဓ– ဝဍ္ဎန္တိ= ဝဒ္ဓန္တိ | = ဝဒ်ဓန်တိ |
| * | ဍ္ဍ | = ဍ်ဍ | = ယဍ္ဍိ | = ယဍ်ဍိ |
| * | ဏှ | = ဏ်ဏှ | = ဂဏှန္တု | = ဂဏ်ဏှန်တု |
| * | မှ | = မ်မှ | = အမှေဟိ/ သာသနမှိ | = အမ်မှေဟိ/သာသနမ်မှိ |
| * | ယှ | = ယ်ယှ | = ဝိဂယှ | = ဝိဂယ်ယှ |
| * | ဠှ | = လ်လှ | = ဝိရူဠှကော | = ဝိရူလ်လှကော |
| | ယျ | = န်ယ | = နိယျာနိကံ | = နိန်ယာနိကံ |
| | | ယ | = ဒက္ခိဏေယျာ | = ဒက်ခိဏေယာ |
| | | | ဂဗ္ဘသေယျ | = ဂဗ်ဘသေယ |
| | သ္မ | = သ်သမ | = အာယသ္မာ | = အာယသ်သမာ |

www.dhammadownload.com



| | | | |
|---|---|---|---|
| တွာ = | တ်တဝါ | = ကတွာန | = ကတ်တွာန |
| တြ = | တ်တရ | = အတြ | = အတ်တရ |
| ဒြ = | ဒ်ဒရ | = ဘဒြာနိ | = ဘဒ်ဒရာနိ |

<u>မှတ်ချက်–</u>

ပါဠိဘာသာ၌ ...

(၁) **"ပ"ကို "ပ"ဟုသာ အသံထွက်ရသည်။ ပြ၊ ပျဟု မည်သည့်အခါမှ မထွက်ရ။**

(ဥပမာ– ပစ္စတ္တံ= ပစ်စတ်တံ– ဟုသာ၊ ပြစ်(ပျစ်)စတ်တံဟု အသံမထွက်ရ)

(၂) **"ဗ"ကို "ဗ"ဟုသာ၊ ဗြ၊ ဗျ–ဟု အသံမထွက်ရ။**

(သဗ္ဗညုတ = သဗ်ဗဉ်ဉုတ* ၊ သဗ်ဗြဉ်(ဗျဉ်)ဉုတ X)

(၃) **"မ"ကို "မ"ဟုသာ၊ မြ၊ မျ–ဟု အသံမထွက်ရ။**

(နာတိမဉ္ဇေထ = နာတိမဉ်ဇေထ* ၊
= နာတိမြဉ်(မျဉ်)ဇေထ X)

(၄) **"ယ"ကို "ယ"–ဟုသာ၊**

(၅) **"ရ"ကိုမူ အင်္ဂလိပ်အက္ခရာ "R"နှင့်တူစွာ လျှာလိပ်သံဖြင့် အမြဲဖတ်ရမည်၊ "ယ"ဟု မည်သည့်အခါမှ မဖတ်ရ။**

(ရတနံ = ရတနံ* = ယတနံ X )

## ❷ သဝေလည်းထိုး၊ တ သတ်မျိုး၊ ဖတ်ရိုး စ သတ်သံ။

သဝေထိုးလည်းပါ၊ တ–သတ်လည်းပါသော စာလုံးမျိုးတွင် အသံထွက်သောအခါ စ သတ်အသံဖြင့် ဖတ်ပါ။

( ဥပမာ– ခေတ္တ = ခစ်တ၊ မေတ္တ = မစ်တ)

www.dhammadownload.com



❸ **သဝေလည်းထိုး၊ န–သတ်မျိုး၊ ဖတ်ရိုး င–သတ်သံ။**

သဝေထိုးလည်းပါ၊ န–သတ်လည်းပါလျှင် င–သတ်သံဖြင့် အသံထွက်ပါ။
(ဥပမာ– ဒသေန္တိ = ဒသ်သင်တိ၊ ပူရေန္တံ = ပူရင်တံ)

❹ **သဝေ– ရေးချ၊ သတ်မြင်က၊ ဖတ်ကြ ဝ–ဆွဲသံ။**

သဝေထိုးလည်းပါ၊ ရေးချလည်းပါ၊ အ–သတ်တစ်ခုလည်း ပါနေပါက ဝ–ဆွဲသံဖြင့် ဖတ်ပါ။
(ဥပမာ– သောတ္ထိ = သွတ်ထိ၊ ဟောန္တု= ဟွန်တု)

**မှတ်ချက်။** ပါဠိ၌ ဝစ္စပေါက် လုံးဝ မရှိပါ၊ ဝစ္စပေါက် မရှိသဖြင့် ထည့်မဖတ်ဖြစ်အောင် သတိဖြင့် ရှောင်ပါ၊ အက္ခရာတို့ကို မှန်ကန်အောင် ဖတ်ခြင်းသည် သာသနာတော် တည်တံ့ကြောင်းဖြစ်ပြီး မှားယွင်းအောင် ဖတ်ခြင်းသည် သာသနာတော် ပျက်စီးကြောင်းဖြစ်သဖြင့် သာသနာတော် တည်တံ့စေရန် ကြိုးစားပြုပြင်ကြစေလိုပါသည်။

www.dhammadownload.com

# ပရိတ်ကြီးပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နတ်ပင့်

(၁) သမန္တာ စက္ကဝါဠေသု၊ အတြာ’ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

(၁) ဤစကြဝဠာ၏ ပတ်ဝန်းကျင် စကြဝဠာ တစ်သောင်းရှိ နတ်၊ ဗြဟ္မာတို့သည် ဤပရိတ်တရား ဟောကြားရာဌာနသို့ လာရောက်ကြကုန်လော့၊ မြတ်စွာဘုရား၏ နတ်ပြည်နိဗ္ဗာန်အကျိုးကို ပေးတတ်သော ပရိတ်တရားကို နာယူလှည့်ကြပါကုန်လော့။

(၂) ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

(၂) အို နတ်အများတို့၊ ယခုအချိန်ကား တရားနာဖို့ရာ အချိန်အခါ ဖြစ်သည်။

## ဘုရားရှိခိုး

(၃) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) ဗြဟ္မာ, နတ်, လူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်၍ ဆရာ, မရှိ တရားအလုံးစုံကို အမှန်အတိုင်း သိတော်မူသော ဘုန်းခြောက်ပါးသခင် ရှင်တော်မြတ်ဘုရားအား ရှိခိုးကန်တော့ပါ၏။

(၄) ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ, ဧတ္ထ လောကန္တရေ ဝါ၊
ဘုမ္မာဘုမ္မာ စ ဒေဝါ, ဂုဏဂဏ ဂဟဏ, ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ, မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိဝရဝစနံ, သောတုမဂ္ဂံ သမဂ္ဂါ။

www.dhammadownload.com



(၄) သူတော်ကောင်းဖြစ်၍ ငြိမ်သက်သော စိတ်နှလုံးရှိကြသော ရတနာသုံးပါး ကိုးကွယ်သူ, ဂုဏ်အပေါင်းကို ရယူရေး၌ အားစိုက်ကြိုးပမ်းသူ ဖြစ်ကြသော ဤစကြဝဠာနှင့် စကြဝဠာတစ်ပါးရှိ မြေ၌ တည်သောနတ်, ကောင်းကင်၌ တည်သော နတ်, ပြဟ္မာတို့သည်လည်းကောင်း၊ ကောင်းမြတ်သော ရွှေစင်အတိပြီးသော မြင်းမိုရ်တောင်မင်း၌နေသော သိကြားမင်း သူတော်ကောင်းသည်လည်းကောင်း နှစ်သက် ဝမ်းမြောက်ရခြင်း၏အကြောင်း ကောင်းမြတ်သော ဘုရား တရားတော်တို့ကို နာယူဖို့ရာ အညီအညွတ် လာရောက်ကြပါကုန်လော့။

**(၅) သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။**
**ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။**

**(၆) သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။**
**ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။**

(၅–၆) စကြဝဠာ တစ်သောင်းလုံးရှိ ဘီလူး, နတ်, ပြဟ္မာမှန်သမျှတို့သည် ငါတို့ပြုသည့် ကောင်းမှုကို ဝမ်းမြောက်ကြပြီးလျှင် ညီညာဖြဖြ ဘုရားအဆုံးအမတော်၌ နှစ်ခြိုက် မွေ့လျော်ကြပါကုန်လော့၊ အထူးအားဖြင့် လူသားတို့အပေါ်ဝယ် ကာကွယ် စောင့်ရှောက်ရေးတို့၌ မမေ့မလျော့ကြပါလေနှင့်။

**(၇) သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။**
**သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။**

(၇) သာသနာတော်သည်လည်းကောင်း၊ သတ္တဝါအပေါင်းသည်လည်းကောင်း အမြဲတိုးတက် ကြီးပွားပါစေ၊ သာသနာနှင့် လောကကို နတ်များ အစဉ်စောင့်ရှောက်ကြပါစေ။

**(၈) သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။**
**အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။**

(၈) သတ္တဝါခပ်သိမ်းတို့သည် မိမိတို့ ခြွေရံသင်းပင်းများနှင့်အတူ ချမ်းသာကြပါစေ၊ အလုံးစုံသော ဆွေမျိုးတို့နှင့်အတူ ဆင်းရဲကင်းကာ စိတ်ချမ်းသာကြ

www.dhammadownload.com



ပါစေ။

(၉) ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ
အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

(၉) မင်းဆိုးတို့မှလည်းကောင်း၊ ခိုးသူတို့မှလည်းကောင်း၊ လူဆိုးတို့မှလည်းကောင်း၊ ဘီလူး, နတ်ဆိုးတို့မှလည်းကောင်း၊ အဖျက်မီးတို့မှလည်းကောင်း၊ အဖျက်ရေတို့မှလည်းကောင်း၊ မြေဘုတ်ဘီလူးတို့မှလည်းကောင်း၊ သစ်ငုတ်ခလုတ်တို့မှလည်းကောင်း၊ ဆူးငြောင့်တို့မှလည်းကောင်း၊ မကောင်းသော နက္ခတ်တို့မှလည်းကောင်း၊ ဇနပုဒ်၌ဖြစ်သော ရောဂါဆိုးတို့မှ လည်းကောင်း၊ မသူတော်တို့၏ အကျင့်တရားတို့မှလည်းကောင်း၊ မှားသော အယူတို့မှလည်းကောင်း၊ သူယုတ်မာတို့မှလည်းကောင်း၊ ကြမ်းတမ်းသော ဆင်, မြင်း, သားရဲ, နွား, ခွေး, မြွေ, ကင်းမြီးကောက်, မြွေစိမ်း, သစ်, ဝံ, အောင်း, ဝက်, ကျွဲ, ဘီလူး, ရက္ခိုသ်အစ ရှိသည်တို့မှလည်းကောင်း၊ ဘေးအမျိုးမျိုးတို့မှလည်းကောင်း၊ ရောဂါအမျိုးမျိုးတို့မှ လည်းကောင်း၊ အန္တရာယ်အမျိုးမျိုးတို့မှလည်းကောင်း ကာကွယ်စောင့်ရှောက်မှုကို ယူကြကုန်လော့။

www.dhammadownload.com



## နတ်ပင့်ခြင်း

ပရိတ်တော် ဗုဒ္ဓမန္တန်များ မရွတ်ဖတ်မီ ဦးစွာ သာသနာတော်စောင့်နတ်များကို ပင့်ဖိတ်ရလေသည်၊ ဤကဲ့သို့ ပင့်ဖိတ်၍ ရွတ်ဖတ်ခြင်းကြောင့် ဒါနမှု, သီလမှု, ဘာဝနာမှုများကို လူသားများကဲ့သို့ ပိုင်ပိုင်နိုင်နိုင် အားမထုတ်နိုင်ရှာကြသော နတ်ဒေဝါများသည် ကြားရာ, သိရာ အရပ်က လာရောက်၍ ပရိတ်ဒေသနာကို နာကြားခွင့်ရကြလေသည်၊ သာသနာတော် အဓွန့်ရှည်ရေးအတွက် မိမိတို့ နတ်ဘဝမှ တတ်နိုင်သမျှ ကူညီ ပိုင်းဝန်း ပြုစုကြပေသည်။

ထိုနတ်ဒေဝါများ၏ ကုသလကမ္မ– ကောင်းကျိုးပြု လုပ်ငန်းမှန်သမျှ မိမိတို့က ဖိတ်ကြားရွတ်ဖတ်ပေးသော ဗုဒ္ဓမန္တန်ခေါ် ပရိတ်တော်များက အကြောင်းခံသည်ဖြစ်ရာ ''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ''ဟူသော ပါဠိတော်အရ ပရိတ်မန္တန်တော် ရွတ်ဖတ်သူတို့၏ အမွန်မြတ်ဆုံး အသာလွန်ဆုံးသော ဓမ္မဒါနတရားကြီး ဖြစ်ပေသည်။

ထိုအကျိုးတရားကို ရရှိသော နတ်ဒေဝါများမှာလည်း ရွတ်ဖတ်သူ မိမိတို့ အပေါ်၌ ကြည်ညိုစိတ်, ခင်မင်စိတ်, လေးစားစိတ်များ ဖြစ်ပွား ပေါ်ပေါက်လာကာ ကျေးဇူးတင်ရှိစွာဖြင့် ဘေးအန္တရာယ်ကင်းအောင် လိုရာဆန္ဒ ပြည့်ဝအောင် စောင်မကြည့်ရှုကြမည်မှာ မလွဲမသွေ ဖြစ်သဖြင့် ပရိတ်မရွတ်မီမှာ နတ်ပင့် နတ်ဖိတ် ပြုခဲ့ခြင်း ဖြစ်ပေသည်။




www.dhammadownload.com



## မင်္ဂလသုတ်တော်(အဋ္ဌုပ္ပတ္တိ)နိဒါန်း

ရှေးခေတ်အခါ ဇမ္ဗူဒိပ်ကျွန်းသား လူအများတို့သည် မိမိတို့မြို့ရွာ ဇရပ် လမ်းမစသော အရပ်တို့၌ ရာမဇာတ်စသော ဒဏ္ဍာရီပုံပြင် ဟောပြောပွဲသဘင် များကို ဆင်ယင် ကျင်းပ ပြုလုပ်လေ့ ရှိခဲ့ကြပါသည်၊ တစ်ခါ ဟောပြောပွဲပြု လုပ်လျှင်လည်း အနည်းဆုံး လေးလကြာမှ ပြီးလေ့ရှိကြ၏၊ တစ်နေ့သ၌ ထို ဟောပြောပွဲသဘင်တွင် ''မင်္ဂလာဆိုတာ ဘာလဲ၊ မင်္ဂလာကို ဘယ်သူ သိသလဲ' ဆိုသော ပြဿနာတစ်ချက် ပေါ်ထွက်ခဲ့၏၊ ထိုအခါ **ဒိဋ္ဌမင်္ဂလိက** ဆိုသူက–

''မင်္ဂလာဆိုတာ ကျွန်ုပ် သိပါသည်၊ မင်္ဂလာဟူသည် မျက်စိဖြင့် မြင် ရာတွင် ကျက်သရေမင်္ဂလာရှိ၍ နိမိတ်ကောင်းသော ရူပါရုံပင် ဖြစ်ပါသည်၊ ဥပမာအားဖြင့် နံနက် အိပ်ရာထအချိန်တွင် စတင် တွေ့မြင်ရသော ကိုယ်ဝန် ဆောင် မိန်းမ, ရေပြည့်အိုး, နွားလားဥသဘစသော ရူပါရုံတို့ကို မြင်ရခြင်းသည် မင်္ဂလာ ဖြစ်ပါသည်''ဟု ဆို၏၊ သူတချို့က ကျေနပ် လက်ခံကြသည်၊ သူတချို့ က ကန့်ကွက်ကြ၏၊ လက်ခံသူနှင့် ကန့်ကွက်သူ အချင်းချင်းများလည်း အငြင်းပွား ကြပြန်၏၊ ထိုအခါ **သုတမင်္ဂလိက** ဆိုသူကလည်း–

''အမောင်တို့၊ မျက်စိဖြင့် မြင်ရတာကို မင်္ဂလာဟု မဆိုနိုင်ပါ၊ မျက်စိ ဟူသည် သင့်,မသင့် ကောင်း,မကောင်း၊ သောင်းပြောင်းထွေလာ ရူပါရုံဟူသမျှ ကို မြင်တတ်ပါသည်၊ ဤသို့ဆိုလျှင် အားလုံးပင် မင်္ဂလာတွေ ဖြစ်လာနိုင်ပါသည်၊ အမှန်စင်စစ် မင်္ဂလာဟူသည် မျက်စိအမြင် ရူပါရုံ မဟုတ်ပါ၊ နားအကြား သဒ္ဒါရုံ သာလျှင် ဖြစ်ပါသည်၊ ဥပမာအားဖြင့် နံနက် အိပ်ရာထချိန်၌ ကြားသိရသော တိုးတက်သည်, ကြီးပွားသည်, ယနေ့ နေ့ကောင်းရက်သာ ဖြစ်သည်၊ နက္ခတ် ကောင်းသည် စသော သတင်းစကား နားကျက်သရေရှိသော ပြောဆိုသံ သဒ္ဒါရုံ များသာ မင်္ဂလာဖြစ်ပါသည်''ဟု ပထမအဆိုရှင်အား ကန့်ကွက်ပြောဆိုပြန်၏၊ ထိုအခါ၌လည်း ကန့်ကွက်သူက ကန့်ကွက်၍ လက်ခံသူကလည်း လက်ခံသဖြင့် အချင်းချင်း ငြင်းခုံကြပြန်လေသည်၊ ထိုအခါ **မုတမင်္ဂလိက** ဆိုသူကလည်း ...

www.dhammadownload.com



နေရာမှထ၍ ''အမောင်တို့ အမြင်နှင့် အကြားတို့သည် မင်္ဂလာတရားဟု မဆိုနိုင်ပါ၊ သင့်,မသင့်၊ ကောင်း,မကောင်း သောင်းပြောင်းထွေလာ မြင်ကြားတတ်ပါသဖြင့် မင်္ဂလာတရားတွေ မီးခိုးမဆုံး မိုးမဆုံး အကုန်ဖြစ်ပေါ်လာဖွယ် ရှိပါသည်၊ မင်္ဂလာဟူသည် အမြင်နှင့် အကြား မဟုတ်ပါ၊ ကောင်းသော အတွေ့အထိ(မုတ)သာလျှင် မင်္ဂလာဖြစ်ပါသည်၊ ဥပမာအားဖြင့် နံနက်အိပ်ရာမှ ထချိန်၌ မွှေးကြိုင်သော ပန်းနံ့သာ စသော ကောင်းသောအနံ့ ဂန္ဓာရုံကို ရှူလိုက်ရခြင်း၊ အရသာရှိသော ကောင်းသော အစားအစာ ရသာရုံကို စားသောက်ရခြင်း၊ နူးညံ့သိမ်မွေ့သော ကောင်းသော အဝတ်တန်ဆာ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိရခြင်းများသည်သာလျှင် မင်္ဂလာမည်ပါသည်''ဟု ရှေးနှစ်ဦး ပြောသောစကားများကို ကန့်ကွက်ပြောဆိုပြန်လေသည်၊ ထိုအခါ၌လည်း လက်ခံ၊ ကန့်ကွက် ဆက်လက်၍ ငြင်းခုံကြပြန်၏၊ ဤသို့လျှင် အချင်းချင်း အစေးမကပ် ရုံးစု ရုံးစုနှင့် အုပ်စုသုံးခု ကွဲခဲ့ကြ၏။

မင်္ဂလာဆိုတာ ဘာလဲဟူသော ပြဿနာသည်လည်း လိပ်ခဲတည်းလည်း မပြီးမပြေ မရေမရာ မသေချာဘဲ ''မင်္ဂလာဆိုတာ အမြင်တရားတဲ့၊ အကြားသဘောတဲ့၊ အတွေ့ရော မင်္ဂလာဆိုပဲ''ဟူသော ကောလာဟလ သတင်းစကားသည် လူသားမှ နတ်များ, နတ်များမှ ဗြဟ္မာ, စကြဝဠာ ကမ္ဘာအနှံ့အပြား ပျံ့တက်၍ ထွက်ပေါ်သွားလေ၏၊ မရေမရာမတိကျသော ဤ ကောလာဟလသတင်းစကားသည် ၁၂–နှစ်ပင် ကြာသော်လည်း အဘယ်မည်သော လူ, နတ်, ဗြဟ္မာ သတ္တဝါ တစ်ဦးတလေမျှ အထူးပြေလည် မှန်ကန်အောင် မဖြေဆို မကြံဆနိုင်ကြပေ၊ ၁၂–နှစ် လွန်မြောက်သောအခါ တာဝတိံသာနတ်တို့သည် အစည်းအဝေးပြုလုပ်၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ အခြံအရံများစွာဖြင့် စံစားကာနေသော နတ်တို့သနင်း သိကြားမင်းထံ သွားရောက်၍ လျှောက်တင်ကြ၏၊ ဤပြဿနာနှင့် ပတ်သက်၍ အဖြေသုံးခု အုပ်စုသုံးသွယ် တဝဲလည်လည် ဖြစ်ပုံခြားနား ကွဲပြားနေသည်ကိုလည်း လျှောက်ထားတင်ကာ ဤပြဿနာကို သေချာကျနု အမှန်ရအောင် ဖြေရှင်းပေးပါဟုလည်း ပြောဆိုကြ၏။

www.dhammadownload.com



ထိုအခါ သိကြားမင်းက ဤပြဿနာသည် အဘယ် နေရာဌာနက စတင် ပေါ်ခဲ့သနည်းဟု မေးသောအခါ စာတုမဟာရာဇ်နတ်များထံမှ ကြားသိရကြောင်း ပြောဆိုကြ၏။ ပြဿနာဖြစ်ပေါ်ရင်း နေရာဌာနကို သေချာကျန လိုက်၍ စိစစ် ကြသောအခါ စာတုမဟာရာဇ်မှ အာကာသစိုး, ၎င်းမှ ဘုမ္မစိုး, ၎င်းမှ လူတို့၏ ကိုယ်စောင့်နတ်များ, ၎င်းမှတစ်ဆင့် ပင်ရင်းဖြစ်သော လူ့ပြည် လူသားများမှ စတင်ခဲ့ကြောင်း သိရှိ ပြောဆိုကြသောအခါ သိကြားမင်းသည် "ဘုရားရှင် ယခုအခါ ဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း"ဟုမေး၍ "လူ့ပြည်၌ သီတင်းသုံးလျက်ရှိပါသည်"ဟု ဆိုကြ၏။ "အမောင်တို့ မီးကိုပစ်၍ ပိုးစုန်းကြူးကို မီးရှူးတန်ဆောင်အဖြစ် အဘယ့်ကြောင့် ယူဆောင် ထွန်းညှိလိုကြသနည်း"ဟု ဆိုကာ နတ်သားတစ်ယောက်ကို ဘုရားရှင်ထံမှောက်သို့ သွားရောက် လျှောက် ထား မေးမြန်းရန် စေခိုင်းလိုက်၏။

ထိုနတ်သားလည်း အခြံအရံများနှင့်တကွ မိုးသောက်ယံကာလ၌ လူ့ပြည် သို့ သက်ဆင်းကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်တစ်ခုလုံးကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ဖုံးအုပ် ထွန်းလင်းစေ၍ သင့်တင့် လျောက်ပတ်သောအရပ်မှာ ရပ်တည် လျက် မြတ်စွာဘုရားအား ရှိခိုးကန်တော့ကာ "ဗဟူ ဒေဝါ မနုဿာစ" အစရှိသော ဂါထာဖြင့် မေးမြန်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် နတ်သား၏ လျှောက်ထားသော စကားကို ကြား၍ "အသေဝနာ စ ဗာလာနံ" အစရှိသော ၁၁-ဂါထာဖြင့် မင်္ဂလသုတ်တရားတော် သရုပ်သကန် အဟုတ်အမှန်ကို ထုတ်ပြန် ဟောကြားတော်မူလေ၏။ ဒေသနာတော် ပြီးဆုံးသောအခါ ကုဋေတစ်သိန်းသော နတ်ပြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ အောက်မဂ်သုံးပါး တရား အထူးကို ရသူတို့ကား မရေမတွက်နိုင်အောင် များပြားလှလေသတည်း။

**မင်္ဂလသုတ်တော်(အဋ္ဌုပ္ပတ္တိ)နိဒါန်းပြီး၏။**

www.dhammadownload.com



# ၁။ မင်္ဂလသုတ်တော်

## မင်္ဂလာအမွှန်း

(၁) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

(၂) ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

(၁-၂) အို သူတော်ကောင်းတို့ နတ်,လူတို့သည် အကြင်မင်္ဂလာကို တစ်ဆယ့်နှစ်နှစ်တိုင်အောင် ကြံဆခဲ့ကြ၏၊ ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော ထိုမင်္ဂလာကို မသိနိုင်ဘဲ ရှိကြ၏၊ နတ်တို့ထက်နတ် ဘုရားမြတ်သည် မကောင်းမှု မှန်သမျှ ပယ်ဖျောက်တတ်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို တစ်လောကလုံး၏ အကျိုးစီးပွားအလို့ငှာ ဟောတော်မူခဲ့၏၊ ထိုသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ငါတို့ ရွတ်ဆိုကြကုန်စို့။

## မင်္ဂလာနိဒါန်း

(၃) ဧဝံ မေ သုတံ -
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

(၃) အရှင်မဟာကဿပ- တပည့်တော် ဤသို့ နာကြားခဲ့ဖူးပါသည်၊ အခါတစ်ပါး ဘုရားမြတ်စွာသည် သာဝတ္ထိနေပြည်တော်ဝယ် အနာထပိဏ်သူဌေး၏

www.dhammadownload.com



ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်၊ ထိုအခါ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ယောက်သည် ညဥ့်ဦးယံ လွန်ပြီးသော သန်းခေါင်အချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် ပတ်ဝန်းကျင် တစ်ခွင်လုံးကို ထိန်လင်းစေလျက် ဘုရားရှင် ရှိရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်သောနေရာ၌ ရပ်နေပါသည်၊ သင့်လျော်ရာအရပ်၌ ရပ်နေသော ထိုနတ်သားသည် ဘုရားရှင်ကို ဂါထာဖြင့် လျှောက်ထားခဲ့ပါသည်။

**(၄) ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။**
**အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။**

(၄) မြတ်စွာဘုရား– ခုဘဝ နောင်အခါ ချမ်းသာရေးကို လိုလားတောင့်တကြသော နတ်ပြဟ္မာများစွာတို့သည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတို့ကို ကြံတွေး စဉ်းစားခဲ့ကြပါသည်၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြားတော်မူပါဘုရား။

## သုံးဆယ့်ရှစ်ဖြာမင်္ဂလာ

| | | |
|---|---|---|
| ၁။ | **အ,သေဝနာ စ ဗာလာနံ** | – လူမိုက်တို့ကို မပေါင်းခြင်း၊ |
| ၂။ | **ပဏ္ဍိတာနဉ္စ သေဝနာ** | – လူလိမ္မာ ပညာရှိတို့ကို ပေါင်းခြင်း၊ |
| ၃။ | **ပူဇာ စ ပူဇနေယျာနံ** | – ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ |
| | ✹ **ဧတံ မင်္ဂလ' မုတ္တမံ** | – ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။ |
| ၄။ | **ပတိရူပ ဒေသဝါသော စ** | – သင့်တော်သောအရပ်၌ နေခြင်း၊ |
| ၅။ | **ပုဗ္ဗေ စ ကတပုညတာ** | – ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း၊ |
| ၆။ | **အတ္တသမ္မာပဏိဓိ စ** | – မိမိ ကိုယ်, နှုတ်, စိတ်တို့ကို ကောင်းစွာထားခြင်း၊ |
| | ✹ **ဧတံ မင်္ဂလ' မုတ္တမံ** | – ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။ |
| ၇။ | **ဗာဟုသစ္စဉ္စ** | – ကျမ်းစာ အကြားအမြင်များခြင်း၊ |

www.dhammadownload.com



၈။ **သိပ္ပဉ္စ** – လက်မှုပညာတို့ကို တတ်ခြင်း၊
၉။ **ဝိနယော စ သုသိက္ခိတော** – ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာ သင်ခြင်း၊
၁၀။ **သုဘာသိတာစ ယာ ဝါစာ** – စကားကို ကောင်းမွန် ယဉ်ကျေးစွာ ပြောခြင်း၊
✹ **ဧတံ မင်္ဂလ’ မုတ္တမံ** – ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၁၁။ **မာတာပိတု ဥပဋ္ဌာနံ** – မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊
၁၂။ **ပုတ္တဒါရဿ သင်္ဂဟော** – သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက်ခြင်း၊
၁၃။ **အနာကုလာ စ ကမ္မန္တာ** – မရှုပ်ထွေးရအောင် ရှင်းရှင်းအလုပ်လုပ်ခြင်း၊
✹ **ဧတံ မင်္ဂလ’ မုတ္တမံ** – ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၁၄။ **ဒါနဉ္စ** – စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊
၁၅။ **ဓမ္မစရိယာ စ** – သုစရိုက်တရားတို့ကို ကျင့်ခြင်း၊
၁၆။ **ဉာတကာနဉ္စ သင်္ဂဟော** – ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း၊
၁၇။ **အနဝဇ္ဇာနိ ကမ္မာနိ** – အပြစ်မရှိသော အလုပ်တို့ကို လုပ်ခြင်း၊
✹ **ဧတံ မင်္ဂလ’ မုတ္တမံ** – ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၁၈။ **အာရတီ** – မကောင်းမှုမှ စိတ်ဖြင့် ရှောင်ခြင်း၊
၁၉။ **ဝိရတီ ပါပါ** – မကောင်းမှုမှ ကိုယ်နှုတ်ဖြင့် ရှောင်ခြင်း၊
၂၀။ **မဇ္ဇပါနာ စ သံယမော** – သေရည်သေရက် သောက်ခြင်းမှ စောင့်စည်းခြင်း၊
၂၁။ **အပ္ပမာဒေါ စ ဓမ္မေသု** – ကုသိုလ်တရားတို့၌ မမေ့ခြင်း၊
✹ **ဧတံ မင်္ဂလ’ မုတ္တမံ** – ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၂၂။ **ဂါရဝေါ စ** – ရိုသေ လေးစားထိုက်သူကို ရိုသေ လေးစားခြင်း၊

www.dhammadownload.com



၂၃။ နိဝါတော စ – ကိုယ့်ကိုယ်ကို နှိမ်ချခြင်း၊
၂၄။ သန္တုဋ္ဌိ စ – တင်းတိမ်ရောင့်ရဲခြင်း၊
၂၅။ ကတညုတာ – သူ့ကျေးဇူးကို သိတတ်ခြင်း၊
၂၆။ ကာလေန ဓမ္မဿဝနံ – သင့်လျော်သောအခါ တရားနာခြင်း၊
✵ ဧတံ မင်္ဂလ' မုတ္တမံ – ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၂၇။ ခန္တီ စ – အရာရာကို သည်းခံခြင်း၊
၂၈။ သောဝစဿတာ – ပြောဆိုဆုံးမ၍ နားထောင်လွယ်ခြင်း၊
၂၉။ သမဏာနဉ္စ ဒဿနံ – ငြိမ်သက်သော ရဟန်းတော်များကို ဖူးမြင်ရခြင်း၊
၃၀။ ကာလေန ဓမ္မသာကစ္ဆာ – သင့်လျော်သောအခါ တရားဆွေးနွေးခြင်း၊
✵ ဧတံ မင်္ဂလ' မုတ္တမံ – ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၃၁။ တပေါ စ – အကျင့်ကို ကျင့်ခြင်း၊ (မြိုးမြီစွာကျင့်ခြင်း)
၃၂။ ဗြဟ္မစရိယဉ္စ – မေထုန်မှ ရှောင်ခြင်း၊
၃၃။ အရိယသစ္စာန ဒဿနံ – အရိယသစ္စာကို မြင်ခြင်း၊
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ – နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
✵ ဧတံ မင်္ဂလ' မုတ္တမံ – ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ – လောကဓံတရားတို့ နှိပ်စက်ခံရလျှင် စိတ်မတုန်လှုပ်ခြင်း၊
၃၆။ အသောကံ – ဝမ်းမနည်းခြင်း၊ (မစိုးရိမ်ခြင်း)
၃၇။ ဝိရဇံ – မမက်မောခြင်း၊
၃၈။ ခေမံ – ဘေးမရှိခြင်း၊
✵ ဧတံ မင်္ဂလ' မုတ္တမံ – ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

www.dhammadownload.com



**ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။**

**သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ' မုတ္တမံ။**

ဤမင်္ဂလာတရားတို့ကို ကျင့်သုံးကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့် ရန်သူမျှ အနိုင်မရဘဲ (မိမိကသာ အောင်နိုင်၍) နေရာအားလုံး၌ ချမ်းသာကြီးပွား တိုးတက်ခြင်းသို့ ရောက်ကြရ၏၊ မင်္ဂလာရှိသူတို့၏ ထို ၃၈–ဖြာ မင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာပေတည်း။

**မင်္ဂလသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊**

**မင်္ဂလသုတ္တံ နိဋ္ဌိတံ။**

**မင်္ဂလသုတ်တော်ပြီး၏**

**မင်္ဂလသုတ်တော် ရွတ်ဖတ်ခြင်းအကျိုး**

မင်္ဂလသုတ်တော်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် မည်သည့် နေရာဒေသမှာနေနေ မင်္ဂလာပြည့်တင်း ဘေးရန်ကင်းရှင်းစေပါသည်၊ မနာလိုသူများက မိမိအား မကောင်းကြံ၍ မရ၊ မိမိ၏ အိမ်ထောင်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အမြဲအဆင်ပြေပြေ နေစေနိုင်သည်၊ လောကီ ကြီးပွားရေးသာမက လောကုတ္တရာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုပင် ရရှိစေနိုင်လေသည်။

www.dhammadownload.com



## ရတနသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း

ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူသော အခါ အလွန်တရာမှ ဝပြောစည်ကား ကြီးပွား တိုးတက်လှသော ဝေသာလီပြည် ကြီး၌ (ကိုယ်ကျင့်တရား ပျက်ပြားကြသည့်အတွက်) မိုးလေမမှန် ဆန်ရေစပါး ရှားပါး ငတ်ပြတ်သော ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်ခဲ့၏၊ ထိုအခါ ဦးစွာပထမ ဆင်းရဲသားတို့ သေကြေပျက်စီးကြကုန်၏၊ အလောင်းချင်းထပ်မျှ သေကြေ ပျက်စီးကြသော် ထို သူကောင်ပုပ်တို့၏ အပုပ် အနံ့အသက်ကြောင့် ယက္ခဘီလူး သားစားကြူးတို့သည် မြို့ရွာတွင်းသို့ ချဉ်းနင်း ဝင်ထွက်လျက် နှိပ်စက်ကြကုန်၏၊ သို့အတွက် ယခင်ကထက်ပင် ပိုမို၍ သေကြေ ပျက်စီးကြကုန်၏၊ လူသေပုပ်နံ့ တို့နှင့် ယုတ်ညံ့သော ယက္ခဘီလူး သားစားကြူးတို့၏ နှိပ်စက် ဖမ်းစားမှုတို့ကြောင့် ကြွင်းကျန်သော လူတစ်စုမှာလည်း အမျိုးမျိုးသော ရောဂါဆိုးတို့သည် ဖြစ်ပေါ် ကြကုန်၏၊ ဤသို့လျှင် ငတ်မွတ်ခေါင်းပါး အစာရှားသောဘေး၊ ဘီလူးသရဲဘေး၊ ရောဂါဆိုးဘေးတည်းဟူသော ဘေးကြီးသုံးဖြာသည် ဝေသာလီပြည်ကြီးမှာ ဆိုက် ရောက် ပေါ်ပေါက်လာကုန်၏။

ထိုအခါ ပြည်သူပြည်သား လူအများတို့သည် ဘေးအန္တရာယ် ပျောက် ကွယ်ရန် အကြောင်းနည်းလမ်းကောင်းများကို စုဆောင်းရှာဖွေ ဆွေးနွေးတိုင်ပင်ကြ ရာတွင် ''အကျွန်ုပ်၏ ဝေသာလီပြည်ကြီးမှာ ဤကဲ့သို့သော ဘေးဆိုးကြီးများသည် ရှေးဘိုးဘွားတို့ လက်ထက်က တစ်ခါတစ်ရံမျှ မဖြစ်ပေါ်စဖူး၊ ယခု ကျွန်ုပ်တို့ မျက်မှောက်မှာ ထင်ရှား ပေါ်ပေါက် ဆိုက်ရောက်၍ နေချေပြီ၊ ကောန်စင်စစ် တိုင်းပြည်သနင်း ပြည့်ရှင်မင်းတို့၏ တရားမစောင့်ခြင်းကြောင့်ပင် ဖြစ်မည်ထင်၏' ဟု တိုင်ပင်ကြပြီးလျှင် ဘုရင်မင်းမြတ်ထံ ချဉ်းကပ်၍ လျှောက်ထား စိစစ်ကြ သော်လည်း တစ်စုံတစ်ရာ အပြစ်အဆာ မတွေ့မြင်ကြချေ၊ အချို့သောသူတို့သည် မိစ္ဆာအယူဝါဒနှင့် ပူဇော်ပသ တောင်းပန်ခြင်းစသော လောကရိုးရာ မင်္ဂလာအမှု ပြုလုပ်ကြရန် အကြံပေးကြကုန်၏၊ အကြံပေးသည့်အလျောက် တင်မြှောက်ပသ ပူဇော်ကြသော်လည်း ဘေးရန်မစဲ သေမြဲ သေကြကုန်၏၊ ထို့နောက် အချို့သော

www.dhammadownload.com



သူတို့သည် 'မင်္ဂလိဂေါသာလ'စသော တိတ္ထိဘုရားကြီး ခြောက်ပါးတို့ကို ဖိတ်ကြား၍ ဤမြေထက်၌ လာရောက်လျက် ခြေတင် နင်းချ ချီးမြှောက်ကာမျှပင် သုခဘုံ ဖြစ်နိုင်ပါလိမ့်မည်ဟု အကြံပေးကြကုန်၏။

မဟာလိမင်းသား အပါအဝင်ဖြစ်သော သူအချို့တိုကား ''အချင်းတို့ ဤလောက၌ ဂေါတမနွယ်ဖွား မြတ်ဘုရားသည် ပွင့်တော်မူနေပါသည်၊ ထို ဘုရားရှင်သည် လူ့ဘေးဘယ်ကို ဘေးငြိမ်းရန်ကာ ချမ်းသာစေကြောင်း ကောင်းမြတ်သော တရားကို ဟောကြားတော်မူနေပါ၏၊ ဘုန်းတန်ခိုးလည်း ကြီးမြတ်ပါ၏၊ ထိုဘုရားရှင်ကို ပင့်ဖိတ်ရလျှင် ရောဂါဘေးဘယ် ဘေးသုံးပါး ကင်းငြိမ်းပါလိမ့်မည်'' ဟု အကြံပေးစကား ပြောကြားကြ၏၊ ထိုအခါ ဝေသာလီ ပြည်သူပြည်သား လူအများတို့သည် ဤသို့ ပြောဆို အကြံပေးချက်ကို အားလုံး နှစ်သက်ကြည်ဖြူသဘောတူ လက်ခံကြ၍ ဘုရားရှင်ကို ပင့်ဖိတ်ရန် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းထံသို့ မဟာလိမင်းသားနှင့် အမတ်တစ်ဦးကို အထူးထူးသော လက်ဆောင်ပဏ္ဏာ များစွာနှင့်တကွ စေလွှတ်ကြကုန်၏။

ထိုသူတို့နှစ်ဦးသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းအား လက်ဆောင်ပဏ္ဏာများ ပေးဆက်ကြပြီးနောက် ဘုရားရှင်ထံမှောက်သို့ လာရောက်လျှောက်ထားကြကုန်၏၊ ထိုအခါ ဗိမ္ဗိသာရမင်းသည် ရာဇဂြိုဟ်ပြည်နှင့်တကွ ဂင်္ဂါမြစ်ကြား ငါးယူဇနာ ခရီးတစ်လျှောက် ဘုရားရှင်ကြွရောက်မည့်လမ်း၌ ရှင်းလင်းခုတ်ထွင် သုတ်သင်စေ၍ တစ်ယူဇနာလျှင် တစ်ကျောင်းကျ ဆောက်လုပ်စေပြီးလျှင် ကြွရောက်ရန်အချိန်ကို လျှောက်ထားတောင်းပန်လေ၏၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းသည် ဘုရားရှင်နှင့်တကွ နောက်လိုက်သံဃာ ငါးရာတို့ ကြွလာတော်မူသောအခါ လမ်းခရီးအဝ၌ ဒူးပုဆစ်မြုပ်မျှ ရောင်စုံပန်းပွင့်တို့ကို အဆင်သင့် ကြဲဖြန့်ထားစေ၍ တံခွန်ကုက္ကား ရေပြည့်အိုးများနှင့် ငှက်ပျောပင်များကိုလည်း တည်ထား စိုက်ဆောက်စေလျက် ဘုရားရှင်အား ထီးဖြူနှစ်လက်၊ နောက်ပါ ရဟန်းသံဃာတစ်ပါးလျှင် ထီးဖြူတစ်လက်ကျစီဖြင့် မိုးကာ၍ နောက်မှ လိုက်ပါကြစေကုန်၏။

www.dhammadownload.com



လူပရိသတ်တို့သည်လည်း ဝန်းပတ်ရံကာ ပန်းနံ့သာ အဖြာဖြာတို့ဖြင့် လိုက်ပါ ပူဇော်ကြ၍ ခရီးလမ်းကြောင်း ယာယီကျောင်းတို့၌ ကိန်းအောင်း အဆင့်ဆင့် ကြီးကျယ်မြင့်မြတ်စွာ ပင့်ဆောင်၍ လာခဲ့ရာ ငါးရက်တိုင်တိုင် မြိုင်ဆိုင်မွန်မြတ်သော အလှူအတန်းကြီးများကို လှူဒါန်းပူဇော်ကြကုန်၏။ ငါးရက်စခန်း ဂင်္ဂါမြစ်ဆိပ်ကမ်းသို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ဝေသာလီ မင်းညီမင်းသားတို့ထံသို့ ခရီးဦး ကြိုလာရန် တမန်အထောက်တော်ကို စေလွှတ်လိုက်၏။

လိစ္ဆဝီ မင်းညီမင်းသားတို့သည်လည်း ဗိမ္ဗိသာရမင်းထက် နှစ်ဆတက် ခမ်းနားသော ကြိုဆိုခြင်းများဖြင့် ခရီးဦး ကြိုဆိုကြရန် တစ်ဖက်သော ဂင်္ဂါမြစ်ကမ်း၌ အားရဝမ်းသာ စောင့်ကာနေကြကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းသည် လှေနှစ်စင်း စပ်ဟပ်၍ မဏ္ဍပ်ကို ပြုလုပ်ပြီး လျှင် ပန်းဆိုင် ပန်းခက်တို့ဖြင့် တန်ဆာဆင်လျက် ဘုရားရှင်၏ နေရာတော်ဝယ် ရတနာမျိုးစုံတို့ဖြင့် ခြယ်လှယ်ပြီး တင့်တယ်သော ပန်းနံ့သာတို့ဖြင့် မွှမ်းမံ၍ ဘုရားရှင်နှင့်တကွ ငါးရာသော သံဃာတော်တို့ကို လှေပေါ်သို့ တက်ရောက် စံနေတော်မူကြရန် ပင့်လျှောက်၏။ ဗိမ္ဗိသာရမင်းကြီးသည် လှေတော်ကို လက်ဆွဲ ရင်း ရေထဲသို့ ဆင်းသက်လျက် နေရာမှ "အရှင်ဘုရား ... တပည့်တော်သည် အရှင်ဘုရား ပြန်ကြွ၍ မလာမချင်း ဤဂင်္ဂါမြစ်ကမ်းက မှန်းဆ၍ တမ်းတပြီး မျှော်နေပါမည် ဘုရား"ဟု လျှောက်ထားပြီး နောက်နားသို့ဆုတ်ကာ ကမ်းသို့ ပြန်တက်လာခဲ့၏။ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်အတွင်း မှီတင်းနေထိုင်ကြသော ကမ္ဗလဿတရစသော နဂါးမင်းကြီးတို့၏ ကြီးစွာသော ပူဇော်ခြင်းဖြင့် ပူဇော်ကြသည်ကိုလည်း ခံယူတော်မူကာ တစ်ယူဇနာမျှသောခရီးကို ဂင်္ဂါမြစ်ထဲမှ ကြွတော်မူ၍ ဝေသာလီမင်းတို့၏ နယ်ပယ်အတွင်းသို့ ဝင်ရောက်လာလေ၏။

လိစ္ဆဝီ မင်းညီမင်းသားတို့သည်လည်း ဘုရားရှင်အား ဂင်္ဂါမြစ်၏ တစ်ဖက်ကမ်းအတက်တွင် ဂင်္ဂါမြစ်အတွင်းသို့ လည်ပင်းနစ်မျှ ဆင်းသက်ကြ၍ ခရီးဦး ကြိုဆိုကြလေ၏။ ဘုရားရှင်သည်လည်း လှေပေါ်မှ ဆင်းသက်၍ ကုန်းပေါ်သို့

www.dhammadownload.com



တက်ကာမျှ ခြေတော်ချမိလျှင်ပင် ထိုမှ ဤမှ ပြက်သန်းကြသော လျှပ်ပန်းလျှပ်ရောင်တွေနှင့်တကွ မိုးကြီးသည် သည်းထန်စွာ ရွာသွန်းချလေ၏၊ ရွာသွန်းသည့်မိုးကြီးသည်လည်း စွတ်လိုသူကိုသာ စွတ်စေပြီး မစွတ်လိုသူတို့ကို မစွတ်စိုခဲ့ချေ၊ အပုပ်ကောင် အပုပ်နံ့တို့သည်လည်း ရေ၌ မျောပါသွားကြသဖြင့် ပတ်ဝန်းကျင်မြေပြင်အဖို့သည် စင်ကြယ်သန့်ရှင်းခြင်းသို့ ရောက်လေ၏။

ဝေသာလီပြည်သူပြည်သားများနှင့်တကွ လိစ္ဆဝီ မင်းညီမင်းသားတို့သည်လည်း ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်ကြား သုံးယူဇနာခြားသော လမ်းမကြီးများကိုအထူးချောမောပြေပြစ်အောင် စီမံထားပြီးနောက် ဘုရားရှင်နှင့် တပည့်သား သံဃာငါးရာတို့ကိုလည်း ဗိမ္ဗိသာရမင်းထက် နှစ်ဆတက်၍ သုံးရက်တိုင်တိုင် ခရီးလမ်းကြား၌ ခမ်းနား ကြီးကျယ်စွာ ပူဇော်ကြကုန်၏၊ တန်ခိုးကြီးသော နတ်, သိကြား, ဗြဟ္မာတို့သည်လည်း စုရုံး ပူဇော်လာကြကုန်၏၊ ထိုသို့ တန်ခိုးကြီးသော နတ်တို့လာရောက်ကြသဖြင့် မြေဘုတ်ဘီလူး သားကြူးယက္ခ အမနုဿ သတ္တဝါတို့သည် လွတ်ရာအဝေးသို့ ထွက်ပြေးကြရကုန်၏။

မီးတားရပ်ဆိုင်း တံတိုင်းသုံးရပ် ဝိုင်းပတ်လှည့်လည် ဝေသာလီပြည်၏မြို့တံခါးသို့ ကောင်းမြတ်သာယာသော ညနေချမ်းအခါတွင် ဘုရားရှင်နှင့်တကွ ရဟန်း သံဃာ, ဗြဟ္မာ, လူ, နတ်, ပရိသတ်အပေါင်းသည် ကောင်းစွာ ဆိုက်ရောက်လာကြပြီးနောက် မြတ်စွာဘုရားသည် မြို့တံခါးမှ ရပ်တန့်တော်မူလျက်ညီတော် အရှင်အာနန္ဒာအား ''ချစ်သား အာနန္ဒာ၊ ဤရတနသုတ်ကို သင်ယူမှတ်သား၍ လိစ္ဆဝီမင်းသားတို့နှင့် အတူမပြတ် လှည့်ပတ်လျက် ဝေသာလီပြည်သုံးထပ်သော တံတိုင်းတို့၏ အကြား၌ အဆီးအတား အကာအကွယ်ကို ပြုလုပ်ချေ''ဟု စေတော်မူကာ ဤရတနသုတ်ဒေသနာကို ဟောကြားတော်မူလေ၏။

အရှင်အာနန္ဒာလည်း သင်ယူ မှတ်သား၍ ဘုရားရှင်၏ မြသပိတ်နှင့်ရေအပြည့်ကို ယူဆောင်ကာ မြို့တံခါးမုခ်၌ ရပ်တည်လျက် ဘုရားရှင်၏ ကျေးဇူးတော်အဖုံဖုံ ဂုဏ်တော်အနန္တကို သုမေဓာဘဝ ဗျာဒိတ်ခံယူခဲ့သည်မှစ၍ ယနေ့ကျအောင် ဆုံးစမရှိ မျှော်မှန်းကြည့်ရင်း ပီတိသောမနဿ ဇောဉာဏ်၌ဖြင့် အထပ်

www.dhammadownload.com



ထပ် ဆင်ခြင်လျက် တံတိုင်း သုံးထပ်တို့၏ အတွင်း၌ အလင်းသို့ ရောက်သည့်တိုင်အောင် ညဉ့်သုံးယံမပြတ် ရွတ်ဖတ် သရဇ္ဈာယ်တော်မူလေသည်၊ ''ယံကိဉ္စိ'' အစရှိသည်ကို နှုတ်တော်က ရွတ်ရင်း လက်ဖြင့် မြသပိတ်ရေစင်ကို တစ်ပြည်လုံး အနှံ့ပင် ပက်ဖျန်းလျက် လှည့်လည်တော်မူလေရာ ဝေသာလီ ပြည်သူပြည်သား လူအများတို့မှာ ရောဂါကင်းသွားပြီး ဘီလူးသရဲများလည်း လွတ်ရာအဝေးသို့ ထွက်ပြေးကြကုန်၏။

မြတ်စွာဘုရားသည်လည်း ဝေသာလီပြည်သူပြည်သား လိစ္ဆဝီမင်းညီမင်းသားတို့၏ ကြီးမားသော ပူဇော်သက္ကာရမှုကို ခံယူကာ ဝေသာလီပြည်အလယ် တင့်တယ်စွာ ဆောက်လုပ်အပ်သော မဏ္ဍပ်ကြီးဝယ် ခင်းထားအပ်သော ဘုရားနေရာတော်၌ နေတော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည်လည်း ဝေသာလီ တစ်ပြည်လုံးကို သိမ်းကျုံးလှည့်လည် သွားလာလျက် အစောင့်အရှောက် အရံအတား ပြုလုပ်ထားပြီးလျှင် ဝေသာလီပြည်သူပြည်သားတို့နှင့်တကွ ကြွလာတော်မူ၍ ရှင်တော်ဘုရား၏ အနီးအပါး သင့်တင့်လျောက်ပတ်သောအရပ်၌ နေတော်မူ၏၊ အနာရောဂါကင်းပျောက်၍ လာရောက်ကြသော လူထုကြီးနှင့် ဆည်းကပ်ခစားလျက်ရှိကြသော နတ်ဗြဟ္မာအပေါင်းတို့အား ၇-ရက်ပတ်လုံး ဤရတနသုတ်ကို ဟောကြားတော်မူရာ အလုံးစုံသော သူတို့သည် ရောဂါဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက်၍ ရှစ်သောင်းလေးထောင်သော လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့သည်လည်း (ဓမ္မာဘိသမယ)တရားထူးကို ရရှိခဲ့ကြပါသည်။

ရတနသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်းပြီး၏။

www.dhammadownload.com



# ၂။ ရတနသုတ်တော်

## ဘုရားဂုဏ် အာရုံပြုနည်း

(၁) ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စမဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ, နဝ လောကုတ္တရ ဓမ္မေတိ
သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ-

(၁) အိုသူတော်ကောင်းတို့- ဒီပင်္ကရာ ဘုရားမြတ်ထံ ဘုရားဆုပန်သည်မှစ၍ မြတ်စွာဘုရား၏ ပါရမီဆယ်ပါး, ဥပပါရမီဆယ်ပါး, ပရမတ္ထပါရမီဆယ်ပါးဟူသော အမျှအညီ ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ သတ္တဝါများအတွက် ကျင့်မှု, အဆွေမျိုးများအတွက် ကျင့်မှု, ဘုရားဖြစ်ရေးအတွက် ကျင့်မှုဟူသော အကျင့်သုံးပါး၊ ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ ပဋိသန္ဓေနေခြင်း၊ ဖွားမြင်ခြင်း၊ တောထွက်ခြင်း၊ ဒုက္ကရစရိယာကျင့်ခြင်း၊ ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ မာရ်ငါးပါး အောင်မြင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိခြင်း၊ ဓမ္မစကြာတရားဟောခြင်း၊ ကိုးပါးသော လောကုတ္တရာတရားဟူသော ဤဗုဒ္ဓဂုဏ် အလုံးစုံတို့ကို ဆင်ခြင်တော်မူပြီးလျှင် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြား၌ ညဥ့်သုံးယံပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူသော အရှင်အာနန္ဒာမထေရ်ကဲ့သို့ ကရုဏာစိတ်ကို ဖြစ်ကြစေကုန်၍-

www.dhammadownload.com



## ရတနသုတ်အဖွင့်

(၂) ကောဋိသတ သဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ’ဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

(၃) ရောဂါ မနုဿ ဒုဗ္ဘိက္ခ၊ သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ”မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၂-၃) အကြင်ရတနသုတ်ပရိတ်တော်၏ အရှိန်အဝါ အာဏာကို စကြ ဝဠာ ကုဋေ့တစ်သိန်းရှိ နတ်ပြဟ္မာများ ခံယူကြကုန်၏၊ အကြင်ရတနသုတ် ပရိတ်တော်သည် ဓေသာလီပြည်၌ ရောဂါထူးခြား ဘီလူးများနှင့် အစာ ရှားပါးခြင်း ကြောင့် ဖြစ်ပေါ်လာသော ဘေးသုံးမျိုးကိုလည်း လျင်မြန်စွာ ကွယ်ပျောက်စေ ခဲ့ဖူးပြီ၊ ထို ရတနသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့။

(၄) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

(၄) ဤအရပ်၌ စည်းဝေး ရောက်လာကြကုန်သော မြေ၌ဖြစ်သော နတ်များ ကောင်းကင်၌ဖြစ်သောနတ်များ အားလုံးတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်လော့၊ ထို့ပြင် ငါဘုရား တရားတော်ကို ရိုသေစွာ နာယူကြ ကုန်လော့။

(၅) တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

(၅) နတ်အများတို့– ငါဘုရား တရားနာရန် တိုက်တွန်းခဲ့သည်ဖြစ်၍

www.dhammadownload.com



သင်တို့ နားစိုက်ကြကုန်လော့၊ သင်တို့အားလုံး လူသားများအပေါ်မှာ မေတ္တာထားကြကုန်လော့၊ လူတို့သည် နေ့ရောညဉ့်ပါ ပူဇော်ဖွယ်ရာကို ပို့ဆောင် ပူဇော်ကြသောကြောင့် ထိုလူများကို သင်တို့ မမေ့ကြဘဲ စောင့်ရှောက်ကြလေ။

[ မှတ်ချက်။ ဤနှစ်ဂါထာသည် မြတ်စွာဘုရား၏ အမိန့်အာဏာတော်ဖြစ်၏။ ]

## ဘုရားရတနာ

(၆) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၆) လူ့ပြည်, နဂါး, ဂဠုန် စသော ပြည်၊ နတ်ပြည်, ဗြဟ္မာပြည်တို့၌ ရှိသမျှ ကောင်းမြတ်သောရတနာတို့တွင် မြတ်စွာဘုရားနှင့်တူသော ရတနာကား မရှိနိုင်သည်သာ၊ ဘုရားမြတ်၌ ရတနာ၏အဖြစ်နှင့် နှစ်သက်ဖွယ်ရာ ဂုဏ်ရည်ကား ထူးခြား ကောင်းမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေသတည်း။

## တရားရတနာ

(၇) ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၇) အရိယာမဂ် သမာဓိ ရှိတော်မူသော သာကီနွယ်ဖွား ဘုရားရှင်သည် ကိလေသာကုန်ရာ, ရာဂအတွယ် ပျောက်ပြယ်ရာ, သေခြင်းကင်းရာ ကောင်းမြတ်လှစွာသော အကြင် နိဗ္ဗာန်တရားတော်ကို သိမြင်ရပိုင်တော်မူခဲ့သည်၊ ထိုနိဗ္ဗာန်

www.dhammadownload.com



တရားနှင့် ဂုဏ်ရည်တူညီသော တရားဟူ၍ တစ်စုံတစ်ရာ မရှိတော့ပေ၊ နိဗ္ဗာန်တရားတော်၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်တော်အပေါင်းသည်လည်း ထူးမြတ်လှပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

(၈) ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ’ မာနန္တရိကည’ မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၈) ဗုဒ္ဓရှင်တော်မြတ်သည် ကိလေသာကင်း အလွန်သန့်ရှင်း ဖြူစင်သော အရိယာမဂ်သမာဓိကို အနည်းနည်း ထုတ်ဖော်ချီးကျူးတော်မူခဲ့၏၊ ယင်း အရိယာမဂ် သမာဓိကိုပင် မိမိအခြားမဲ့၌ အကျိုးကို ပေးတတ်သည့် အာနန္တရိက သမာဓိဟူ၍လည်း ဘုရားရှင်များ မိန့်ကြားတော်မူခဲ့သည်၊ ထိုအရိယာမဂ်သမာဓိနှင့် တူညီသော သမာဓိကား မရှိပေ၊ အရိယာမဂ် တရားတော်၌ ရတနာ၏အဖြစ်နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

### သံဃာရတနာ

(၉) ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၉) ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ်များကား ရှစ်ပါးဖြစ်ရာ (ထိုအရိယာများကား)အစုံအားဖြင့် လေးစုံဖြစ်သည်၊ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်ကြသော ထိုအရိယာတို့ကား အလှူကောင်း

www.dhammadownload.com



အလှူမှန်ကို ခံတော်မူထိုက်သော ပုဂ္ဂိုလ်များပင်တည်း၊ ထိုအရိယာတို့၌ လှူအပ်သမျှ အလှူဒါနတို့ကား အကျိုးကြီးမားလှပေသည်၊ အရိယာသံဃာတော်၌ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

(၁၀) ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၀) မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာအားထုတ်ကြကုန်၍ ဂေါတမမြတ်စွာ သာသနာတော်၌ ကိလေသာတို့မှ လွတ်ထွက်ကြသော ရဟန္တာအရှင်မြတ်တို့သည် နိဗ္ဗာနဓာတ်သို့ အာရုံယူလျက် သက်ရောက်ကြပြီးသော် ပစ္စည်းဥစ္စာအနည်းငယ်မျှ မကုန်ကျရဘဲ အလွယ်တကူ ရရှိ၍ ဖလသမာပတ် အငြိမ်းဓာတ်အရသာခံစားကြလျက် အရဟတ္တဖိုလ် ဝင်စားတော်မူကြ၏၊ ရဟန္တာ သံဃာတော်၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေ၏၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

(၁၁) ယထိန္ဒခီလော ပထဝိံသိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၁) မြေကြီးထဲ၌ ဝင်မှီတည်နေသော တံခါးတိုင်ကြီးသည် အရပ်လေး

www.dhammadownload.com



မျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယသစ္စာတို့ကို သိမြင်သော သောတာပန် ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူသည်၊ သောတာပန် သံဃာတော်၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေ၏၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

(၁၂) ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမံ အာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၂) နက်နဲသော ဉာဏ်တော်ရှင် သဗ္ဗညုတ မြတ်စွာဘုရား အကောင်းဆုံး ဟောကြားတော်မူအပ်သော အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ ထင်ရှားသိတော်မူကြသော သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက်ဘဝကို ယူရိုး မရှိတော့ပေ၊ သောတာပန်သံဃာ၏ ရတနာဟု သိနိုင်ဖွယ် ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

(၁၃) သဟာဝ'ဿ ဒဿနသမ္ပဒါယ၊
တယ'ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါ ပိ ယဒတ္ထိ ကိဉ္စိ။

(၁၄) စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

www.dhammadownload.com



(၁၃–၁၄) သောတာပန်ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ တရားသုံးပါးနှင့် အချို့ ကိလေသာများကို ပယ်ရှားအပ်ပြီး ဖြစ်သည်၊ ထိုသောတာပန် ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံတို့မှလည်း လွတ်မြောက်ရပေပြီ၊ အဘိဌာနခြောက် ရှန့်ရင်းသော အကြောင်းစုံ အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်တော့ပေ၊ သောတာပန် သံဃာ၌ ရတနာ၏အဖြစ် ဤနှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

(၁၅) ကိဉ္စာပိ သော ကမ္မကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၅) သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသော ပြစ်မှုကို ကျူးလွန်မိစေကာမူ ထိုသောတာပန်မှာ ထိုပြုမိသော ပြစ်မှုကို ကွယ်ကာ ဖုံးဝှက်သူ မဖြစ်နိုင်ပေ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန် မြင်ပြီးသော အရိယာသောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူအပ်၏၊ သောတာပန်သံဃာ၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

(၁၆) ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။

www.dhammadownload.com



ကုဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၆) နွေလများတွင် နွေဦးအစဖြစ်သော တန်ခူးလ၌ ကောင်းစွာပွင့်သည့် ခက်ဖျားစုံရှိသော တောအုပ်သည် အသရေရှိလှဘိသကဲ့သို့ အနက်သဒ္ဒါ ဝေဆာ စုံပေါ် ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို နိဗ္ဗာနဓာတ် အမြတ်ဆုံး အကျိုးစီးပွား အလို့ငှာ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်၊ မြတ်စွာဘုရား၌ ရတနာဟု သိကြောင်းဖြစ်သော ဤ ဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားရပ်ကြောင့် သတ္တဝါ တွေ ချမ်းသာကြပါစေ။

(၁၇) ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ကုဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၇) နတ်လူအများ လိုလားတောင့်တအပ်သော ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူ သော အမြတ်ဆုံး နိဗ္ဗာန်ကို သိတော်မူ၍ အမြတ်တရားကို ပေးသနားတော်မူ တတ်သော ရှေးဟောင်းကျင့်စဉ်လမ်းမြတ်ကို ယူဆောင်တော်မူတတ် အမြတ်ဆုံး ဘုရားမြတ်သည် တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော်မူလေသည်၊ မြတ်စွာဘုရား၌ ရတနာဟု သိနိုင်ကြောင်း ဤဂုဏ်တော်အပေါင်းသည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

၁၈။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ’ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ၊
ကုဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

www.dhammadownload.com



(၁၈) ရဟန္တာအရှင်မြတ်တို့အား ရှေးအတိတ်ကံဟောင်းများလည်း ကုန်ခဲ့ပြီး ကံအသစ်လည်း ဖြစ်ပေါ်ခြင်း မရှိတော့ပေ၊ နောင်ဖြစ်ရမည့် ဘဝသစ်၌ တွယ်တာသော စိတ်လည်း ကင်းတော်မူကြ၏၊ ထိုရဟန္တာအရှင်မြတ်တို့သည် ပဋိသန္ဓေမျိုးစေ့လည်း ကုန်ခဲ့ပြီ၊ ဘဝသစ်ဆက်ဖြစ်, စည်ကားရေးဝယ် တွယ်တာသော ဆန္ဒလည်း မရှိကြ၊ ထိုရဟန္တာပညာရှင်တို့သည် ဤဆီမီး ငြိမ်းသွားသကဲ့သို့ ဝဋ္ဋဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြသည်၊ ရဟန္တာသံဃာတော်၌ ဤရတနာ၏ အဖြစ်နှင့် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤ သစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

(၁၉) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

(၂၀) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

(၂၁) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

(၁၉–၂၀–၂၁) မြေ၌ဖြစ်သော နတ်များ၊ ကောင်းကင်၌ဖြစ်သော နတ်များ ဤအရပ်၌ စည်းဝေးလျက်ရှိကြ၏၊ ထိုနတ်ပေါင်းများစွာ ငါတို့သည် နတ်လူအများ လေးစားပူဇော်အပ်သော တထာဂတဘွဲ့မည်သော မြတ်စွာဘုရားကို ရှိခိုးကြပါကုန်၏၊ သတ္တဝါတွေ ချမ်းသာပါစေ။

www.dhammadownload.com



(နောက် နှစ်ဂါထာ၌ ဓမ္မံ, သံဃံသာ ကွဲသည်၊ အထူးမရှိ)

- ရတနသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- ရတနသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

ရတနသုတ္တံ နိဋ္ဌိတံ။

ရတနသုတ်တော်ပြီး၏

**ရတနသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး**

ရတနသုတ်တော်ကို အမြဲမပြတ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် ကပ်ကြီး သုံးပါးကို ကျော်နင်းစေနိုင်သည်၊ စုန်း, ကဝေ, တစ္ဆေများ မပြုစားနိုင်၊ အချုပ်အနှောင်အဖွဲ့များက ကင်းလွတ်စေနိုင်သော တန်ခိုး သတ္တိရှိလေသည်။

www.dhammadownload.com



## မေတ္တာသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း

အခါတစ်ပါး ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူသောအခါ ငါးရာသော ရဟန်းတော်တို့သည် ရှင်တော်ဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို မှတ်သား နာယူကြပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ဝါကပ်တော်မူကြရန် လူသူမနီး တောကြီး ဟိမဝန္တာသို့ ရှေးရှုကြွသွားတော်မူကုန်၏၊ ယူဇနာတစ်ရာမျှ ဝေးကွာသောအရပ်သို့ ရောက်ကြလျှင် ဟိမဝန္တာတောအစပ်တစ်ခုသော တောင်ခြေအရပ်၌ ရပ်တန့် အပန်းဖြေရန် တစ်ညဥ့်မျှ သီတင်းသုံးတော်မူကြ၍ မိုးသောက်ချိန်ကာလတွင် မနီးမဝေးသော ရွာတစ်ရွာသို့ ဆွမ်းခံကြွတော်မူကြရာ ရွာသူရွာသား ဒကာဒကာမများလည်း ရတနာသုံးပါး၌ အားထားယုံကြည်သူများ ဖြစ်သဖြင့် ''ဤအရပ်၌ ဝါတွင်း သုံးလတို့ပတ်လုံး သီတင်းသုံးနေထိုင်တော်မူကြပါဘုရား''ဟု တောင်းပန် လျှောက်ထားကြ၍ ငါးရာသော ကမ္မဋ္ဌာန်းကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းကြပြီးလျှင် ညောင်စောင်း, အင်းပျဉ်, ရေအိုးစင်, သောက်ရေ, သုံးရေစသော အလုံးစုံသော အသုံးအဆောင်တို့ကို စီရင်ကြကုန်၏၊ ''တပည့်တော်တို့သည်လည်း အရှင်ဘုရားထံ၌ သရဏဂုံနှင့် ငါးပါးသီလတို့ကို စောင့်ထိန်းကြပါကုန်မည်'' ဤသို့ စသည်ဖြင့် လျှောက်ထားကြကာ ပစ္စည်းလေးပါး ဒကာအဖြစ် ခံယူကြကုန်၏။

နှစ်ရက်မြောက်သောနေ့၌ ငါးရာသော ရဟန်းတော်တို့သည် အခြားရွာတစ်ရွာသို့ ကြွသွားကြကုန်၏၊ ထိုရွာသူရွာသားတို့သည်လည်း ရှေးရွာသူရွာသားများ နည်းတူသာလျှင် ဝါကပ်ရန် တောင်းပန်ကြပြန်၏၊ ရဟန်းတော်တို့သည်လည်း အန္တရာယ်ကင်းလျှင် သီတင်းသုံး ဝါဆိုကြမည်ဟု ဝန်ခံကတိပြုကြသဖြင့် ရွာသူ,ရွာသား ဒကာ,ဒကာမများလည်း အားရဝမ်းသာစွာဖြင့် ရွာနှင့် မလှမ်းမကမ်း တောင်ခြေ တောစခန်း၌ ကမ္မဋ္ဌာန်းကျောင်းတစ်ရာကို ကောင်းစွာ ဆောက်လုပ်လှူဒါန်းကြကုန်၏၊ ငါးရာသော ရဟန်းတော်တို့သည် ထားရှိအပ်သော ကတိကဝတ်နှင့်အညီ ကျောက်စည်ကို တီးခတ်လျှင် အသီးသီးသောအရပ်မှ သစ်ပင်ရင်းသို့ ချဉ်းကပ်တော်မူကြကာ ကမ္မဋ္ဌာန်းတရား အားထုတ်တော်မူကြကုန်၏။

www.dhammadownload.com



ထိုတောစခန်းရှိ ရုက္ခစိုးနတ်တို့သည် ရဟန်းတော်ငါးရာ ကြွလာသောအခါ မှစ၍ ရဟန်းတို့၏ သီလတန်ခိုးကြောင့် သားငယ်တို့ကို ချီပိုး၍ ညှိုးငယ်သော အသွင်ဖြင့် မိမိတို့၏ သစ်ပင်ဗိမာန်ထက်မှ ဆင်းသက်ကြပြီးလျှင် မြေပြင်ထက်၌ ထိုမှဤမှ ပြေးလွှားလှည့်လည်ကြကာ ငါးရာသော ရဟန်းတော်တို့၏ ပြန်ကြွမည့် ရက်ကို စောင့်မျှော်လျက် နေကြရရှာကုန်၏။ ယင်းသို့ မရပ်မတည် လှည့်လည် ပြေးသွားကြရင်း စောင့်မျှော်ကာနေခဲ့ကြရာ လခွဲပင်ကြာသော်လည်း ပြန်ကြွတော် မမူကြမည့်အကြောင်းကို ကောင်းစွာ သိရှိကြပါသဖြင့် ညီညွတ်စွာ တိုင်ပင်၍ ထို ရဟန်းတော်များ တရားအားထုတ်သော ညဥ့်အခါ၌ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသော အသံဖြင့် ဆူညံ ဟစ်ကြွေး၍လည်းကောင်း၊ လွန်စွာ ကြောက် မက်ဖွယ်ကောင်းသော အပုပ်နံ့တို့ဖြင့်လည်းကောင်း ခြောက်လှန့်ကြကုန်၏။ ယင်း သို့သော အဆင်း အသံ အနံ့တို့ကြောင့် ရဟန်းတော် အရှင်မြတ်တို့သည် စိတ်တွေ ပျံ့လွင့်၍ ကမ္မဋ္ဌာန်းအလုပ်ကို ယုတ်လျော့စေသည့်အပြင် လန့်ဖျပ်မူးဝေ သွေးလေ ချောက်ချား၍ အိပ်စားမရ အမျိုးမျိုးသော ရောဂါဘယတွေ ခံစားနေကြရကုန် ၏။ ထိုသို့ ခံစားရသော်လည်း အချင်းချင်းမှာမူကား ထိုအကြောင်းအရာတွေကို တစ်ခါတလေမျှ မပြောရှာကြချေ။

ထို့နောက် တစ်နေ့သ၌ စည်းဝေးချိန်ကာလတွင် သံဃာ့ထေရ်က "ငါ့ရှင် တို့– ဤတောအုပ်သို့ ငါတို့လာစ သုံးလေးရက်ရသည့်တိုင်အောင် အားလုံးသော ငါ့ရှင်တို့သည် ကြည်လင်ရွှင်လန်းစွာဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်နိုင်ကြ၍ သပ္ပါယ မျှတပုံရကြ၏၊ ယခုအခါသော် အဘယ်ကြောင့် ညှိုးလျော်ပိန်ချုံး တစ် ကိုယ်လုံး အဆင်းမလှ ဖြစ်နေကြပါသနည်း၊ ဤတောအုပ်၌ သပ္ပါယ မမျှတကြ သလော" ဤသို့စောကြော စစ်မေးသောအခါ ရဟန်းတော်တစ်ပါးသည် "အရှင် ဘုရား– တပည့်တော်သည် ညဥ့်အခါ၌ ဤသို့ဤသို့ သဘောရှိသော ကြောက် မက်ဖွယ်ကောင်းသော အဆင်းကိုလည်း မြင်ရပါ၏၊ အသံကိုလည်း ကြားရပါ ၏၊ အနံ့သည်လည်း နံပါ၏၊ ထို့ကြောင့် တပည့်တော်၏ စိတ်တွေ ပျံ့လွင့်နေပါ ၏"၊ ဤသို့သောနည်းဖြင့် အလုံးစုံသော ရဟန်းတို့သည် အသီးသီး မိမိတို့ စွဲ ကပ်လာသော ရောဂါဝေဒနာများကို ပြောကြားကြကုန်၏။

www.dhammadownload.com



ထိုအခါ သံဃာ့ထေရ်ကြီးက "ငါ့ရှင်တို့ ဤသို့ဆိုလျှင် ဝါတွင်းပင်ဖြစ်သော်လည်း ရှင်တော်မြတ်ဘုရားသည် ဒုတိယဝါကပ်မှုကို ခွင့်ပြုတော်မူခဲ့၏၊ ငါတို့သည် ဤနေရာမှတစ်ပါး အခြား သပ္ပါယမျှတသောနေရာသို့ ရွှေ့ပြောင်းရန် ရှင်တော်ဘုရား၏ အထံတော်ပါးသို့သွား၍ လျှောက်ထားကြကုန်အံ့"ဟုဆိုပြီးလျှင် ကျောင်းအိပ်ရာနေရာများကို ကောင်းစွာ သိုမှီး သိမ်းဆည်းစေပြီးနောက် ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်သော "**သန္တုဿကဂုဏ်**"၊ ဒါယကာတို့ မွေးမြူပြုစုလွယ်သော "**သုဘရဂုဏ်**"၊ နည်းပါးသော နဝကမ္မအမှုဟူသော "**အပ္ပကိစ္စဂုဏ်**"၊ ဒကာ ဒကာမတို့၌ တဏှာ သံယောဇဉ် မက်မော တွယ်တာခြင်းမရှိသော "**ကုလေသွ န နုဂိဒ္ဓဂုဏ်**"စသော ရဟန်းတို့၌ ရှိအပ်သော ဂုဏ်တို့နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်များဖြစ်၍ မည်သည့် ဒကာဒကာမများကိုမျှ မပန်ကြားဘဲ သာဝတ္ထိပြည် ရှင်တော်ဘုရားရှိရာသို့ တိစီဝရိတ်ကိုယ်စီဖြင့် ပြန်လည် ကြွလာတော်မူကြ၏။

ဘဂဝါဘုန်းလှိုင် နှုန်းပြိုင်ဘက်ကင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုပြန်လည်ကြွလာသော ရဟန်းတို့ကို မြင်တော်မူ၍ "အို ချစ်သား ရဟန်းတို့– ငါဘုရားသည် ဝါတွင်းသုံးလမှာ ခရီးဒေသစာရီ မလှည့်လည်အပ်ဟု ပညတ်တော်မူခဲ့သည် မဟုတ်လော၊ အဘယ်ကြောင့် သင်တို့သည် လှည့်လည်သွားလာကြဘိသနည်း"ဟု မိန့်တော်မူလျှင် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား အကြောင်းအရာ အစုံအလင်ကို ကုန်စင်အောင် လျှောက်တင်ကြကုန်၏၊ ထိုအခါ ရှင်တော်မြတ်ဘုရားသည် "ချစ်သား ရဟန်းတို့– အလုံးစုံသော ဇမ္ဗူဒိပ်မြေအပြင်ကို ငါဘုရား ဆင်ခြင်တော်မူသော်လည်း သင်တို့၏ နေရာဟောင်းထက် ကောင်းမွန်လျောက်ပတ် သင့်မြတ်သောနေရာကို အယုတ်ဆုံးခြေလေးချောင်း ချလောက်အောင် တစ်ခုသော အင်းပျဉ်နေရာမျှလည်း ငါဘုရား မြင်တော်မမူချေ၊ ထိုနေရာသို့သာ ပြန်ကြကုန်လော့၊ သင်တို့အတွက် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ကြမည့် နေရာသည် ထိုနေရာဟောင်းပင် ဖြစ်ပေ၏"ဟု မိန့်တော်မူသော်လည်း ပြန်ပြီး မကြွဝံ့သဖြင့် "ရဟန်းတို့– သင်တို့သည် ယခင်ကမူ လက်နက်ကို မယူဘဲ သွားကြရကုန်၏၊ ယခုအခါ လက်နက်ကို ယူဆောင်၍ သွားကြကုန်

www.dhammadownload.com



လော့''ဟု အမိန့်တော်ရှိတော်မူရာ ရဟန်းတို့သည် ''အဘယ်လက်နက် ဖြစ်ပါသနည်း ဘုရား''ဟု ပြန်၍ လျှောက်ထားကြသောအခါ ''ကရဏီယ မတ္တကုသလေန''စသော ဤ မေတ္တသုတ် ဒေသနာတရားကို ဟောကြားတော်မူ၍ ''ချစ်သား ရဟန်းတို့၊ ဤမေတ္တာလက်နက် ပရိတ်စက်ကို တောနက်သို့ ဝင်လျှင် ဆင်ခြင် ရွတ်ပွား သရဇ္ဈာယ်၍ သွားကြကုန်လော့''ဟု မှာကြားတော်မူလိုက်၏။

ငါးရာသော ရဟန်းတို့သည်လည်း ရှင်တော်ဘုရား မှာကြားတော်မူသည့်အတိုင်း ပြန်လည်ကြွသွားရာတွင် မေတ္တသုတ်ဒေသနာဖြင့် တစ်စုံတစ်ရာ အနှောင့်အယှက် မရှိကြသည့်အပြင် အလျင်က မနှစ်မျို့သော နတ်တို့သည် မေတ္တာစိတ်ယိုဖိတ်ကြကုန်လျက် ရဟန်းတော်တို့၏ သပိတ်သင်္ကန်းကို လှမ်းယူကြပြီးလျှင် ခရီးဦး ကြိုဆိုကြကုန်၏၊ ကျောင်းအရံတွင်း၌လည်း ရှင်းလင်း သုတ်သင်ကြကုန်၏၊ ခြေလက်ဆုပ်နယ် သောက်ရေ သုံးဆောင်ရေ တည်ခြင်းစသော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကိုလည်း ပြုလုပ်ကြကုန်၏၊ ဤသို့လျှင် ရဟန်းတော်ငါးရာတို့သည် လျှောက်ပတ်သာယာ အေးချမ်းစွာဖြင့် မေတ္တာကို အခြေခံပြီး ဝိပဿနာဉာဏ်ကို တစ်ဆင့်တက်ကာ ရင့်ကျက်သော အသိဉာဏ်ကြောင့် ဝါတွင်းသုံးလအတွင်း၌ပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာချည်း ဖြစ်တော်မူကြကုန်၏။

ထို့ကြောင့် ဤမေတ္တသုတ် ဒေသနာတော်သည် မေတ္တာဘာဝနာ၏အကျိုး ၁၁–မျိုးကိစ္စ၊ ဘေးရန်အန္တရာယ် ကာကွယ် တားဆီးခြင်း ကိစ္စများကို ပြည့်စုံ ပြီးမြောက်ရုံမက မေတ္တာကို အခြေခံ၍ ဝိပဿနာဉာဏ်ကို တစ်ဆင့်တက်ကာ ရင့်ကျက်ပါလျှင် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဒေသနာတော်ကြီး ဖြစ်ပါသတည်း။

**မေတ္တသုတ်တော်(အဋ္ဌုပ္ပတ္တိ) နိဒါန်းပြီး၏။**

www.dhammadownload.com



# ၃။ မေတ္တသုတ်တော်

## မေတ္တာသုတ် အဖွင့်

(က) ယဿာ နုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယဥှိ စေဝါ နုယုဥ္ဇန္တော၊ ရတ္တိန္ဒိဝ' မတန္ဒိတော။

(ခ) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

အိုသူတော်ကောင်းတို့၊ မေတ္တာသုတ်ပရိတ်တော်၏ အာနုဘော်တော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ်အာရုံမျိုးကို မပြနိုင်ဘဲ ရှိကြသည်၊ ထို မေတ္တာသုတ်ပရိတ်တော်၌ နေ့ညမပြတ် မပျင်းမရိဘဲ ထပ်တလဲလဲ စွဲမြဲ ရွတ်ပွားကြိုးစားအားထုတ်သူသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏၊ အိပ်ပျော်သည်ရှိသော် မကောင်းသော အိပ်မက်မျိုးလည်း မမြင်မက်ရ၊ ဤသို့ စသော အကျိုးအာနိသင်နှင့် ပြည့်စုံသော မေတ္တာသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ဖတ်ပူဇော်ကြပါကုန်စို့။

၁။ ကရဏီယ' မတ္ထကုသလေန၊
ယန္တံ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။

၃။ န စ ခုဒ္ဒ' မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
* သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

www.dhammadownload.com



## မေတ္တာကြိုတင်ကျင့်ဖွယ် ၁၅-ချက်

ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသော, အကျိုးစီးပွား၌ လိမ္မာသောသူသည် (ဤဆိုလတ္တံ့သော အကျင့်တို့ကို) ပြုကျင့်အပ်၏။

(၁) ကျင့်စွမ်းနိုင်ရမည်။

(၂) ကိုယ်နှုတ် ဖြောင့်မတ်ရမည်။

(၃) စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်ရမည်။

(၄) ဆိုဆုံးမ လွယ်ရမည်။

(၅) စိတ်ထား နူးညံ့ သိမ်မွေ့ရမည်။

(၆) လွန်ကဲတက်ကြွသော မာန်မာန မရှိရာ။

(၇) ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ရမည်။

(၈) မွေးမြူလွယ်ရမည်။ (သူတစ်ပါး အပြုအစု မခက်စေရ)

(၉) အမှုကိစ္စ နည်းပါးရမည်။ (အပိုအလုပ်တွေ နည်းရမည်)

(၁၀) ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှုရှိရမည်။

(၁၁) ငြိမ်သက်သော ဣန္ဒြေရှိရမည်။

(၁၂) ရင့်ကျက်သော ပညာရှိရမည်။

(၁၃) ကိုယ်, နှုတ်, နှလုံး ကြမ်းတမ်းခြင်း မရှိရာ။

(၁၄) ဒါယကာတို့၌ တပ်မက်မှု ကင်းရမည်။
(ဒကာစွဲ, ဆရာစွဲ, လူမျိုးစွဲ ကင်းရမည်)

(၁၅) ပညာရှိတို့ ကဲ့ရဲ့ စွပ်စွဲနိုင်မည့် ဒုစရိုက်မှုကို စိုးစဉ်းအနည်းငယ်မျှလည်း မပြုမကျင့်ရာ။

- ခပ်သိမ်းသော သတ္တဝါတို့ ချမ်းသာကြပါစေ။
- ခပ်သိမ်းသော သတ္တဝါတို့ ဘေးကင်းကြပါစေ။
- ခပ်သိမ်းသော သတ္တဝါတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

www.dhammadownload.com



## မေတ္တာပွားနည်း

၄။ ယေ ကေစိ ပါဏဘူတ’တ္ထိ၊
တသာ ဝါ ထာဝရာ ဝ’နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ကြွင်းမဲ့ဉဿုံ အလုံးစုံသော (ထွက်သက်ဝင်သက်ရှိ) သတ္တဝါ, (ထွက်သက်ဝင်သက်မဲ့) သတ္တဝါတို့သည်လည်းကောင်း၊ ထိတ်လန့်တတ်သော (ပုထုဇဉ်, သေက္ခ) ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စိတ်ဓာတ်ခိုင်ခံ့သော (ရဟန္တာ) ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ခန္ဓာကိုယ် ရှည်သောသတ္တဝါတို့သည်လည်းကောင်း၊ ခန္ဓာကိုယ် ကြီးသော သတ္တဝါတို့သည်လည်းကောင်း၊ ခန္ဓာကိုယ် အလတ်စားရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ခန္ဓာကိုယ် ပုတိုသောသတ္တဝါတို့သည်လည်းကောင်း၊ ခန္ဓာကိုယ် သေးငယ်သောသတ္တဝါတို့သည်လည်းကောင်း၊ ခန္ဓာကိုယ် ဆူဖြိုးသော သတ္တဝါတို့သည်လည်းကောင်း၊ မြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ မမြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ အဝေး၌နေသော သတ္တဝါတို့သည်လည်းကောင်း၊ အနီး၌နေသော သတ္တဝါတို့သည်လည်းကောင်း၊ ဘဝ၌ ဖြစ်ပြီးကြသော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဘဝအသစ်ကို ရှာမှီးနေကြကုန်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ’မိစ္ဆေယျ။

www.dhammadownload.com



- တစ်ယောက်နှင့် တစ်ယောက် အမျက်ဒေါသ ကင်းကြပါစေ။
- တစ်ယောက်နှင့် တစ်ယောက် အထင်အမြင်သေးမှု ကင်းဝေးကြပါစေ။
- တစ်ယောက်နှင့် တစ်ယောက် ဒေါသဖြင့် ချုပ်ချယ်မှု ကင်းကြပါစေ။
- တစ်ယောက်နှင့် တစ်ယောက် (အချင်းချင်း) ဆင်းရဲဒုက္ခ ရောက်ခြင်းကို အလိုမရှိကြပါစေလင့်။

## မေတ္တာရှင်တို့၏ စိတ်ထား

၇။ မာတာ ယထာ နိယံပုတ္တ-
မာယုသာ ဧကပုတ္တ' မနုရက္ခေ၊
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသော သားကို အသက်ရှင်စေရန် အစဉ် စောင့်ရှောက်ဘိသကဲ့သို့ (အသက်နှင့်လဲ၍ အစဉ်စောင့်ရှောက်ဘိသကဲ့သို့) ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

## မေတ္တာနုပဿနာ

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ၊
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ' မသပတ္တံ။

အထက်အောက်ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်း မရှိသော, အတွင်းရန် အပြင်ရန် ကင်းသော, အတိုင်းအရှည် မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

www.dhammadownload.com



## ဗြဟ္မာ့ရိပ်သာပုထ်လေးပါး မေတ္တာပွား

၉။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ၊
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ'မေတံ ဝိဟာရ' မိဓ' မာဟု။

ငိုက်မျဉ်းခြင်းကင်း၍ ရပ်နေသမျှ, သွားနေသမျှ, ထိုင်နေသမျှ, လျောင်းနေသမျှ ကာလပတ်လုံး ဤ(မေတ္တာနှင့်ယှဉ်သော)သတိကို ပွားများအံ့ဟု ဆောက်တည်ရာ၏၊ ဤသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့် နေခြင်းကို မြတ်သောနေခြင်း (ဗြဟ္မဝိဟာရ)ဟူ၍ မြတ်စွာဘုရားတို့ ဟောတော်မူကုန်၏။

## မေတ္တာသမထမှ ဝိပဿနာသို့

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော၊
ကာမေသု ဝိနေယျ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

(ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောသူသည်) သက္ကာယဒိဋ္ဌိသို့လည်း မကပ်ရောက်မူ၍ (လောကုတ္တရာ)သီလရှိသည်ဖြစ်လျက် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တစ်ဖန် ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပေဟု မိန့်တော်မူ၏။

- မေတ္တသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- မေတ္တသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

မေတ္တသုတ္တံ နိဋ္ဌိတံ။

မေတ္တာသုတ်တော်ပြီး၏

www.dhammadownload.com



**မေတ္တာသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး**

မေတ္တာသုတ်တော်ကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိသူတို့မှာ အပလောက ပယောဂ အနှောက်အယှက် မခံရခြင်း၊ အနာရောဂါ ကင်းခြင်း၊ အိပ်မက်ဆိုး, နိမိတ်ဆိုး, အတိတ်ဆိုးများ မတွေ့ကြုံရခြင်း၊ လူ, နတ်အများ ချစ်ခင်ကြခြင်း၊ အဆိပ်လက်နက် မစူးရှခြင်း၊ ရှုံးသွပ်သော ဝေဒနာ ကင်းခြင်းမှစ၍ ဗြဟ္မာ့ဘုံရောက်သည်အထိ အကျိုးပေးနိုင်စွမ်း ရှိလေသည်။

## မေတ္တာသုတ်တော်လာ မေတ္တာ ၅၆၁-နည်း ပွားပုံ

### မေတ္တာပွားနည်း ၃-နည်း

(က) သုခိနော ဟောန္တု – (ချမ်းသာကြပါစေ)

(ခ) ခေမိနော ဟောန္တု – (ဘေးရန်ကင်းကြပါစေ)

(ဂ) သုခိတတ္တာ ဟောန္တု – (ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ)

### ပုဂ္ဂိုလ် ၁၇-ဦး

၁။ သဗ္ဗေ တသာ – (အားလုံးသော ပုထုဇဉ်,သေက္ခပုဂ္ဂိုလ်တွေ)
၂။ သဗ္ဗေ ထာဝရာ – ( ။ ရဟန္တာပုဂ္ဂိုလ်တွေ)
၃။ သဗ္ဗေ ဒိဋ္ဌာ – ( ။ မြင်ဖူးတဲ့ သတ္တဝါတွေ)
၄။ သဗ္ဗေ အဒိဋ္ဌာ – ( ။ မမြင်ဖူးတဲ့ သတ္တဝါတွေ)
၅။ သဗ္ဗေ ဒူရေ (ဝသန္တာ)– ( ။ အဝေးမှာနေတဲ့ သတ္တဝါတွေ)
၆။ သဗ္ဗေ အဝိဒူရေ( ။ ) – ( ။ အနီးမှာနေတဲ့ သတ္တဝါတွေ)
၇။ သဗ္ဗေ ဘူတာ – ( ။ ရဟန္တာပုဂ္ဂိုလ်တွေ)
၈။ သဗ္ဗေ သမ္ဘဝေသီ – ( ။ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တွေ)
၉။ သဗ္ဗေ ဒီဃာ – ( ။ ခန္ဓာကိုယ်ရှည်လျားတဲ့သတ္တဝါတွေ)

www.dhammadownload.com



၁၀။ သဗ္ဗေ ရသသကာ – (အားလုံးသော ခန္ဓာကိုယ် ပုတိုတဲ့ သတ္တဝါတွေ)
၁၁။ သဗ္ဗေ မဇ္ဈိမာ – ( ။ ခန္ဓာကိုယ် အလယ်အလတ်–)
၁၂။ သဗ္ဗေ မဟန္တာ – ( ။ ခန္ဓာကိုယ် ကြီးမားတဲ့–)
၁၃။ သဗ္ဗေ အဏုကာ – ( ။ ခန္ဓာကိုယ် သေးငယ်တဲ့–)
၁၄။ သဗ္ဗေ မဇ္ဈိမာ – ( ။ ခန္ဓာကိုယ် အလယ်အလတ်–)
၁၅။ သဗ္ဗေ ထူလာ – ( ။ ခန္ဓာကိုယ် ဆူဖြိုးတဲ့–)
၁၆။ သဗ္ဗေ အဏုကာ – ( ။ ခန္ဓာကိုယ် ကြုံလှီတဲ့–)
၁၇။ သဗ္ဗေ မဇ္ဈိမာ – ( ။ ခန္ဓာကိုယ် အလယ်အလတ်–)

မှတ်ချက်။ (က) (ခ) (ဂ) အပိုဒ် ၃–ပိုဒ်သည် အမှတ်စဉ် ၁၇–ပိုဒ်လုံးနှင့် ပေါင်းစပ်ရမည်၊ (သဗ္ဗေ တသာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဟောန္တု) စသည်ဖြင့် ပေါင်းစပ်ရမည်။ (၁၇ × ၃ = ၅၁) ဖြစ်သည်။

## အရပ် ၁၀–မျက်နှာ

၁။ ပုရတ္ထိမာယ ဒိသာယ – (အရှေ့အရပ်၌)
၂။ ပုရတ္ထိမာယ အနုဒိသာယ – (အရှေ့တောင်အရပ်၌)
၃။ ဒက္ခိဏာယ ဒိသာယ – (တောင်အရပ်၌)
၄။ ဒက္ခိဏာယ အနုဒိသာယ – (အနောက်တောင်အရပ်၌)
၅။ ပစ္ဆိမာယ ဒိသာယ – (အနောက်အရပ်၌)
၆။ ပစ္ဆိမာယ အနုဒိသာယ – (အနောက်မြောက်အရပ်၌)
၇။ ဥတ္တရာယ ဒိသာယ – (မြောက်အရပ်၌)
၈။ ဥတ္တရာယ အနုဒိသာယ – (အရှေ့မြောက်အရပ်၌)
၉။ ဥပရိမာယ ဒိသာယ – (အထက်အရပ်၌)
၁၀။ ဟေဋ္ဌိမာယ ဒိသာယ – (အောက်အရပ်၌)

www.dhammadownload.com



မှတ်ချက်။ အရပ်တစ်မျက်နှာ၌ ဖော်ပြပါ ၅၁–နည်းကို ပွားရပါမည်၊ အရပ်ဆယ်မျက်နှာအတွက် ၅၁၀–နည်း ဖြစ်ပါတယ်၊ အရပ်မျက်နှာ မသတ်မှတ်သော ၅၁–နည်းနှင့် ပေါင်းလျှင် ၅၁၀+၅၁= ၅၆၁–နည်း ဖြစ်ပါသည်၊ (ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ တသာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဟောန္တု)ဟု ပေါင်းစပ်၍ ပွားပါ။

---

**အရပ်မျက်နှာ မသတ်မှတ်ဘဲ ပွားပုံ(နမူနာ)**

- (သဗ္ဗေ တသာ) သုခိနော ဟောန္တု၊
  ခေမိနော ဟောန္တု၊
  သုခိတတ္တာ ဟောန္တု၊

(စာမျက်နှာ ၄၇–မှ ၁၇–ချက်လုံး ပွားပါ)

**အရပ်မျက်နှာ သတ်မှတ်၍ ပွားပုံ(နမူနာ)**

- (ပုရတ္ထိမာယ ဒိသာယ) သဗ္ဗေ တသာ သုခိနော ဟောန္တု၊
  ခေမိနော ဟောန္တု၊
  သုခိတ္တာ ဟောန္တု၊

(အရပ်တစ်မျက်နှာ၌ ၁၇–ချက်စီ ပွားပါ)

## ၅၂၈–သွယ် မေတ္တာပွားပုံ

### မေတ္တာပွားနည်း ၄–နည်း

(က) အဝေရာ ဟောန္တု – (ဘေးရန် ကင်းကြပါစေ)
(ခ) အဗျာပဇ္ဈာ ဟောန္တု – (စိတ်ဆင်းရဲ ကင်းကြပါစေ)
(ဂ) အနီဃာ ဟောန္တု – (ကိုယ်ဆင်းရဲ ကင်းကြပါစေ)
(ဃ) သုခီအတ္တာနံ ပရိဟရန္တု – (ချမ်းချမ်းသာသာ မိမိတို့ ခန္ဓာဝန်ကို ထမ်းဆောင်နိုင်ကြပါစေ။)

www.dhammadownload.com



## ပုဂ္ဂိုလ် ၁၂–ဦး

| | | | |
|---|---|---|---|
| ၁။ | သဗ္ဗေ သတ္တာ | – (အားလုံးသော | သတ္တဝါတွေ) |
| ၂။ | သဗ္ဗေ ပါဏာ | – ( ။ | သက်ရှိသတ္တဝါတွေ) |
| ၃။ | သဗ္ဗေ ဘူတာ | – ( ။ | ခန္ဓာကိုယ် ထင်ရှားရှိတဲ့) |
| ၄။ | သဗ္ဗေ ပုဂ္ဂလာ | – ( ။ | ပုဂ္ဂိုလ်တွေ) |
| ၅။ | သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ | – ( ။ | ခန္ဓာကိုယ်အတ္တဘော အကျုံးဝင်ကြသူတွေ) |
| ၆။ | သဗ္ဗာ ဣတ္ထိယော | – ( ။ | မ,သတ္တဝါတွေ) |
| ၇။ | သဗ္ဗေ ပုရိသာ | – ( ။ | ဖို,သတ္တဝါတွေ) |
| ၈။ | သဗ္ဗေ အရိယာ | – ( ။ | အရိယာပုဂ္ဂိုလ်တွေ) |
| ၉။ | သဗ္ဗေ အနရိယာ | – ( ။ | ပုထုဇဉ်ပုဂ္ဂိုလ်တွေ) |
| ၁၀။ | သဗ္ဗေ ဒေဝါ | – ( ။ | နတ်ဗြဟ္မာတွေ) |
| ၁၁။ | သဗ္ဗေ မနုဿာ | – ( ။ | လူသားတွေ) |
| ၁၂။ | သဗ္ဗေ ဝိနိပါတိကာ | – ( ။ | အပါယ်ဘုံသားတွေ) |

မှတ်ချက်။ ပုဂ္ဂိုလ် ၁၂–ဦးနှင့် မေတ္တာ ၄–နည်းကို တွဲစပ်၍ ပွားပါ၊ (သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု) ဟု ပွားပါ။
၁၂× ၄= ၄၈–နည်း ဖြစ်ပါသည်၊ အရပ်ဆယ်မျက်နှာ ပွားလျှင် ၄၈၀–နည်း ဖြစ်ပါသည်၊ ၄၈ + ၄၈၀ = ၅၂၈ ဖြစ်ပါသည်။)

www.dhammadownload.com



## ခန္ဓသုတ်တော်(အဋ္ဌုပ္ပတ္တိ)နိဒါန်း

သဗ္ဗညု မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်၍ နေတော်မူစဉ် မထင်ရှားသော ရဟန်းတစ်ပါးသည် ဖရုံးအိမ်တံခါး၌ ထင်းများကို ခွဲနေသောအခါ မြွေတစ်ကောင်သည် သစ်ဆွေးကြားမှထွက်၍ ထိုရဟန်း၏ ခြေ၌ ကိုက်လေ၏၊ ထိုရဟန်းသည် မြွေကိုက်ခဲရာအရပ်၌ပင် ပျံလွန်တော်မူလေ၏၊ ထိုသို့ ပျံလွန်တော်မူသောအဖြစ်သည် အလုံးစုံသော ကျောင်းများ၌ ထင်ရှား ပျံ့နှံ့၍ သွားလေ၏၊ တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် "ငါ့ရှင်တို့ ဤမည်သော ရဟန်းသည် ဖရုံးအိမ်တံခါး၌ ထင်းများ ခွဲသည်ရှိသော် မြွေကိုက်ခဲ၍ ပျံလွန်တော်မူ၏"ဟူသော စကားကို ပြောကြားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ "ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး၍ နေကြပါသနည်း"ဟု မေးမြန်းတော်မူလတ်၍ ဤမည်သော စကားရပ်ဖြင့် စည်းဝေးကြပါကုန်၏ဘုရားဟု နားတော်လျှောက်ကုန်သည်ရှိသော် "ရဟန်းတို့ ထိုရဟန်းသည် လေးပါးသော မြွေအမျိုးအစားတို့ကို အာရုံပြု၍ မေတ္တာတရားကို ပွားများစေခြားအံ့၊ မြွေသည် ထိုရဟန်းကို မကိုက်ခဲလေရာ၊ ထိုစကားသည် မှန်ပေ၏၊ ရသေ့ဖြစ်ကုန်သော ရှေးပညာရှိများတို့သည်လည်း ငါဘုရားဖြစ်တော်မမူမီ လေးပါးကုန်သော မြွေအမျိုးအစားတို့၌ မေတ္တာတရားကို ပွားများစေသောကြောင့် ထိုမြွေများတို့၏ ကိုက်ခဲသောဘေးတို့မှ ကင်းဝေး လွတ်ခဲ့ဖူးကုန်၏"ဟု မိန့်တော်မူလျက် အတိတ်ကို ဆောင်လေ၏။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ငါတို့ ဘုရားအလောင်းတော်သည် ကာသိကတိုင်းဝယ် ပုဏ္ဏားမျိုးဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကာမဂုဏ်တရားတို့ကို ပယ်ရှား၍ ရသေ့ရဟန်းပြုပြီးလျှင် တပည့်ငါးရာနှင့်တကွ ဂင်္ဂါမြစ်ကမ်းနား၌ တစ်ခုသော တောအရပ်သို့ သွား၍နေ၏၊ ထိုအရပ်၌ အထူးထူး အပြားပြား များကုန်သော မြွေတိရစ္ဆာန်

www.dhammadownload.com



အမျိုးအစားတို့သည်လည်း ရှိကုန်၏၊ တစ်နေ့သောအခါ ရသေ့တစ်ပါးသည် မြွေကိုက်ခံရသဖြင့် အနိစ္စရောက်သွားလေ၏၊ ထိုအကြောင်းကို တပည့်ရသေ့ အပေါင်းတို့သည် ဆရာဖြစ်သော ဘုရားအလောင်းအား လျှောက်ထားကြကုန်၏၊ ဘုရားအလောင်း ရှင်ရသေ့သည် ''ရသေ့အပေါင်းတို့ သင်တို့သည် မြွေလေးပါးကို မေတ္တာတရား ပွားများ ပို့သပါမူကား မြွေမကိုက်ခဲရာ၊ ကိုက်ခဲစေဦး အဆိပ်မတက်နိုင်သဖြင့် သေလွန်မည်ကိုထားဦး အဏုမြူမျှ ဒုက္ခ မဖြစ်ရာ။

ငါ့ရှင်တို့သည် ယနေ့မှစ၍ မြွေ, ကင်း, သန်းစသော သတ္တဝါတို့ကြောင့် ဘေးရန်မရှိစေခြင်းငှာ မြွေလေးပါးနှင့်တကွ အန္တရာယ်ပြုတတ်သော သတ္တဝါတို့ကို မေတ္တာပို့သကြပါကုန်''ဟု ဆုံးမတော်မူ၏၊ **''ဝိရူပက္ခေဟိ မေ မေတ္တံ''**စသော ခန္ဓသုတ် ပရိတ်တရားကိုလည်း သင်ကြားလေ၏၊ ရသေ့အပေါင်းတို့သည် ခန္ဓသုတ် ပရိတ်တရားကို နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြ၍ မြွေလေးပါးနှင့်တကွ အန္တရာယ်ပြုတတ်ကုန်သော သတ္တဝါတို့ကို မေတ္တာတရား ပွားများပို့သကြကုန်၏၊ ဤသို့လျှင် ခန္ဓသုတ်ပရိတ်တော်၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ရသေ့အပေါင်းတို့သည်လည်း မကောင်းဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ်ကင်းသဖြင့် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့ကို ရရှိကြ၍ ကသိုဏ်းပရိကံ ဗြဟ္မဝိဟာရတရားတို့ကို ပွားများ အားထုတ်ကြသဖြင့် ဈာန်အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံကြလျက် စုတိမနေ သေလွန်သောအခါ ဘုရားအလောင်းရှင်ရသေ့နှင့်တကွ ဗြဟ္မဝိဟာရတရားကြောင့် ဗြဟ္မာ့ပြည်သို့ လားရောက်ကြလေသတည်း။

**ခန္ဓသုတ်တော်(အဋ္ဌုပ္ပတ္တိ) နိဒါန်းပြီး၏။**

www.dhammadownload.com



# ၅။ ခန္ဓသုတ်တော်

## ခန္ဓသုတ် အဖွင့်

(၁) သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ၊
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ၊

(၂) အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ၊
သဗ္ဗသော ပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ၊

(၁-၂) အို သူတော်ကောင်းတို့- နတ်မန္တန် နတ်ဆေးဝါးသည် လျင်သော အဆိပ်ရှိသော မြွေမျိုးမှန်သမျှတို့၏ ပြင်းထန်သောအဆိပ်ကို ဖျက်ဆီးတတ်သကဲ့သို့ ခန္ဓသုတ်ပရိတ်တော်သည် အာဏာခေတ် တစ်ခွင်လုံး၌ သတ္တဝါအလုံးစုံတို့၏ ပြင်းထန်သော အဆိပ်ကိုလည်းကောင်း၊ ကြွင်း ဘေးရန်အမျိုးမျိုးကိုလည်းကောင်း ဘယ်အခါမဆို လုံးဝ ကုန်စင်အောင်ပင် မြစ်တားပယ်ရှားနိုင်ပါပေသည်၊ ထို ခန္ဓသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြကုန်စို့။

(၃) ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ၊
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာ ဂေါတမကေဟိ စ၊

(၃) ဝိရူပက္ခ နဂါးမျိုးတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ ဧရာပထ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ ကဏှာဂေါတမ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

(၄) အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ၊
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ၊

(၄) အခြေမရှိသော သတ္တဝါတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ်

www.dhammadownload.com



ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေများစွာရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

**(၅) မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။**
**မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာမံ ဟိံသိ ဗဟုပ္ပဒေါ။**

(၅) အခြေမရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှဉ်းဆဲ ပါစေလင့်၊ ခြေနှစ်ချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကိုမညှဉ်းဆဲစေလို၊ အခြေလေးချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်းဆဲစေချင်၊ အခြေများစွာရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်းဆဲပါစေလင့်။

**(၆) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။**
**သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာ ကဉ္စိ ပါပ'မာဂမာ။**

(၆) သတ္တဝါမှန်သမျှ ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို ကြုံတွေ့ကြပါစေ၊ ဘယ်သူ တစ်ဦးတစ်ယောက်သို့မျှ ဆင်းရဲဒုက္ခ မကျမလာ မရောက်ပါစေလင့်။

**(၇) အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။**
**အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။**
**အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူ မူသိကာ။**

(၇) မြတ်စွာဘုရားသည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည် ပမာဏမရှိ၊ လောကုတ္တရာတရားတော်သည်လည်း ဂုဏ်တော်အားဖြင့် တိုင်းတာမရ ပမာဏ မရှိ၊ အရိယာ သံဃာတော်သည်လည်း လောကုတ္တရာတရားအရ ပမာဏ မရှိ၊ မြွေ, ကင်းမြီးကောက်, ကင်းခြေများ, ပင့်ကူ, အိမ်မြှောင်, ကြွက်ဟူသော ရင်ဖြင့် တွားသွားတတ်သော သတ္တဝါများသည် တိုင်းတာကန့်သတ်မှု ပြုတတ်သော ကိလေသာရှိသူများဖြစ်၍ ပမာဏ ရှိသူများပင်တည်း။

**(၈) ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ။**
**သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။**

www.dhammadownload.com



(၈) ငါသည် အကာအကွယ် အစောင့်အရှောက်ကို ပြုပြီးခဲ့ပြီ၊ ငါသည် အရံအတားကို ပြုပြီးခဲ့ပြီ၊ သတ္တဝါများ ရှောင်ရှားကြကုန်လော့၊ ထိုငါသည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော ရှေးရှေးဘုရားရှင် မှန်သမျှအား ရှိခိုးပါ၏၊ ဝိပဿီ အစရှိသော ခုနစ်ဆူသော ဘုရားရှင်တို့အားလည်း ရှိခိုးပါ၏။

- ခန္ဓသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- ခန္ဓသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

ခန္ဓသုတ္တံ နိဋ္ဌိတံ။

ခန္ဓသုတ်တော်ပြီး၏

**ခန္ဓသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး**

မြွေ, ကင်းမှစ၍ တောရိုင်းတိရစ္ဆာန်များ ကိုက်ခဲခြင်း, ရန်မူခြင်းဘေးမှ ကင်းဝေးကြလျက် အဆိပ်သင့်ခြင်းဘေးမှလည်း ကင်းဝေးစေလေသည်။

www.dhammadownload.com



## မောရသုတ်တော်(အဋ္ဌုပ္ပတ္တိ)နိဒါန်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ ကာမဝိတက်ကြောင့် လူထွက်လိုသော ရဟန်းကို အကြောင်း ပြု၍ ဤဥဒေါင်းမင်းဇာတ်ဖြစ်သော မောရပရိတ်ကို ဟောကြားတော်မူ၏။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ် စိုးစံစဉ် ဗာရာဏသီပြည်နှင့် မနီးမဝေး တစ်ခုသော တောအတွင်း၌ အလွန်အမင်း လှပကြော့ရှင်း အဆင်းရှိသော ဘုရားအလောင်း ဥဒေါင်းမင်းသည် နေလေ၏၊ ထိုဥဒေါင်းမင်းသည် ဤသို့ကြံ၏၊ ငါသည် လှပသော အဆင်းကြောင့် ဘေးရန် မကင်းချေ၊ လူတို့၏ အနီးအပါး ဤတော၌ ကျက်စားသဖြင့် မသင့်တော် မလျော် ချေဟု ကြံစည်အောက်မေ့ကာ အဖော်များစွာတို့နှင့် ခွဲခွာ၍ ဟိမဝန္တာတောအတွင်း ဟိရညဒဏ္ဍကမည်သော ရွှေတောင်ကြားသို့ သွား၍ နေလေ၏၊ နေထွက်သော အခါ နေကိုသာကြည့်၍ "ဥဒေတယံ"ဂါထာကို ရွတ်ဆိုကာ အစာရှာထွက်၏၊ နေဝင်သောအခါ တောင်ပေါ်သို့တက်၍ နေကိုသာကြည့်ပြီး "အပေတယံ"ဂါထာ ကို ရွတ်ဆိုကာ အိပ်စက်၏၊ ဤသို့လျှင် နေ့ရှိသမျှ ကာလရှည်ကြာ ပရိတ်နှစ် ဂါထာကို ရွတ်ဆိုကာနေသဖြင့် အစာရှာလွယ်၊ ဘေးဥပါဒ်အန္တရာယ်မရှိ၊ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာသုခနှင့် ပြည့်ဝနေလေ၏။

တစ်နေ့သောအခါ ဗာရာဏသီပြည်သား မုဆိုးတစ်ယောက်သည် ဟိမ ဝန္တာသို့ ရောက်၍ လှည့်လည်ရင်း ဥဒေါင်းမင်းကို မြင်သွားရာ အိမ်သို့ ပြန်ရောက် သောအခါ သူ၏ သားအား ပြောပြ၏၊ ထိုမုဆိုး၏ သားသည်လည်း အဘပြော သော စကားကို အရပ်ဌာနပါ မှတ်သား၍ ထားလေ၏၊ ထိုမုဆိုးကြီး သေလွန် ပြီးနောက် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ ခေမာအမည်ရှိသော မိဖုရားကြီး သည် အိပ်မက်ထဲ၌ ရွှေဥဒေါင်းမင်း၏တရားကို နာကြားရသည်ဟု မြင်မက် သဖြင့် ဗြဟ္မဒတ်မင်းကြီးအား လျှောက်ထားလေ၏၊ မင်းကြီးလည်း အမတ်ပုရော ဟိတ်ပုဏ္ဏားတို့ကို မေးတော်မူရာ ပုဏ္ဏားတို့လည်း မသိကြသဖြင့် မုဆိုးတို့ကို ခေါ်ယူ မေးမြန်းသည်ရှိသော် တစ်ယောက်သော မုဆိုးက သူ၏ဖခင် စကားအတိုင်း

www.dhammadownload.com



အလုံးစုံ ပြောကြားသဖြင့် ထိုမုဆိုးကို ဟိမဝန္တာသို့သွား၍ ဖမ်းယူခဲ့ရန် အဖိုးထိုက်တန်သော ဆုလာဘ်သပ္ပကာ များစွာပေး၍ လွှတ်လိုက်၏၊ ထိုမုဆိုးလည်း တောသို့သွား၍ ကျော့ကွင်းချသော်လည်း မရနိုင်ဘဲ ကာလသာကြာ၍ ထိုနေရာ၌ပင် သေရှာ၏၊ မိဖုရားကြီးလည်း ကံကုန်၍ သေဆုံး၏၊ မင်းကြီးလည်း နှလုံး မသာမယာဖြစ်၍ ကံမကုန်မီ "ဤအရပ်၌ ရွှေဥဒေါင်းမင်းရှိ၏၊ ၎င်း၏ အသားကို စားလျှင် အနာကင်း၏၊ အသက် ရှည်၏၊ အန္တရာယ်ပျောက်၏၊ ဘုန်းတန်ခိုး တောက်၏"ဟု ရွှေပေလွှာ၌ ကမ္ပည်းစာ ထိုးထားခဲ့၏။

ထို့နောက် အဆက်ဆက်တက်သော မင်းတို့နှင့် မုဆိုးတို့လည်း ရွှေပေလွှာ ကမ္ပည်းစာအရ ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို ဖမ်းရန် ကြိုးစားကြပြန်၏၊ နှစ်ပေါင်း ခုနစ်ရာ မင်းပေါင်းခြောက်ဆက် ဆက်လက် ဖမ်းကြသော်လည်း မရခဲ့ကြပေ၊ ခုနစ်ဆက်မြောက်သော မင်းလက်ထက်၌ မုဆိုးတစ်ယောက်သည် ကျော့ကွင်းနှင့် ထောင်ဖမ်း၍ မရမှန်းသိသဖြင့် ဥဒေါင်းမကို အဆိုအကသင်ကာ ဥဒေါင်းမအား အလယ်ကထား၍ ညွှတ်ကွင်းများ ထောင်ထားလေ၏၊ ဘုရားအလောင်း ဥဒေါင်းမင်းသည် ဥဒေါင်းမ၏ ကခြင်း သီချင်းသံကို တပ်မက် စွဲလမ်းသဖြင့် အမြဲတမ်း ရွတ်နေကျ ပရိတ်နှစ်ဂါထာကို မေ့လျော့ကာ ရွှေဥဒေါင်းမအသံ၏ ဆွဲဆောင်ရာသို့ လိုက်ပါမိသောကြောင့် ညွှတ်ကွင်းထိကာ ဗာရာဏသီမင်းကြီးထံ ဆက်သခြင်း ခံရလေသည်၊ ထိုအခါ ဥဒေါင်းမင်းသည် မင်းကြီးအား "အကျွန်ုပ်ကို အဘယ့်ကြောင့် ဖမ်းသနည်း"ဟု မေးရာ မင်းကြီးက "အသင်ဥဒေါင်းမင်း၏ အသားကို စားရသော သူတို့မှာ မအို, မနာ, မသေပြီဟု ရွှေပေလွှာ၌ ကမ္ပည်းစာ တွေ့သဖြင့် ဖမ်းရပါသည်"ဟု ဆိုလေ၏။

"မင်းကြီး၊ အကျွန်ုပ်၏ အသားကိုစား၍ သင်ကား မအို မနာ မသေ ဖြစ်စေကာမူ အကျွန်ုပ်ကား သေရမည် မဟုတ်ပါလား၊ အကျွန်ုပ်သေသော် အကျွန်ုပ်၏ အသားကို စားသူလည်း အဘယ်ကြောင့် မအို မနာ မသေဘဲ ရှိပါအံ့နည်း၊ မအို မနာ မသေသော သတ္တဝါမည်သည် မရှိ၊ နိဗ္ဗာန်သည်သာ မအို မနာ မသေရာဖြစ်၏"ဟု ရွှေဥဒေါင်းမင်းသည် တရားဟောသဖြင့် မင်းကြီးသည် မသတ်တော့ဘဲ ကောင်းစွာ ကျွေးမွေးပြီးလျှင် ဤသို့ မေးပြန်၏၊ "ဥဒေါင်း

www.dhammadownload.com



မင်း၊ သင်သည် အဘယ့်ကြောင့် ရွှေအဆင်းကဲ့သို့ လုပခြင်းနှင့် ပြည့်စုံပါသနည်း'' ဟု မေးသောအခါ ရွှေဥဒေါင်းက ''အကျွန်ုပ်သည် ရှေးယခင်က ဤဗာရာဏသီပြည်တွင် စကြဝတေးမင်း ဖြစ်ခဲ့ဖူးပါသည်၊ ထိုအခါ တိုင်းသူပြည်သား လူအများတို့အား ဒါန,သီလ ပြုလုပ်ကြရန် နိုးဆော်သြဝါဒ ပေးခဲ့ဖူး၏၊ ထိုကောင်းမှုကြောင့် တာဝတိံသာ၌ နတ်စည်းစိမ်များ ခံစားပြီးလျှင် ထိုနတ်ပြည်မှစုတေ၍ ယခုအခါ ဥဒေါင်းမင်း ဖြစ်လာရကြောင်းကိုလည်းကောင်း၊ ထိုစကြဝတေးမင်း ဖြစ်စဉ်က ဒါန,သီလ ကုသိုလ်ကံကြောင့် ရွှေအဆင်းကဲ့သို့ လုပခြင်းနှင့် ပြည့်စုံရကြောင်းကိုလည်းကောင်း'' စုံလင်စွာ ပြောပြလေသည်။

မင်းကြီးကလည်း ''အသင် ဥဒေါင်းမင်း၊ စကြဝတေးမင်း ဖြစ်ခဲ့ဖူးသည်ဆိုခြင်းကို အကျွန်ုပ်ယုံကြည်ရန် သက်သေသာဓက ပြနိုင်ပါမည်လား''ဟု မေးပြန်သဖြင့် ''သင်မင်းကြီး ယုံကြည်ရန် သက်သေသာဓက ပြနိုင်ပါသည်၊ ထိုစဉ်က အကျွန်ုပ်သည် ရတနာခုနစ်ပါး စီခြယ်ထားသော ရထားဖြင့် ကောင်းကင်သို့ သွားဖူးပါ၏၊ ထိုရထားသည် ဤမင်္ဂလာရေကန်ထဲ၌ ရှိပါ၏၊ တူးဖော်ယူပါ''ဟု ဆိုလေသည်၊ ထိုအခါ မင်းကြီးလည်း ရွှေဥဒေါင်းမင်း စကားအတိုင်း မကြာမဆိုင်းဘဲ တူးဖော်ခိုင်းသည်ရှိသော် တွေ့ရှိရသဖြင့် ယုံကြည် စိတ်ချလေ၏၊ ရွှေဥဒေါင်းမင်းလည်း မင်းကြီးအား ''နိဗ္ဗာန်ကိုထား၍ မအို မနာ မသေသော တရားမရှိကြောင်း''တရားဟောကာ ငါးပါးသီလကို ဆောက်တည်စေ၏၊ မင်းကြီးလည်း ရွှေဥဒေါင်းမင်းအား ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသဖြင့် ပြည်စည်းစိမ်ကိုပင် အပ်နှင်းလေရာ နှစ်ရက်, သုံးရက်မျှသာ နန်းစံ၍ ဟိရညဒဏ္ဍက ရွှေတောင်ကြားသို့ ပြန်သွားလေ၏၊ မင်းကြီးအားလည်း ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ မပေါ့မတန် ချေင် လေးစားရန် သြဝါဒစကား ပေးသွား၏၊ ဤတရားကို ဘုရားရှင်ဟောကြားပြီးသောအခါ ကာမဝိတက်ကြောင့် လူထွက်လိုသောရဟန်းသည် အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်သွားပါသတည်း။

**မောရသုတ်တော်(အဋ္ဌကထာ) နိဒါန်း ပြီး၏။**

www.dhammadownload.com



# ၅။ မောရသုတ်တော်

## မောရသုတ် အဖွင့်

(၁) ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

(၂) စိရဿ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
“ဗြဟ္မမန္တ”န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၁-၂) အို သူတော်ကောင်းတို့၊ သဗ္ဗညုတဉာဏ် ရရန်ထောက်ကူ ပါရမီအဆောက်အဦတို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူသော ဥဒေါင်းမျိုး၌ ဖြစ်တော်မူသော အကြင်မောရသုတ် ပရိတ်တော်ဖြင့် ကောင်းစွာ ပြုစီရင်အပ်သည့် စောင့်ရှောက်ကာကွယ်မှုရှိသော ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို ခုနစ်ဆက်သော မုဆိုးတို့သည် နှစ်ပေါင်း ခုနစ်ရာ ရှည်မြင့်ကြာအောင် ဖမ်းမိဖို့ရာ ကြိုးစားကြပါကုန်သော်လည်း လက်ရဖမ်းခြင်းငှာ မတတ်နိုင်ကြကုန်သည်သာတည်း၊ ဗြဟ္မမန္တာန် (ထူးမြတ်သော မန္တန်တော်)ဟူ၍ ရှင်တော်ဘုရား ချီးကျူးမြွက်ကြားတော်မူအပ်သော ထိုမောရသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါကုန်စို့။

(၃) ဥဒေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

(၃) ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိပေထသော၊ အရောင်များတွင် တစ်ဦးတည်းသော ဘုရင်ဖြစ်သော၊ ရွှေအဆင်းရှိလျက် မြေပြင်ပျံ့နှံ့အောင် ထွန်းလင်းတတ်သော ဤနေမင်းသည် ထွက်ပေါ်လာ၏၊ ထို့ကြောင့် ရွှေအဆင်းရှိကာ ကမ္ဘာမြေ ပျံ့နှံ့အောင် ထွန်းလင်းတတ်သော အရှင်နေမင်းကို အကျွန်ုပ် ရှိခိုးပါ၏၊ ယနေ့ အရှင်နေမင်း၏ အစောင့်အရှောက် ခံယူရ၍ အကျွန်ုပ်တို့ တစ်နေ့တာပတ်လုံး ချမ်းသာစွာ နေကြရပါကုန်အံ့။

www.dhammadownload.com



(၄) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု၊
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

(၄) ဝိသုဒ္ဓိဗြာဟ္မဏ ဗုဒ္ဓရှင်တော်မြတ်တို့သည် အလုံးစုံသော တရားတို့ကို သိတော်မူကြကုန်၏၊ ထိုဗုဒ္ဓရှင်တော်မြတ်တို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုရှင်တော်မြတ်ဘုရားတို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်၊ ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်အား ရှိခိုးပါ၏၊ ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏၊ ရဟန်းတို့– ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကိုပြုကာ အစာရှာရန် လှည့်လည်လေသည်။

(၅) အပေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

(၅) ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိပေထသော၊ အရောင်များတွင် ပြိုင်ယှဉ်ဖွယ်ကင်း တစ်ဦးတည်းသော မင်းဖြစ်ပေထသော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိပေထသော၊ မြေပြင်၌ ပျံ့နှံ့အောင် ထွန်းလင်းတတ်ပေထသော ဤနေမင်းသည် အတ္တတောင်စွယ် ဝင်ပျောက်ကွယ်၏၊ ထို့ကြောင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော, မြေပြင်၌ ပျံ့အနှံ့ပင် ထွန်းလင်းတတ်ပေထသော အရှင်နေမင်းကို ရှိခိုးပါ၏၊ အရှင်နေမင်းသည် ယနေ့ စောင့်

www.dhammadownload.com



ရှောက်အပ်သည်ဖြစ်၍ အကျွန်ုပ်သည် တစ်ညတာပတ်လုံး ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

(၆) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ’ မကပ္ပယိ။

(၆) ပယ်ရှားအပ်သည့် မကောင်းမှုရှိသော ဝိသုဒ္ဓိဗြာဟ္မဏ အကြင်ဗုဒ္ဓရှင်တော်မြတ်တို့သည် အလုံးစုံသော တရားတို့ကို ဉာဏ်အမြင်အားဖြင့် ထင်ရှားပြုတုံ သိတော်မူကြကုန်၏၊ ထိုဗုဒ္ဓရှင်တော်မြတ်သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုရှင်တော်ဘုရားတို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်၊ ဘုရားရှင်တို့အား ရှိခိုးခြင်းသည် ဖြစ်ပါစေ၊ ဘုရားရှင်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်အား ရှိခိုးခြင်းသည် ဖြစ်ပါစေ၊ အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော်မူကြကုန်သော ဗုဒ္ဓအရှင်မြတ်တို့အား ရှိခိုးခြင်းသည် ဖြစ်ပါစေ၊ ရှင်တော်မြတ်ဘုရားတို့၏ ဝိမုတ္တိ ငါးပါးအား ရှိခိုးခြင်းသည် ဖြစ်ပါစေ၊ ရဟန်းတို့– ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကို ပြုလုပ်၍ အိပ်တန်းတက်လေ ညအိပ်နေခြင်းကို ပြုလေပြီ။

- မောရသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- မောရသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

မောရသုတ္တံ နိဋ္ဌိတံ။

မောရသုတ်တော်ပြီး၏

www.dhammadownload.com



## မောရသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး

ချုပ်နှောင်မည့်သူ, ဖမ်းဆီးမည့်သူများ အကြံအစည်များ ပျက်ပြားရခြင်း၊ ကြိုးပမ်းချက်များ မအောင်မြင်နိုင်ခြင်းများ သာမက အချုပ်အနှောင် (ဖမ်းဆီးမှု)များ မခံရခြင်း၊ လွတ်မြောက်ရခြင်းအကျိုးများ ရရှိစေနိုင်ပါသည်။

www.dhammadownload.com



## ဝဋ္ဋသုတ်တော် (အဋ္ဌုပ္ပတ္တိ)နိဒါန်း

အခါတစ်ပါး မြတ်စွာဘုရားသည် နောက်လိုက်သံဃာတော် များစွာနှင့် တကွ မာဂဓတိုင်း အဝင်အပါ တစ်ခုသော ရွာတစ်ရွာသို့ ဆွမ်းခံကြွလာတော်မူ၏၊ အပြန် လမ်းစပ်တစ်ခုသောအရပ်၌ အလျှံတပြောင်ပြောင် တောက်လောင်လာသော တောမီးကြီးသည် မြည်ဟည်း၍ ဝိုင်းပတ်လာသဖြင့် ပုထုဇဉ်ရဟန်းအချို့သည် ကြံရာမရ သောကပူဆွေး သေဘေးမှ ကြောက်လန့်ကြသောကြောင့် ရုတ်တရက် မီးကို တားဆီးမည်ဟု ပွတ်ခုံ ပွတ်ကြည်တို့ကို ပြုပြင်၍ မီးကြိုတင်ကာတိုက်ရန် ကြံစည် လုံးပမ်းကြကုန်၏၊ ထိုအခါ ပညာသတိရှိကြသော ရဟန်းအချို့တို့က "ငါ့ရှင်တို့ မြင်းမိုရ်တောင်ကြီးကို မှီပြီး နေထိုင်ကြပါလျက် မြင်းမိုရ်တောင်ကို မမြင်ကြယောင်တကား၊ သင်တို့နှင့်အတူ သွားလာနေတော်မူသော သုံးလောက ထွတ်ထား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည် သင်တို့၏ ရှေ့မှာ ထီးထီးကြီး ရှိနေတော်မူပါလျက် စိတ်လက်မရွှင် ပူပင်ကြောင့်ကြ၍ အဘယ့်ကြောင့် မီးကို တားဆီး၍ ငြိမ်းသတ်ချင်ကြသနည်း၊ လာကြ ငါ့ရှင်တို့၊ မြတ်စွာဘုရားထံ အမြန်သွား၍ ချဉ်းကပ်ကြစို့"ဟု ပြောဆိုသဖြင့် ဘုရားရှင်ရှိရာသို့ သံဃာအားလုံး စုရုံးကြွသွားကြလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာများနှင့်အတူ ရပ်တော်မူ၍ "သင်တို့ မကြောက်ကြကုန်လင့်၊ ငါ့အနီးအပါးသို့ လာကြကုန်"ဟု မိန့်တော်မူသော ခဏာ၌ပင် အလျင်အမြန် တောက်လောင်လာသော တောမီးကြီးသည် ရေမှာပစ်ချသော မီးစကဲ့သို့ တစ်ခဏချင်း ငြိမ်းအေးခြင်းသို့ ရောက်သွားလေ၏၊ ထိုသို့ တောမီးကြီးသည် ဘုရားရှင် သီတင်းသုံး စံနေတော်မူသော ၁၆-ပယ်ရှိသော နေရာ၏ ပတ်ဝန်းကျင်မှာပင် သူ့အလိုလို ငြိမ်းအေး၍သွားသဖြင့် ၁၆-ပယ် ကျယ်ဝန်းသော ထိုနေရာများမှာ မီးကွင်း၍ ထင်းထင်းကြီး ကျန်နေလေတော့၏။

ညချမ်းအခါ ရဟန်းသံဃာတို့သည် သံဃာ့သဘင် ဆင်ယင် စည်းဝေး ဆွေးနွေး ပြောဆိုကြစဉ် "ငါ့ရှင်တို့ ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ၊ အသက်ဝိညာဉ်မရှိသော တောမီးကြီးသည်ပင်

www.dhammadownload.com



ဘုရားရှင်၏ စံနေတော်မူရာသို့ မလာရောက်ဝံ့ဘဲ ကွင်း၌ပင် တောက်လောင်သွားပေသည်တကား''ဤသို့ စသည် စကားစမြည်ဖြင့် ချီးကျူးအားရ ပြောဆိုနေကြစဉ် ဘုရားရှင်ကြွတော်မူကာ အောက်ပါဝဋ္ဋဇာတ်ကို ဟောကြားတော်မူလေ၏။

''ချစ်သားတို့– ဤသို့သော တောမီးကြီး ငြိမ်းအေးသွားပြီးသည်မှာ ယခုအခါ ငါဘုရား၏ စွမ်းအားသတ္တိ မဟုတ်ချေ၊ အမှန်စင်စစ်မှာကား ရှေးအခါ ငါဘုရား ပြုလုပ်မိဋ္ဌာန်ခဲ့ဖူးသော သစ္စာ၏ဂုဏ်ကျေးဇူးတို့ကြောင့်သာ ငြိမ်းအေးသွားရခြင်း ဖြစ်ပေသည်၊ ချစ်သားတို့– ရှေးအခါက ငါဘုရားသည် ဤနေရာ ဤတောကြီးထဲ၌ ငုံးမျိုးဇာတ် ဖြစ်တော်မူခဲ့၏၊ ယခုကဲ့သို့ပင် နွေအခါတွင် တောမီးကြီး တောက်လောင်၍ လာခဲ့လေသည်၊ ငုံးငယ်သည် မွေးဖွားခါစမျှသာရှိသေး၍ ပျံပြေးနိုင်လောက်အောင်လည်း အတောင်ပံက မကြီးရင့်သေး၊ ထွက်ပြေးနိုင်လောက်အောင်လည်း ခြေနှစ်ချောင်းက ကောင်းကောင်း မသန်စွမ်းသေး၊ ပျံသန်းရန် ကူညီမည့် နှစ်လီသော မိဘတို့ကလည်း အသက်ဘေးကြောင့် ထွက်ပြေးကြလေပြီ၊ ထိုအခါ ငုံးငယ်သည် ဤသို့စဉ်းစား ကြံရွယ်သည်မှာ ''ငါ့မှာ ကိုးကွယ်ရာတော့မရှိ ဖြစ်ခဲ့ပြီ၊ အဘယ်သို့သော အကြောင်းဖြင့် သေဘေးမှ လွတ်အေးပါအံ့နည်း၊ ရှေးရှေးဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး၊ တရားတော်တို့၏ အစွမ်းသတ္တိ စိတ်နေစိတ်ထား ဖြူစင်ခြင်းတရားတို့၏ အစွမ်းသတ္တိ၊ သီလတရား အခြေခံထားသော သစ္စာမိဋ္ဌာန်၏ အစွမ်းသတ္တိတို့ကိုထား၍ အခြား ကိုးကွယ်ရာ မရှိတော့ပြီ ဟု အောက်မေ့ ဆင်ခြင်ကာ အောက်ပါဂါထာများ၌ ပါသည့်အတိုင်း သစ္စာပြုသောကြောင့် အခိုးအလျှံနှင့်တကွ ပြင်းစွာလောင်ပြီး လာသော တောမီးကြီးသည် ရေပစ်ချအပ်သော မီးစကဲ့သို့ တစ်ခဏချင်း ငြိမ်းအေးခြင်းသို့ ရောက်သွားလေ၏။''

ဤသို့ ရှေး၌ ဖြစ်ခဲ့ဖူးသော အကြောင်းအရာကို ကောင်းစွာ ဟောကြားကာ သစ္စာလေးပါး တရားကိုလည်း ပြတော်မူ၏၊ ဒေသနာတော်၏ အဆုံး၌ အချို့သောတာပန်, အချို့ သကဒါဂါမ်, အချို့ အနာဂါမ်, အချို့ ရဟန္တာ ဖြစ်ကြပါသတည်း။

ဝဋ္ဋသုတ်တော်(အဋ္ဌုပ္ပတ္တိ)နိဒါန်းပြီး၏ ။

www.dhammadownload.com



# ၆။ ဝဋ္ဋသုတ်တော်

## ဝဋ္ဋသုတ်တော်အဖွင့်

(၁) ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ၊
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ၊

(၁) အို သူတော်ကောင်းတို့၊ သဗ္ဗညုတဉာဏ် ရရန်ထောက်ကူ ပါရမီ အဆောက်အဦတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူသော ငုံးမျိုး၌ ဖြစ်တော်မူရသော ဘုရားအလောင်း ငုံးမင်းကို အကြင်ဝဋ္ဋသုတ် ပရိတ်တော်၏ အစွမ်းအာနုဘော် ကြောင့် တောမီးသည် ရှောင်ကွင်းလေပြီ။

(၂) ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ၊

(၂) သာရိပုတ္တမည်သော မထေရ်အား လောကသားတို့၏ အားထားကိုး ကွယ်ရာ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော, ကမ္ဘာလုံးဆက် မပျက် အရှည်တည်သော သဘောရှိသော, ကြီးမားသော အစွမ်းအာနုဘော်ရှိသော ထိုဝဋ္ဋသုတ်ပရိတ်တော်ကို ငါတို့သည် ရွတ်ကြကုန်စို့။

(၃) အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျ' နုဒ္ဒယာ၊
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ' မုတ္တမံ၊

(၃) လောက၌ သီလတရား, သစ္စာတရား စင်ကြယ်သည်၏အဖြစ် မေတ္တာ, ကရုဏာတရားများ ရှိကြ၏၊ ထိုတရားများတွင် ပါဝင်သော သစ္စာ တရားဖြင့် ထူးမြတ်သော သစ္စာဆိုမှုကို ငါပြုပေတော့အံ့။

(၄) အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ၊
သစ္စဗလ' မဝဿာယ၊ သစ္စကိရိယ' မကာသဟံ၊

(၄) ငါသည် တရားတော်၏ အစွမ်းအာနုဘော်ကို ဆင်ခြင်ပြီးလျှင် ရှေး အတိတ်က ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့ကို အောက်မေ့လျက် သစ္စာ၏ အစွမ်းကို အားကိုးပြုကာ သစ္စာဆိုမှု ပြုခဲ့ပေပြီ။

www.dhammadownload.com



(၅) သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

(၅) ငါ့အား အတောင်များ ရှိနေ၏၊ ပျံကား မပျံနိုင်၊ ငါ့မှာ ခြေထောက်များ ရှိနေ၏၊ သွားကား မသွားနိုင်၊ ငါ့ အမိ အဖတို့လည်း အသက်ဘေးကြောင့် ရှောင်ပြေး ထွက်ခွာကြကုန်ပြီ၊ အို– တောမီး ... ပြန်၍ လှည့်သွား ရှောင်ရှား ပါလော့။

(၆) သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

(၆) ငါဘုရားသည် သစ္စာဆိုမှု ပြုအပ်သည်ရှိသော် ပြုသည်နှင့်တစ်ပြိုင်နက် မီးသည် ရေသို့ရောက်သော် ငြိမ်းအေးရသကဲ့သို့ ကြီးမားသော အရှိန်အလျှံရှိသော တောမီးသည် တစ်ဆယ့်ခြောက်ပယ်စာ အကွာအဝေးတိုင်အောင် ရှောင်ကွင်းငြိမ်းအေးလေသည်၊ ငါ၏ သစ္စာနှင့်တူသော တရားကား မရှိတော့ပေ၊ ဤသစ္စာမှုသည် ငါဘုရား၏ အထွတ်အထိပ် ရောက်လာရသော သစ္စာပါရမီတော်ပင် ဖြစ်တော့သည်။

- ဝဋ္ဋသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- ဝဋ္ဋသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

ဝဋ္ဋသုတ်တော်ပြီး၏

**ဝဋ္ဋသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး**

မီးကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်နိုင်၊ မိမိအိမ်, ခြံဝင်း မီးကွင်းနိုင်ခြင်း၊ တဲရပ်ကွက်လုံး, တစ်မြို့လုံး မီးဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်ခြင်းအကျိုးများ ရရှိစေနိုင်ပါသည်။

www.dhammadownload.com



## ဓဇဂ္ဂသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်း

သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်ကြားတော်မူလေသည်။

ရဟန်းတို့– ရှေး၌အထူး ဖြစ်ခဲ့ဖူးသည်ကား တာဝတိံသာနတ်တို့နှင့် အသုရာနတ်တို့သည် ပြည်ဝတိံသာနှင့် ကညာသမီး စနက်မီးကြောင့် အပြီးနှစ်ဖက် စစ်ထိုးစစ်တိုက်ထွက်ခဲ့ကြရာ စာတုမဟာရာဇ် တာဝတိံသာ နှစ်ဖြာသော နတ်တို့၏သနင်း သိကြားမင်းသည် ရဲဘက်တော်သား နတ်အများအား "အချင်းနတ်သားတို့– သင်နတ်သားတို့၏ သန္တာန်၌ ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် အကယ်၍များ ဖြစ်ပေါ်ငြားအံ့၊ ငါ၏ အောင်လံတံခွန်ဖျားကို မျှော်ကာတည့်တည့် မော်ကာကြည့်ကြကုန်လော့၊ ဤသို့ ကြည့်သည်ရှိသော် သင်နတ်သားတို့အား ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်။

ငါသိကြား၏ တံခွန်ဖျားကို အကယ်၍များ မကြည့်မိကြကုန်ငြားအံ့၊ ပဇာပတိနတ်မင်းကြီး၏ တံခွန်ဖျားကို မော်ကာ ကြည့်ကြကုန်လော့၊ ပဇာပတိ နတ်မင်းကြီး၏ တံခွန်ဖျားကို အကယ်၍များ မကြည့်မိကုန်ငြားအံ့၊ ဝရုဏနတ်မင်းကြီး၏ တံခွန်ဖျားကို မော်ကာ ကြည့်ကြကုန်လော့၊ ဝရုဏနတ်မင်းကြီး၏ တံခွန်ဖျားကို အကယ်၍များ မကြည့်မိကုန်ငြားအံ့၊ ဤသာနနတ်မင်းကြီး၏ တံခွန်ဖျားကို မော်ကာကြည့်ကြကုန်လော့၊ ဤသို့ ကြည့်သည်ရှိသော် သင်နတ်သားတို့အား ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်။

ထိုသို့ သိကြားမင်းနှင့် နတ်မင်းကြီးများ၏ တံခွန်ဖျားကိုမော်ကာ ကြည့်ကြကုန်သော သင်နတ်သားတို့အား ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းတို့သည် ပျောက်ကင်းသော်လည်း ပျောက်ကင်းရာ၏၊ မပျောက်ကင်းဘဲသော်လည်း ရှိရာ၏၊ အဘယ်ကြောင့်ဆိုသော် သိကြားမင်းနှင့် နတ်မင်းကြီးများသည် မကင်းသော ရာဂ, ဒေါသ, မောဟရှိ၏၊ ကြောက်တတ်၏၊ တုန်လှုပ်

www.dhammadownload.com



တတ်၏၊ လန့်တတ် ပြေးတတ်၏၊ ထို့ကြောင့်ပင်တည်း။

ရဟန်းတို့–တောအရပ်နှင့် သစ်ပင်ရင်းစပ် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ကြကုန်သော သင်တို့သန္တာန်၌ ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် အကယ်၍များ ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်ပေါ်လာသောအခါ၌ ''အရဟတာ'' အစရှိသော ငါဘုရား၏ မျှားပြားဉသသံ ကျေးဇူးဂုဏ်တို့ကိုသာလျှင် တွေး၍ အာရုံ အောက်မေ့ကြကုန်လော့၊ ထိုသို့ အောက်မေ့သည်ရှိသော် သင်ချစ်သားတို့အား ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် တစ်ခဏချင်း ပျောက်ကင်းပေလိမ့်မည်။

ငါဘုရား၏ မျှားပြားဉသသံ ကျေးဇူးဂုဏ်တို့ကို အကယ်၍များ မအောက်မေ့နိုင်ကုန်ငြားအံ့၊ သွာက္ခာတော အစရှိသော တရားတော်၏ မျှားပြားဉသသံ ကျေးဇူးဂုဏ်တို့ကိုသာလျှင် တွေး၍ အာရုံ အောက်မေ့ကြကုန်လော့၊ တရားတော်၏ မျှားပြားဉသသံ ကျေးဇူးဂုဏ်တို့ကို အကယ်၍များ မအောက်မေ့နိုင်ကုန်ငြားအံ့၊ သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်တို့၏ မျှားပြားဉသသံ ကျေးဇူးဂုဏ်တို့ကို တွေး၍ အာရုံ အောက်မေ့ကြကုန်လော့၊ ဤသို့ အောက်မေ့ကြကုန်သည်ရှိသော် သင်ချစ်သားတို့၏ သန္တာန်၌ ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းတို့သည် မုချမသွေ ပျောက်ပျက်ပေလတ္တံ့–

စသည်ဖြင့် ဓဇဂ္ဂသုတ်ပရိတ်တော်ကို ဟောတော်မူ၏၊ ထို့အပြင် သီဟိုဠ်ကျွန်း သာမဏေတစ်ပါးသည် မဟာစေတီဘုရားပေါ်သို့ တက်လတ်သော် မြင့်ရာအရပ်သို့ ရောက်လျှင် ခြေချော်၍ ကျသွားလေ၏၊ ထိုအခါ သာမဏေသည် ဓဇဂ္ဂသုတ်ကို ရုတ်တရက် ဆင်ခြင် အောက်မေ့မိသောကြောင့် အောက်သို့မကျဘဲ ကောင်းကင်ထက်တွင် ပကတိမြေပြင်ကဲ့သို့ ရပ်တန့်နေပြီးမှ မွေ့မွေ့သာသာ ထောက်တည်ရာထက်မှ လျှောသက်၍ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစွာ မြေပြင်သို့ ရောက်သွားဖူးလေသည်၊ ဤသို့ ဓဇဂ္ဂသုတ်ပရိတ်တော်ကို ဆင်ခြင်အောက်မေ့သောသူ, ရွတ်ဖတ်သရဇ္ဈာယ်သောသူ, နာခံသောသူတို့မှာ တည်ရာမှီရာကို မချွတ်ကေန် အမှန်ရရှိ၍ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါသတည်း။

**ဓဇဂ္ဂသုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်းပြီး၏ ။**

www.dhammadownload.com



# ၇ ။ ဓဇဂ္ဂသုတ်တော်

## ဓဇဂ္ဂသုတ် အဖွင့်

(၁) ယဿာ’ နုဿရဏေနာပိ၊ အန္တလိက္ခေ ပိ ပါဏိနော။
ပတိဋ္ဌ’ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

(၂) သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၁-၂) အို သူတော်ကောင်းတို့- အကြင်ဓဇဂ္ဂသုတ် ပရိတ်တော်ကို အောက်မေ့ရုံဖြင့်သော်လည်း သတ္တဝါတို့သည် ကောင်းကင်၌သော်ပင် မြေပေါ်၌ကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထောက်တည်ရာကို ရရှိကြကုန်၏၊ ဘီလူး, ခိုးသူ စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ဘေးရန်ခပင်း ပိုက်ကွန်တွင်းမှ လွတ်မြောက်ကြရသူတို့၏ အရေအတွက်သည်လည်း မရှိတော့ပါပေ၊ ထိုဓဇဂ္ဂသုတ် ပရိတ်တော်ကို ငါတို့သည် ရွတ်ဆိုကြကုန်စို့။

## ဓဇဂ္ဂသုတ်တော် နိဒါန်း

(၃) ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ “ဘိက္ခဝေါ”တိ။
“ဘဒ္ဒန္တေ”တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။
ဘဂဝါ ဧတဒဝေါစ-
ဘူတပုဗ္ဗံ ဘိက္ခဝေ-
ဒေဝါ သုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော
ဒေဝေ တာဝတိံသေ အာမန္တေသိ-

www.dhammadownload.com



သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ

ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊

မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။

မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ

ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ

သော ပဟီယိဿတိ။

(၃) အရှင်ဘုရား– တပည့်တော် ဤသို့ မှတ်သားနာခဲ့ရပါသည်၊ အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိနေပြည်တော်ဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူပါသည်၊ ထိုဇေတဝန်ကျောင်းတိုက်၌ပင် ရဟန်းများကို "ရဟန်းတို့"ဟု ခေါ်တော်မူရာ ရဟန်းများက "အရှင်ဘုရား"ဟု မြတ်စွာဘုရား မိန့်ခေါ်ချက်ကို တုံ့ပြန်ခံယူကြပါသည်၊ မြတ်စွာဘုရားသည် ဤဆိုမည့်စကားတော်ကို မိန့်ကြားတော်မူပါသည်၊ ရဟန်းတို့– ရှေး၌ ဖြစ်ဖူးသည်မှာ တာဝတိံသာနတ်တို့နှင့် အသူရာတို့၏ စစ်ပြင်ဆင် စုရုံးမှုဖြစ်၏၊ ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် တာဝတိံသာနတ်တို့ကို မိန့်ဆို၏၊ ဆင်းရဲမရှိသူ အမောင်နတ်တို့– စစ်မြေပြင် ရောက်နေကြသော အမောင်နတ်သားတို့အား ကြောက်လန့်ခြင်း တုန်လှုပ်ခြင်း ကြက်သီးထခြင်းများဖြစ်လျှင် ထိုအချိန်မှာ ငါ၏ အလံတော်ထိပ်ဖျားကိုသာ မော်ကြည့်ကြကုန်လော့၊ အကြောင်းမှာ ငါ၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ဖြစ်ရမည့် ကြောက်ခြင်း တုန်လှုပ်ခြင်း ပြေပျောက်မည် ဖြစ်သောကြောင့်တည်း။

(၄) နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊

အထ ပဇာပတိဿ ဒေဝရာဇဿ

ဓဇဂ္ဂံ ဥလ္လောကေယျာထ။

ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ

ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ

သော ပဟီယိဿတိ။

www.dhammadownload.com



(၄) ငါ၏ အလံတော်ထိပ်ဖျားကို အကယ်၍ မကြည့်မိ ကုန်ငြားအံ့၊ ထိုသို့ မကြည့်မိကုန်သည်ရှိသော် ပဇာပတိမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ မော်ကြည့်ရခြင်းအကြောင်းကား ပဇာပတိမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား အကြင် ကြောက်လန့်ခြင်းသည်လည်းကောင်း၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည် လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းများကို ပယ်ဖျောက်အပ်ပေလတ္တံ့။

(၅) နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
သော ပဟီယိဿတိ၊

(၅) ပဇာပတိမည်သော နတ်မင်း၏ အလံတော်ဖျားကို အကယ်၍ မော်မကြည့်မိကုန်သည်ဖြစ်အံ့၊ ထိုသို့ မော်မကြည့်မိကုန်သည်ရှိသော် ဝရုဏမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ မော်ကြည့်ရခြင်း အကြောင်းကား ဝရုဏမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်မိကုန်သော သင်တို့အား အကြင် ကြောက်လန့်ခြင်းသည် လည်းကောင်း၊ အကြင် ကိုယ် တုန်လှုပ်ခြင်းသည်လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည် လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းများကို ပယ်ဖျောက်အပ်ပေလတ္တံ့။

၆၊ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော ဝါ သော ပဟီယိဿတိ၊

www.dhammadownload.com



(၆) ဝရုဏမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို အကယ်၍ မော်မကြည့်မိကုန်သည်ဖြစ်အံ့၊ ထိုသို့ မော်မကြည့်မိ ကုန်သည်ရှိသော် ဤသာနမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ မော်ကြည့်ရခြင်းအကြောင်းကား ဤသာနမည်သော နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို ပယ်ဖျောက်အပ်ပေလတ္တံ့– ဤသို့ မိန့်တော်မူသည်။

**(၇) တံ ခေါ ပန ဘိက္ခဝေ–**
**သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ,**
**ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,**
**ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,**
**ဤသာနဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ**
**ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ**
**သော ပဟီယေထာပိ နော ပိ ပဟီယေထ။**

(၇) ရဟန်းတို့– နတ်တို့၏ အရှင်ဘုရင်ဖြစ်သော သိကြားမင်း၏ ထိုအလံတော်ထိပ်ဖျားကို မော်ကြည့်ကြသော နတ်တို့အားလည်းကောင်း၊ ပဇာပတိမည်သော နတ်မင်း၏ ထိုအလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော နတ်တို့အားလည်းကောင်း၊ ဝရုဏမည်သော နတ်မင်း၏ ထိုအလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော နတ်တို့အားလည်းကောင်း၊ ဤသာနမည်သောနတ်မင်း၏ ထိုအလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော နတ်တို့အားလည်းကောင်း၊ အကြင်ကြောက်လန့်ခြင်းသည်လည်းကောင်း၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို ပယ်ဖျောက်အပ်သည်လည်း ရှိရာ၏၊ မပယ်ဖျောက်အပ်သည်လည်း ရှိရာ၏။

www.dhammadownload.com



(၈) တံ ကိဿ ဟေတု?
သတ္ထော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော
အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော
ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

(၈) ထိုကြောက်ခြင်း စသည် ပျောက်, မပျောက် နှစ်မျိုးဖြစ်ရခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့– အကြင်ကြောင့် နတ်တို့၏ ဘုရင်ဖြစ်သော သိကြားမင်းသည် မကင်းသေးသော ရာဂရှိ၏၊ မကင်းသေးသော ဒေါသရှိ၏၊ မကင်းသေးသော မောဟရှိ၏၊ ကြောက်တတ်၏၊ ကိုယ်တုန်လှုပ်တတ်၏၊ ထိတ်လန့်တတ်၏၊ ထွက်ပြေးတတ်၏၊ ထို့ကြောင့်ပင်တည်း။

(၉) အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ–
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ
ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
မမေဝ တသ္မိံ သမယေ အနုဿရေယျာထ –

(၉) ရဟန်းတို့– ငါဘုရားသည်ကား ဤသို့ ဟောတော်မူ၏၊ ရဟန်းတို့ တောအရပ်သို့ ကပ်ရောက်သည်မူလည်း ဖြစ်ကုန်သော, သစ်ပင်ရင်းသို့ ကပ်ရောက်သည်မူလည်း ဖြစ်ကုန်သော, ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သည်မူလည်း ဖြစ်ကုန်သော သင်တို့အား ကြောက်လန့်ခြင်းသည်လည်းကောင်း၊ ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ ကြက်သီးမွေးညင်းထခြင်းသည်လည်းကောင်း၊ အကယ်၍ ဖြစ်ငြားအံ့၊ ထိုအခါ၌ ငါဘုရားကိုသာလျှင် အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

(၁၀) “ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရော ပုရိသဒမ္မသာရထိ,
သတ္ထာ ဒေဝ မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ”တိ။

www.dhammadownload.com



(၁၀) ဘုန်းတော်ကြီးမား ထိုမြတ်စွာဘုရားသည် ဗြဟ္မာ, နတ်, လူတို့၏ အပူဇော်ကို ခံတော်မူထိုက်သော အကြောင်းကြောင့် **အရဟံ** မည်တော်မူ၏၊ တရားအလုံးစုံကို အမှန်အတိုင်းသာ ဆရာမရှိ သိတော်မူသော အကြောင်းကြောင့်လည်း **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏၊ ဝိဇ္ဇာဉာဏ် အကျင့်စရဏ ပြည့်ဝစုံလင်တော်မူသော အကြောင်းကြောင့်လည်း **ဝိဇ္ဇာစရဏသမ္ပန္န** မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း **သုဂတ** မည်တော်မူ၏၊ လောကသုံးပါးကို အကြွင်းမဲ့ သိတော်မူသော အကြောင်းကြောင့်လည်း **လောကဝိဒူ** မည်တော်မူ၏၊ သီလစသော ဂုဏ်အစုဖြင့် အတုမရှိ အမြတ်ဆုံးဖြစ်တော်မူသော အကြောင်းကြောင့်လည်း **အနုတ္တရ** မည်တော်မူ၏၊ ဆုံးမထိုက်သော သတ္တဝါတို့ကို အယဉ်ကျေးဆုံးဖြစ်အောင် ဆုံးမပဲ့ပြင်တတ်သော အကြောင်းကြောင့်လည်း **ပုရိသဒမ္မသာရထိ** မည်တော်မူ၏၊ ကုန်သည်ကြီးမှူး ဦးစီးပမာ သတ္တဝါတို့ကို သံသရာခရီးခဲမှ ထုတ်ဆောင် ကယ်တင်တော်မူတတ်သော အကြောင်းကြောင့်လည်း **သတ္ထာ ဒေဝမနုဿာနံ** မည်တော်မူ၏၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်း သိ၊ ဝေနေယျတို့ကိုလည်း သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း **ဗုဒ္ဓ** မည်တော်မူ၏၊ ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏၊ ဤသို့ အောက်မေ့ကြလေ။

**(၁၁) မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ**
**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ**
**သော ပဟီယိဿတိ။**

(၁၁) အောက်မေ့ရခြင်းအကြောင်းမှာ ရဟန်းတို့– ငါဘုရားကို အဖန်တလဲလဲ အောက်မေ့ကြကုန်သော သင်တို့အား အကြင် ကြောက်လန့်ခြင်းသည်လည်း ကောင်း၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို ပယ်ဖျောက်အပ်ပေလတ္တံ့။

www.dhammadownload.com



(၁၂) နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ -

(၁၂) ငါဘုရားကို အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော် တရားတော်ကို အောက်မေ့ကြကုန်လော့။

(၁၃) "သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

(၁၃) ငါဘုရားကို မအောက်မေ့မိသော် တရားတော်ကို အောက်မေ့ကြလော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူအပ်၏၊ ကောင်းစွာဟောအပ် တရားတော်မြတ်သည် ကိုယ်တွေ့သိမြင်အပ်သော တရားတော်ပေတည်း၊ အခါမလင့် အကျိုးကို ပေးတတ်၏၊ လာလှည့်ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်သော တရားတော်ဖြစ်၏၊ အရေးကြီးစွာ စိတ်မှာစွဲအောင် အမြဲဆောင်ထိုက်ပေ၏၊ တရားသိမြင် ပညာရှင်တို့သည် အသီးသီး မိမိသန္တာန်၌ သိမြင်အပ်ပေ၏၊ ဤသို့ အောက်မေ့ကြလော့။

(၁၄) ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
သော ပဟီယိဿတိ။

(၁၄) အောက်မေ့ရခြင်းအကြောင်းကား ရဟန်းတို့ တရားတော်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်သော သင်တို့အား အကြင် ကြောက်လန့်ခြင်းသည်လည်းကောင်း၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို ပယ်ဖျောက်အပ်ပေလတ္တံ့။

www.dhammadownload.com



(၁၅) နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ -

(၁၅) တရားတော်ကို အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော် သံဃာတော်ကို အောက်မေ့ကြကုန်လော့။

(၁၆) "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

(၁၆) တရားတော်ဂုဏ်ကို မအောက်မေ့မိသည်ရှိသော် သံဃာတော်ဂုဏ်ကို အောက်မေ့ကြကုန်လော့၊ ဘုရားရှင်၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူတတ်၏၊ ဖြောင့်မတ်စွာ ကျင့်တော်မူတတ်၏၊ နိဗ္ဗာန်ရ ရေး အလေးပေးကာ ကျင့်တော်မူတတ်၏၊ နတ်လူတို့ အရိုအသေ ခံထိုက်အောင် ကျင့်တော်မူတတ်၏၊ အစုံအားဖြင့် လေးစုံ၊ အသီးအသီးအားဖြင့် ရှစ်ပါးသော ဤဘုရားသားသံဃာတော်သည် အဝေးမှဆောင်ယူ အလှူကိုသော်ပင် ခံတော်မူထိုက်၏၊ ဧည့်သည်ကောင်းတို့အတွက် စီမံအပ်သော ပစ္စည်းဝတ္ထုကိုပင် ခံတော်မူထိုက်၏၊ အလှူကောင်း အလှူမွန်ကို ခံယူဖို့ ထိုက်တန်တော်မူ၏၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်၏၊ တစ်လောကလုံး၏ အတုမရှိသော ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏၊ ဤသို့ အောက်မေ့ကြလော့။

www.dhammadownload.com



(၁၇) သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ။

(၁၇) အောက်မေ့ရခြင်းအကြောင်းကား ရဟန်းတို့–သံဃာတော်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်သော သင်တို့အား အကြင် ကြောက်လန့်ခြင်းသည်လည်းကောင်း၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ အကြင် ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်ပေလတ္တံ့၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို ပယ်ဖျောက်အပ်ပေလတ္တံ့။

(၁၈) တံ ကိဿဟေတု ?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော
အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

(၁၈) ထိုသို့ အကြောက်အလန့်စသည် ပျောက်ကင်းရခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ရဟန်းတို့– အကြင့်ကြောင့် ပူဇော်အထူးကို ခံတော်မူထိုက်သော၊ တရားစုံကို အကုန်လုံးဝ ညွှန်ပြသူမရှိ အမှန်အတိုင်း သိတော်မူသော ငါဘုရားသည် ကင်းပြီးသော ရာဂရှိတော်မူ၏၊ ကင်းပြီးသော ဒေါသရှိတော်မူ၏၊ ကင်းပြီးသော မောဟရှိတော်မူ၏၊ ကြောက်လန့်ခြင်း ရှိတော်မမူ၊ ကိုယ်တုန်လှုပ်ခြင်း ရှိတော်မမူ၊ ထိတ်လန့်လေ့ မရှိ၊ ပြေးလေ့ ရှိတော်မမူ၊ ထို့ကြောင့်ပင်တည်း။

(၁၉) ဣဒ'မဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော
အထာ'ပရံ ဧတ'ဒဝေါ စ သတ္ထာ -

(၁၉) မြတ်စွာဘုရားသည် ဤ"သစေ တုမှာကံ ဘိက္ခဝေ" အစရှိသော စုဏ္ဏိယစကားပြေ ဒေသနာတော်မြတ်ကို မိန့်တော်မူခဲ့ပေပြီ၊ ကောင်းသောစကားကို မိန့်ဆိုတတ်သား မြတ်ဘုရားသည် ဤစုဏ္ဏိယစကားပြေ ဒေသနာတော်မြတ်ကို မိန့်တော်မူပြီးသော် ထို့နောက် နတ်လူတို့ဆရာ ရှင်တော်မြတ်ဘုရားသည် တစ်ပါးသော ဂါထာဗန္ဓ ဓမ္မဒေသနာကို မိန့်တော်မူ၏။

www.dhammadownload.com



(၂၀) အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေဝ ဘိက္ခဝေါ၊
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။

(၂၀) ရဟန်းတို့– တော၌သော်လည်းကောင်း၊ သစ်ပင်ရင်း၌သော်လည်း ကောင်း၊ ဆိတ်ငြိမ်ဘိတောင်း တဲအိမ်ကျောင်း၌သော်လည်းကောင်း ငါဘုရားကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့၊ ဤသို့ အောက်မေ့သည်ရှိသော် သင် တို့အား ကြောက်လန့်ခြင်းသည် ဖြစ်နိုင်ဖွယ်ရာ မရှိပေ။

(၂၁) နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ၊
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

(၂၁) လောကထွတ်ဖူး အကြီးအမှူး ဖြစ်တော်မူသော မနိုင်းယှဉ်အပ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော ငါဘုရားကို အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော် သံသရာဝဋ်မှ ထွက်မြောက်တတ် သော ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်ကို အောက်မေ့ကြ ကုန်လော့။

(၂၂) နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ၊
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

(၂၂) သံသရာဝဋ်မှ ထွက်မြောက်တတ်သော ကောင်းစွာ ဟောကြားတော် မူအပ်သော တရားတော်မြတ်ကို အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော် အတုမရှိသော ကောင်းမှုမျိုးတို့ စိုက်ပျိုး ခင်းသာ လယ်ယာကောင်းဖြစ်သော သံဃာတော်ကို အောက်မေ့ကြကုန်လော့။

(၂၃) ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော န ဟေဿတိ။

www.dhammadownload.com



(၂၃) ရဟန်းတို့– ဤငါဘုရား ညွှန်ကြားတော်မူသည့်အတိုင်း ငါဘုရားကိုလည်းကောင်း၊ တရားတော်မြတ်ကိုလည်းကောင်း၊ သံဃာတော်မြတ်ကိုလည်းကောင်း၊ အမှတ်တရ အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်းသည်လည်းကောင်း၊ ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ ကြက်သီးထခြင်းသည်လည်းကောင်း ဖြစ်လိမ့်မည်မဟုတ်။

- ဓဇဂ္ဂသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- ဓဇဂ္ဂသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

ဓဇဂ္ဂ သုတ္တံ နိဋ္ဌိတံ။

ဓဇဂ္ဂသုတ်တော်ပြီး၏

**ဓဇဂ္ဂသုတ်တော် ရွတ်ဖတ်ခြင်းအကျိုး**

ကြောက်ရွံ့ အားငယ်စိတ်များ ကင်းကွာသွားနိုင်ပါသည်၊ မကြာခဏ လန့်တတ်သူများ, ကိုယ့်ကိုယ်ကို အထင်မကြီးသူများ အမြဲရွတ်ဖတ်ပေးပါက ရဲရင့်သော သတ္တိစိတ်များ ပွားများလာနိုင်ပါသည်၊ စာမေးပွဲဖြေမည့်သူများ လေးလေးစားစား ပွားများပါက အကျိုးထူး ခံစားနိုင်ပါသည်။

www.dhammadownload.com



## အာဋာနာဋိယသုတ် (အဋ္ဌုပ္ပတ္တိ) နိဒါန်း

တစ်ရံရောအခါ ငါတို့၏ ဘုရားမြတ်စွာသည် နောက်လိုက်သံဃာ များစွာ ခြံရံ၍ ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ကြီးရှိ တောကျောင်း၌ ကိန်းအောင်း စံတော်မူစဉ် တစ်ခုသော သန်းခေါင်ယံအချိန် စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် များစွာသော နဂါး ကုမ္ဘဏ် ဂန္ဓဗ္ဗ ဘီလူး အထူးထူးသော စစ်သည်ဗိုလ်ပါတို့နှင့်တကွ မြို့တံခါးလေးရပ်တို့၌ ကိုယ်ရံတော်တပ်များ ချစွဲထား ပြီးနောက် ထွန်းတောက်သော ကိုယ်ရောင်ဖြင့် ဂိဇ္ဈကုဋ်တစ်တောင်လုံးကို ဖုံး လွှမ်းပြောင်ဝင်း ထွန်းလင်းစေ၍ ဘုရားရှင်ထံသို့ ချဉ်းကပ်ကြလေသည်။

ထိုအခါ နတ်မင်းကြီးလေးယောက်တို့အနက် ဝေဿဝဏ်နတ်မင်းကြီး သည် မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးကာ ဤသို့ နားတော်လျှောက်၏။ ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား– အရှင်ဘုရားအား မကြည်ညိုကုန်သော ဘုန်းတန်ခိုးကြီးမား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏၊ ကြည်ညိုကုန်သော နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏၊ မကြည်ညိုကုန်သော ဘုန်းတန်ခိုး အလတ်စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏၊ ကြည်ညိုကုန်သော နတ် ဘီလူးကြီးများလည်း ရှိကြပါကုန်၏၊ မကြည်ညိုကုန်သော ဘုန်းတန်ခိုးအငယ် စား နတ်ဘီလူးကြီးများလည်း ရှိကြပါကုန်၏၊ ကြည်ညိုကုန်သော နတ်ဘီလူး ကြီးများလည်း ရှိကြပါကုန်၏။

ဘုန်းတန်ခိုး ကြီးမားတော်မူသော မြတ်စွာဘုရား– ယေဘုယျအားဖြင့် နတ်ဘီလူးတို့သည် အရှင်ဘုရားအား မကြည်ညိုကြပါကုန်၊ အဘယ့်ကြောင့်ဆို သော် ရှင်တော်ဘုရားသည် ကာမဂုဏ်ပါးမှ ကြဉ်ရှောင်ရန် တရားကို ဟောကြားလေ့ ရှိပါ၏၊ နတ်ဘီလူးတို့သည် ထိုကာမဂုဏ်ပါးမှ များသောအားဖြင့် မကြဉ်ရှောင်ကြပါ ကုန်၊ ထို့ကြောင့် နတ်ဘီလူးတို့သည် အရှင်ဘုရား၏ တရားတော်ကို မကြည်ညို မမြတ်နိုးကြပါ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား– ရှင်တော်ဘုရား၏ တပည့်သံဃာ များသည် အရညကင်ဓုတင် ရုက္ခမူ ကျင့်သုံးတော်မူကြ၍ လူသူမနီးသော တော

www.dhammadownload.com



ကြီးတောင်ကြီး မြှောင်ဆည်းသေလာ ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်နေထိုင်၍ သူတော်ကောင်းတရားကို ပွားများကြကုန်သည်ရှိသော် သာသနာတော်၌ မကြည်ညို မမြတ်နိုးကုန်သော တော၌ကြီးမား ထိုနတ်ဘီလူးကြီးများတို့သည် ညှဉ်းဆဲနှိပ်စက် နှောင့်ယှက်အမှု ပြုပါကုန်အံ့။

ထိုနတ်ဘီလူးကြီးများကိုလည်း လေးစားကြည်ညိုစေရန် သဗ္ဗညုတမြတ်စွာဘုရားသည် ရဟန်းယောက်ျား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသကီ, လေးလီသော တပည့်သား ပရိသတ်တို့အား အစောင့်အကြပ် အကာအကွယ် ဖြစ်စေခြင်းငှာ အာဋာနာဋိယသုတ်မည်သော ပရိတ်အရံအတားကို သင်ကြားပြသပေးတော်မူပါ''ဟု ရိုသေစွာ နားတော်လျှောက်သွင်း တောင်းပန်ခြင်းကို အရင်းခံ၍ နံနက် မိုးသောက်ယံအခါ၌ မြတ်စွာဘုရားသည် တပည့်သား သံဃာတို့ကို ခေါ်တော်မူ၍ ဝေဿဝဏ်နတ်မင်းကြီး၏ လျှောက်ထားပုံ အလုံးစုံကို ပြောကြားတော်မူ၏၊ ဘေးအန္တရာယ် အကာအကွယ် ဖြစ်စိမ့်သောငှာ ''ဝိပဿိဿ စ နမတ္ထု'' စသော ခြောက်ဂါထာကိုလည်း သံဃာတော် အရှင်မြတ်တို့အား မှတ်သားလေ့ကျက် ဆောင်ရွက် သရဇ္ဈာယ်ကြရန် ဟောကြားတော်မူ၏၊ ထိုအခါမှစ၍ တောတောင် သစ်ရိပ်စသော ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်ပြီး ရွတ်ဖတ်သရဇ္ဈာယ် နေထိုင်ကြသော ပရိသတ်လေးပါးတို့အား တန်ခိုးကြီးမား နတ်ဘီလူးကြီးများတို့၏ ညှဉ်းဆဲနှိပ်စက် နှောင့်ယှက်ခြင်းတို့မှ ကင်းကြသဖြင့် ချမ်းမြေ့ သာယာစွာ သူတော်ကောင်းတရား ပွားများ အားထုတ်နိုင်ကြပါသတည်း။

**အာဋာနာဋိယသုတ် အဋ္ဌုပ္ပတ္တိ ပြီး၏။**



www.dhammadownload.com



# ၈။ အာဋာနာဋိယသုတ်တော်

## အာဋာနာဋိယသုတ်တော်အဓိပ္ပါယ်

(၁) အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

(၂) ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၁-၂) အို သူတော်ကောင်းတို့- မြတ်စွာဘုရား၏ အကောင်းအမြတ်ဟု သမုတ်အပ်သော ဘုရားရှင် သာသနာတော်၌ မကြည်ညိုကြကုန်သော, ကြမ်းတမ်းကုန်သော, အခါခပ်သိမ်း မကောင်းမှုကို ပြုလေ့ရှိကုန်သော ဘီလူးတို့သည် လေးပါးကုန်သော ပရိသတ်တို့ကို မညှဉ်းဆဲခြင်းငှာလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ ဝီရိယကြီးမား မြတ်စွာဘုရားသည် အကြင် အာဋာနာဋိယသုတ် ပရိတ်တော်ကို ဟောတော်မူပြီ၊ ထိုအာဋာနာဋိယသုတ်တော်ကို ငါတို့သည် ရွတ်ကြကုန်စို့။

(၃) ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာ'နုကမ္ပိနော။

(၃) စက္ခုငါးတန် ဉာဏ်အမြင်မျိုး ရှိတော်မူသော ဘုန်းကျက်သရေ ရှိတော်မူသော ဝိပဿီမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ၊ အလုံးစုံသော သတ္တဝါတို့ကို အစဉ် သနားစောင့်ရှောက်တော်မူတတ်သော သိခီမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ။

(၄) ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာ'ပမဒ္ဒိနော။

www.dhammadownload.com



(၄) မဂ်အရဟတ် ရေစင်မြတ်ဖြင့် ဆေးအပ်ပြီးသည့် ကိလေသာ ရှိတော်မူထသော ချီးမွမ်းထိုက်ဘိ အကျင့်မြတ်ရှိတော်မူထသော ဝေဿဘူမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်း ဖြစ်ပါစေ၊ မာရ်စစ်သည် တစ်သင်းကို နှိမ်နင်းဖျက်ဆီးတော်မူထသော ကကုသန္ဓမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ။

(၅) ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

(၅) မြစ်တားပယ်ရှားအပ်သည့် မကောင်းမှုရှိ၍ ဝိသုဒ္ဓိဗြာဟ္မဏ ဖြစ်တော်မူထသော ကျင့်သုံးခဲ့ပြီးသည့် အရိယာမဂ် အကျင့်မြတ်ရှိတော်မူထသော ကောဏာဂမနမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ၊ ကိလေသာခပ်သိမ်းတို့မှ အရှင်းကျွတ်၍ ကင်းလွတ်တော်မူပြီးသော ကဿပမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ။

(၆) အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

(၆) အကြင် သာကီဝင်မင်းသား ဂေါတမရှင်တော်မြတ်ဘုရားသည် ဒုက္ခခပ်သိမ်းကို ငြိမ်းစေဘိတောင်း ပယ်နုတ်ကြောင်းဖြစ်သော ဤတရားမြတ်ဒေသနာတော်ကို ဟောတော်မူပြီ၊ ကိုယ်အင်္ဂါမှ ဖြာဖြာရွှန်းလက် ထွက်သော ရောင်ခြည်ရှိတော်မူသော ကျက်သရေရှင် ဖြစ်တော်မူသော ထိုသာကီဝင်မင်းသား ဂေါတမရှင်တော်မြတ်ဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ။

(၇) ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။

(၇) လောက၌ အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း ကိလေသာအပူငြိမ်းတော်မူကြကုန်သည်ဖြစ်၍ အမှန်အတိုင်း ထူးသောဉာဏ်အရ သိတော်မူကြကုန်ပြီ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ချောပစ်ကုန်းတိုက်ခြင်း မရှိကြကုန်၊ ထို့ပြင်

www.dhammadownload.com



သီလ စသည်ဂုဏ်ရည်တွေ စုံမြတ်တော်မူကြကုန်၏၊ အရှင်းကင်းသည့် ကြောက်ရွံ့ခြင်း ရှိတော်မူကြကုန်၏။

(၈) ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

(၈) ထိုရဟန္တာပုဂ္ဂိုလ်တို့သည် နတ်လူတို့၏ အစီးအပွားကို ပြုတော်မူတတ်သော, ဝိဇ္ဇာဉာဏ်–အကျင့်စရဏနှင့် ပြည့်ဝကုံလုံတော်မူသော, ဂုဏ်ပေါင်းညွှန်လူ မြတ်တော်မူသော, အရှင်းကင်းသည့် ကြောက်ရွံ့ခြင်း ရှိတော်မူသော ဂေါတမ ရှင်တော်မြတ်ကို ရှိခိုးကြကုန်၏၊ ထိုရဟန္တာ အရှင်မြတ်တို့အားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ။

(၉) ဧတေ စညေ စ သမ္ဗုဒ္ဓါ၊ အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊ သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

(၉) ထိုဝိပဿီအစရှိသော ဘုရားမြတ် ခုနစ်ဆူတို့သည်လည်းကောင်း၊ ဘုရားခုနစ်ဆူတို့မှ တစ်ပါးကုန်သော ကုဋေရာပေါင်းများစွာကုန်သော ဘုရားမြတ်တို့သည်လည်းကောင်း၊ အလုံးစုံကုန်သော ရှင်တော်မြတ်ဘုရားတို့သည် ယှဉ်ပြိုင်နိုင်သူ ရည်တူမရ ရှေးဘုရားတို့နှင့်သာ တူတော်မူကြကုန်၏၊ အလုံးစုံကုန်သော ရှင်တော်မြတ်ဘုရားတို့သည် ကြီးသောတန်ခိုး ရှိတော်မူကြကုန်၏။

(၁၀) သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု' ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန' မုတ္တမံ။

(၁၀) အလုံးစုံသော ဘုရားမြတ်တို့သည် ဉာဏ်တော်ဆယ်ပါး ဘုရားတို့စွမ်းအားနှင့် ပြည့်စုံတော်မူကြကုန်၏၊ ဝေသာရဇ္ဇဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူကြကုန်၏၊ လုံးစုံကုန်သော ထိုဘုရားမြတ်တို့သည် မြတ်သော မြင့်မြတ်ထူးခြားဘုရားတို့ အရိုက်အရာအစစ် သဗ္ဗညုအဖြစ်ကို ဝန်ခံတော်မူကြကုန်၏။

(၁၁) သီဟနာဒံ နဒန္တေ' တေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

www.dhammadownload.com



(၁၁) ထိုဘုရားရှင်တို့သည် ပရိသတ်ရှစ်ပါးတို့၌ ကြောက်ရွံ့ခြင်းကင်းရဲတင်းတော်မူကြကုန်သည်ဖြစ်၍ ခြင်္သေ့မင်း၏ အသံအလား တရားအသံတော်ကို ကျူးရင့်တော်မူကြကုန်၏၊ လောက၌ ပြဟ္မာ နတ် လူ ဘယ်သူတစ်ယောက်မျှ မကန့်ကွက်အား မမြစ်တားနိုင်သော မြတ်သောဓမ္မစက်ကို ဖြစ်စေတော်မူကြပေကုန်၏။

(၁၂) ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသလက္ခဏူပေတာ၊ သီတာနုဗျဉ္ဇနာဓရာ။

(၁၂) လောက၏ အကြီးအမှူး ဦးစီးပဲ့ပြင် ရှင်တော်မြတ်ဘုရားတို့သည် တစ်ဆယ့်ရှစ်ပါးကုန်သော ဘုရားမြတ်တို့၏သာ ရရာပိုင်ရာ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏၊ သုံးဆယ့်နှစ်ပါးသော ယောကျာ်းမြတ်တို့၏ လက္ခဏာတော်ကြီးတို့ကို ဆောင်တော်မူကြပါပေကုန်၏။

(၁၃) ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

(၁၃) အလုံးစုံကုန်သော မုနိထွတ်ဖျား ထိုဘုရားမြတ်တို့သည် ဗျာမပ္ပဘာ လျှံဝါတင့်ရွှန်း ရောင်ခြည်ဝန်းဖြင့် တင့်တယ်ထွန်းညို့ ရောင်ခြည်တော် ရှိကြကုန်၏၊ တရားအလုံးစုံကုန်သော ထိုရှင်တော်မြတ်ဘုရားတို့သည် ကုန်ပြီးသော အာသဝေါ ရှိကြကုန်သော ငါးမာရ်အောင်မြင် ဇိနချည်းပင် ဖြစ်တော်မူကြပေကုန်၏။

(၁၄) မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။

(၁၄) ထိုရှင်တော်မြတ်ဘုရားတို့သည် ကိုယ်ရောင်, ဉာဏ်ရောင် ပြောင်တဝင်းဝင်း ထူးမြတ်သော အရောင်အလင်း ရှိတော်မူကြကုန်၏၊ အစွမ်းအမျိုးမျိုး ကြီးမြတ်သော တန်ခိုးရှိတော်မူကြကုန်၏၊ ချီးမွမ်းအပ်ဘိ ကြီးမြတ်သော ပညာရှိတော်မူကြကုန်၏၊ ကာယ, ဉာဏ ဗလနှစ်ပါး ကြီးမားသောစွမ်းအား ရှိတော်မူကြကုန်၏၊ သတ္တဝါများ လွန်သနားသည့် မဟာကရုဏာ ရှိတော်မူကြကုန်၏၊

www.dhammadownload.com



မြဲခိုင်လှသည့် သမာဓိ ရှိတော်မူကြကုန်၏၊ သတ္တဝါအလုံးစုံတို့၏ ချမ်းသာကို ရွက်ဆောင်တော်မူတတ်ကုန်၏။

**(၁၅) ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။**
**ဂတီ ဗန္ဓူ မဟေဿာသာ၊ သရဏာ စ ဟိတေသိနော။**

(၁၅) ထိုရှင်တော်မြတ်တို့သည် သတ္တဝါတို့၏ ကျွန်းကြီးပမာ မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏၊ ကိုးကွယ်ရာ အားထားရာလည်း ဖြစ်တော်မူကြကုန်၏၊ ထောက်တည်ရာလည်း ဖြစ်တော်မူကြကုန်၏၊ ဝဋ္ဋဒုက္ခမှလည်း ကယ်တင် စောင့်ရှောက်တော်မူကြကုန်၏၊ ဘေးမရောက်အောင် တိမ်းရှောင် ပုန်းအောင်းရာလည်း ဖြစ်တော်မူကြကုန်၏၊ နတ်လူအများ အားထားချဉ်းကပ်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ မိတ်ကောင်း ဆွေကောင်းလည်း ဖြစ်တော်မူကြကုန်၏၊ ထူးမြတ်သော ထောက်တည်ရာ မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏၊ ဆင်းရဲဒုက္ခကို ဖျက်ဆီးတော်မူကြကုန်၏၊ အကျိုးစီးပွားကိုသာ ရှာမှီးတော်မူလေ့ရှိကြကုန်၏။

**(၁၆) သဒေဝကဿ လောကဿ၊ သဗ္ဗေ ဧတေ ပရာယဏာ။**
**တေသာ'ဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။**

(၁၆) အလုံးစုံကုန်သော ထိုရှင်တော်မြတ်ဘုရားတို့သည် နတ်နှင့်တကွသော သတ္တဝါအပေါင်း၏ ထူးမြတ်သော မှီခိုဆည်းကပ်ရာ ဖြစ်တော်မူကြပါပေကုန်၏၊ ဂုဏ်တော်ကဲလွန် ယောကျ်ားမွန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူကြကုန်သော ထိုရှင်တော်မြတ်ဘုရားတို့ကိုလည်းကောင်း၊ ထိုရှင်တော်မြတ်တို့၏ ခြေတော်တို့ကိုလည်းကောင်း အကျွန်ုပ်သည် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိခိုးကန်တော့ပါ၏။

**(၁၇) ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ'တေ တထာဂတေ။**
**သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။**

(၁၇) အကျွန်ုပ်သည် ထိုရှင်တော်မြတ်ဘုရားတို့ကို အိပ်သောအခါ၌လည်းကောင်း၊ ထိုင်သောအခါ၌လည်းကောင်း၊ ရပ်သောအခါ၌လည်းကောင်း၊ သွားသောအခါ၌လည်းကောင်း၊ အခါခပ်သိမ်း နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ရှိခိုးပါ၏။

www.dhammadownload.com



(၁၈) သဒါ သုခေန ရက္ခန္တု၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊ မုတ္တော သဗ္ဗဘယေဟိ စ။

(၁၈) ဒုက္ခခပ်သိမ်း ငြိမ်းအေးမှုကို ပြုတော်မူတတ်ကုန်သော ရှင်တော်မြတ်ဘုရားတို့သည် သင့်ကို အခါခပ်သိမ်း ချမ်းသာရေးဖြင့် စောင့်ရှောက်တော်မူကြစေကုန်သတည်း၊ ထိုမြတ်စွာဘုရားတို့သည် စောင့်ရှောက်အပ်သည်ဖြစ်သော သင်သည် ဘေးခပ်သိမ်းတို့မှ ကင်းလွတ်ရသည်လည်း ဖြစ်ပါစေ။

(၁၉) သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ' မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။

(၁၉) သင်သည် ရောဂါမှန်သမျှမှ အထူးကင်းလွတ်ရသည်လည်းကောင်း၊ ပူပန်ခပင်း ရှောင်ကွင်းအပ်သည်လည်းကောင်း၊ ရန်မျိုးမှန်သမျှကို ကျော်လွှား လွန်မြောက်ရသည်လည်းကောင်းဖြစ်၍ ငြိမ်းအေးသည်လည်း ဖြစ်ပါစေ။

(၂၀) တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေ ပိ အမှေ' နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၀) ထိုရှင်တော်မြတ်ဘုရားတို့၏ သစ္စာတော်ဖြင့်လည်းကောင်း၊ သီလတော်ဖြင့်လည်းကောင်း၊ ခန္တီ မေတ္တာတရားတို့၏ စွမ်းပကားဖြင့်လည်းကောင်း၊ ထိုဘုရားမြတ်တို့သည်လည်း ရောဂါကင်းရှင်းရေးအားဖြင့်လည်းကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း ငါတို့ကို အစဉ်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

(၂၁) ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေ ပိ အမှေ' နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၁) အရှေ့ဘက်အရပ်မျက်နှာ၌ ကြီးသောတန်ခိုးရှိကုန်သော ဂန္ဓဗ္ဗနတ်တို့သည် ရှိကုန်၏၊ ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့်လည်းကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

www.dhammadownload.com



(၂၂) ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေ ပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၂) တောင်ဘက်အရပ်မျက်နှာ၌ ကြီးသောတန်ခိုးရှိကုန်သော ကုမ္ဘဏ် နတ်တို့သည် ရှိကုန်၏၊ ထိုကုမ္ဘဏ်နတ်တို့သည်လည်း ငါတို့ကို ရောဂါကင်းရေး အားဖြင့်လည်းကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း အစဉ်စောင့်ရှောက် ကြပါစေကုန်သတည်း။

(၂၃) ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေ ပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၃) အနောက်ဘက်အရပ်မျက်နှာ၌ ကြီးသောတန်ခိုးရှိကုန်သော နဂါးတို့ သည် ရှိကုန်၏၊ ထိုနဂါးတို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့်လည်း ကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း အစဉ်စောင့်ရှောက်ကြပါစေကုန် သတည်း။

(၂၄) ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေ ပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၄) မြောက်ဘက်အရပ်မျက်နှာ၌ ကြီးသောတန်ခိုးရှိကုန်သော ဘီလူးတို့ သည် ရှိကုန်၏၊ ထိုဘီလူးတို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့်လည်း ကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း အစဉ်စောင့်ရှောက်ကြပါစေကုန် သတည်း။

(၂၅) ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

(၂၅) အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်းသည် ရှိ၏၊ တောင်အရပ်၌ ဝိရူဠှက နတ်မင်းသည် ရှိ၏၊ အနောက်အရပ်၌ ဝိရူပက္ခနတ်မင်းသည် ရှိ၏၊ မြောက်အရပ် ၌ ကုဝေရနတ်မင်းသည် ရှိ၏။

www.dhammadownload.com



(၂၆) စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေ ပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၆) လေးယောက်ကုန်သော ထိုနတ်မင်းကြီးတို့သည် လောကကို စောင့်ရှောက်တတ်ကုန်၏၊ များသောအခြံအရံ ရှိကြကုန်၏၊ ထိုလောကပါလ နတ်မင်းကြီး လေးယောက်တို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့်လည်းကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၂၇) အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေ ပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၇) ကောင်းကင်၌ တည်ကုန်သော ကြီးသောတန်ခိုးရှိကြကုန်သော နတ်တို့သည်လည်းကောင်း၊ မြေ၌တည်ကုန်သော ကြီးသောတန်ခိုးရှိကုန်သော နတ်တို့သည်လည်းကောင်း, နဂါးတို့သည်လည်းကောင်း ရှိကုန်၏၊ ထို နတ်,နဂါးတို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့်လည်းကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၂၈) ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေ ပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၂၈) ဤမြတ်စွာဘုရား သာသနာတော်၌ နေကြကုန်သော လွန်ကဲသော တန်ခိုးရှိကြကုန်သော အကြင်နတ်တို့သည်လည်း ရှိကုန်၏၊ ထိုနတ်တို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့်လည်းကောင်း၊ ချမ်းသာရေးအားဖြင့် လည်းကောင်း အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၂၉) သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝတွန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

(၂၉) အလုံးစုံသော ဘေးရန်တို့သည် ကွင်းဖယ် ရှောင်ရှားကြပါစေကုန်သတည်း၊ စိုးရိမ်ပူပန်ခြင်းသည်လည်းကောင်း၊ အနာရောဂါမျိုးသည်လည်းကောင်း မကျမရောက် ကင်းပျောက်ပါစေသတည်း၊ သင့်အား ဘေးရန်အန္တရာယ်တို့သည်

www.dhammadownload.com



မဖြစ်ပါစေကုန်သတည်း။ သင်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်ဖြစ်၍ ရှည်သောအသက်ရှိသည် ဖြစ်ပါစေသား။

(၁၀) အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

(၁၀) ရှိခိုးခြင်းအလေ့ရှိထသော၊ အမြဲမပြတ် အသက် ဂုဏ်သိက္ခာသာသူ, ကြီးသူတို့ကို ရိုသေမှု ပြုလေ့ရှိသူအား အသက်တမ်းသည်လည်းကောင်း၊ ရုပ်ရည်အဆင်းသည်လည်းကောင်း၊ ချမ်းသာခြင်းသည်လည်းကောင်း၊ ခွန်အားသည်လည်းကောင်း လေးပါးကုန်သော တရားတို့သည် တိုးပွားကြလေကုန်၏။

* အာဋာနာဋိယသုတ္တံ မင်္ဂလတ္တာယ ဝေါ ရက္ခတု၊
* အာဋာနာဋိယသုတ္တံ အရောဂတ္တာယ ဝေါ ရက္ခတု၊

အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

## အာဋာနာဋိယသုတ်တော်ပြီး၏

### အာဋာနာဋိယသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး

နတ်တို့က စောင်မသည်၊ အကာအကွယ် ပေးသည်၊ အမှောင့်ပယောဂများ မကပ်ရောက်နိုင်၊ မိစ္ဆာဝါဒီ ပညာသည်တို့ ပြုစားခြင်းမှ ကာကွယ်နိုင်၏၊ မကောင်းသော ဂြိုဟ်စီးဒသာ ကံကြမ္မာတို့မှ လွတ်ကင်း ချမ်းသာစေနိုင်သော အကျိုးသတ္တိ ရှိလေသည်။

www.dhammadownload.com



## အင်္ဂုလိမာလသုတ်တော် (အင်္ဂုလိမာလသုတ္တံ) နိဒါန်း

သဗ္ဗညုတ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ အင်္ဂုလိမာလသုတ်တော်ကို ဟောတော်မူ၏။

သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်အမတ်ကြီး ဖြစ်သော ဂဂ္ဂမည်သော ပုဏ္ဏားကြီးနှင့် မန္တာဏီမည်သော ပုဏ္ဏေးမကြီးတို့သည် အင်္ဂုလိမာလထေရ်၏ လောင်းလျာဖြစ်သော သတို့သားငယ်ကို ဖွားမြင်ကြသော မိခင်, ဖခင်များ ဖြစ်ကြ၏။ ထိုသတို့သားငယ်သည် စောရနက္ခတ်နှင့် ယှဉ်၍ ဖွားမြင်သူဖြစ်သည့်အတိုင်း ဖွားမြင်သောညဉ့်တွင် နန်းတော်တွင်းနှင့် မြို့တွင်းများမှာရှိသော လက်နက်များသည် အခိုးအလျှံတွေထွက်၍ ပြောင်လက်ကွန့်မြူးသော နိမိတ်ထူးလည်း ဖြစ်ပေါ်ခဲ့ဖူးလေသည်။

အင်္ဂုလိမာလထေရ်လောင်းလျာ၏ ဖခင်ဖြစ်သော ပုရောဟိတ်ပုဏ္ဏားကြီးသည် သူ၏သားအား အဟိံသက(မညှဉ်းဆဲတတ်သူ, လူလိမ္မာကလေး)ဟု အမည်ပေးခဲ့၏။ နာမည်နှင့်လိုက်အောင်လည်း ပျိုမြစ်နုနယ် ငယ်စဉ်အခါက ယဉ်ကျေးလိမ္မာလှပါပေ၏။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ အပ်နှံ၍ ပညာများကို သင်ကြားစေခဲ့ရာ အစစ အရာရာ အသိအလိမ္မာ ဉာဏ်ပညာရှိသည့်အတွက် ကျောင်းသားများအထဲတွင် အလိမ္မာဆုံး ပညာအတော်ဆုံးဖြစ်သဖြင့် ဆရာကြီး၏ လက်ရုံးသဖွယ် အတွင်းနေ တပည့်ကြီးအရာ ချီးမြှောက်ခြင်းကို ခံရ၏။ ထိုအခါ အခြားသော ကျောင်းသားများသည် မနာလိုဝန်တိုစိတ် ဖြစ်ကြကာ ဆရာကြီး၏ တပည့်ကြီး အဟိံသကသည် ဆရာကြီးအား ပုန်ကန်လိမ့်မည်ဟု သတင်းရရှိကြောင်း ချောပစ် ကုန်းတိုက်ကြလေတော့သည်၊ ပထမ တစ်ခါ, နှစ်ခါမှာ ဆရာကြီးလည်း မယုံကြည်သော်လည်း တတိယအကြိမ်အခါမှာ ယုံကြည်၍ သွားလေသည်၊ ယုံကြည်သွားသည့်အတိုင်း သတ်ပစ်ရန် ဆုံးဖြတ်ထားသော်လည်း ကိုယ်တိုင်သတ်လျှင် အများသူငါ ကဲ့ရဲ့ကြမည့်ဘေးကို တွေးမြင်သည့်အပြင် တပည့်ကျောင်းသားများနှင့် ပတ်သက်၍ ဖြစ်ပေါ်ရမည့် လာဘ်လာဘများလည်း ဆုတ်ယုတ်သွားမည်ကိုသိသဖြင့် ပရိယာယ်ဖြင့် သတ်ရန်

www.dhammadownload.com



ကြုံစည်လေ၏၊ အင်္ဂုလိမာလလောင်းလျာဖြစ်သော အဟိံသကသည် သုညကမ္ဘာတွင် လယ်ထွန်သား ဖြစ်ခဲ့စဉ်အခါက အချမ်းဒဏ်ဖြင့် ဆင်းရဲစွာ နှိပ်စက်ခံနေရသော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးအား ထင်းများကို မီးဖို၍ ကုသိုလ်ပြုခဲ့သောကောင်းမှုကြောင့် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်၏၊ ပေါ့ပါး လျင်မြန်၏၊ အရှိန်အဝါ အာဏာတန်ခိုးကြီး၏၊ သုံးယူဇနာခရီးကို မနားဘဲ ပြေးသွားနိုင်၏။

တစ်နေ့သ၌ ဒိသာပါမောက္ခဆရာကြီးသည် အဟိံသကကိုခေါ်၍ ဤသို့ဆိုလေသည်၊ ''ငါ့တပည့် ... သင်သည် ဆရာ၏ ဝတ္တရားကိုလည်း သိတတ်၍ အတတ်ပညာများလည်း ထူးချွန်သူ ဖြစ်ပေသည်၊ ယခုအချိန်ကစပြီး အထွတ်အထိပ်သို့ ကျရောက်ဖို့အကြောင်း လူပေါင်းတစ်ထောင်၏ လက်ညှိုးကို ဖြတ်ယူရန် ပြန်သွားပေတော့''ဟူသော အဓိပ္ပါယ်ဖြင့် ပြောဆိုကာ လွှတ်လိုက်လေ၏၊ (သူတစ်ပါးကို ညှဉ်းဆဲသဖြင့် သေပွဲဝင်စေရန်အတွက် သေကြောင်းကြံခြင်းပင်ဖြစ်၏၊) အဟိံသကသည် မျိုးရိုးစဉ်လာ လိမ္မာလာသူဖြစ်သဖြင့် ''ဆရာကြီး–ကျွန်ုပ်တို့မျိုးရိုးမှာ သူတစ်ပါးအား ညှဉ်းဆဲသတ်ဖြတ်သည့် အလေ့အထမရှိပါ၊ အပြစ်ခံရမည်ကိုလည်း ကြောက်လှပါသည်''ဟု ပြန်၍ပြောလေရာ ဆရာကြီးက ''ငါ့တပည့်– ပညာရှာရာ၌ အပြစ်မရှိပါ''ဟုဆိုကာ နှင်ထုတ်မြဲ နှင်ထုတ်လိုက်လေ၏။

ထိုအခါမှစ၍ ပညာရှိ၍ လိမ္မာသော အဟိံသကသည် တောပုန်းလူမိုက်ကြီးလုပ်ကာ တွေ့သမျှ လူအားလုံးကို ညှဉ်းဆဲသတ်ဖြတ်လေတော့၏၊ တိုင်းသူပြည်သား လူအများတို့သည် အဟိံသကရှိသော တောအုပ်သို့ မဝင်ရဲကြဘဲ မြို့ရွာ ဇနပုဒ်တိုင်းမှာပင် ကျီးလန့်စာစား နေကြရလေသည်၊ လူနေအိမ်ခြေ ပျက်စီးရသည်အထိ ရောက်လေတော့၏၊ တိုင်းသူပြည်သား လူအများ၏ လက်ညှိုးများကို ဖြတ်ယူကာ သီကုံး ပန်ယူ၍ထားသောကြောင့် လူလိမ္မာ အဟိံသကဘဝမှ အင်္ဂုလိမာလ(လက်ညှိုးပန်းကုံးရှိသော သူခိုးကြီး)ဟု ကျော်စောကိတ္တိ ဘွဲ့ထူးရရှိသွားတော့၏၊ တိုင်းသူပြည်သား လူအများတို့သည်လည်း ကောသလမင်းကြီး

www.dhammadownload.com



ကြားသိစေရန် ဟစ်တိုင်မှနေ၍ အော်ဟစ် တိုင်တန်းကြရာတွင် အဟိံသကဖခင် ပုရောဟိတ်ပုဏ္ဏားကြီးသည် မန္တာဏီပုဏ္ဏေးမကြီးကို ခေါ်၍ ''ရှင်မ၊ တောထဲ၌ သောင်းကျန်းနေသော အင်္ဂုလိမာလ ခိုးသူကြီးဟူသည် အခြားသူမဟုတ် ရှင်မ ၏သား အဟိံသကပင်ဖြစ်သည်၊ ယခုအခါ ကောသလမင်းကြီးသည် ခစ်အင်္ဂါ လေးပါး စေလွှတ်၍ ဖမ်းဆီးတော့မည်၊ ရှင်မ၏ သားကို သွား၍ ခေါ်ပါချေ''ဟု ပြောဆို စေလွှတ်လိုက်လေ၏။

ကောသလမင်းကြီး၏ ဆင်မြင်းရထားများနှင့် စစ်သည်ဗိုလ်ပါများသည် လည်း ''ငါ အင်္ဂုလိမာလ''ဟု ကြိမ်းဝါးရုံမျှဖြင့် ထွက်ပြေးကြလေတော့၏၊ ထိုအခါ အင်္ဂုလိမာလသည် လက်ညှိုးပေါင်း တစ်ထောင်ပြည့်ရန် တစ်ချောင်းမျှသာ လိုတော့ သဖြင့် ပထမဆုံး တွေ့ရာလူ၏ လက်ညှိုးကိုဖြတ်ယူကာ မိဘရပ်ထံ အကန်တော့ ပြန်မှ တော်မည်ဟု ဆုံးဖြတ်ကာ ထားလေတော့၏၊ ထိုအခါ မြတ်စွာဘုရားသည် မိခင်ကိုပင် ညှဉ်းဆဲသတ်ဖြတ်ရန် လိုက်သဖြင့် ကံကြီးထိုက်မည်ကို တင်ကြိုသိ တော်မူကာ နံနက်စောစောကပင် အင်္ဂုလိမာလရှိရာ တောအုပ်ဝနားသို့ ကြွတော် မူလေ၏။

ဘုရားကြွတော်မူရာ လမ်းခရီး၌ရှိကြသော နွားကျောင်းသားများသည် မြတ်စွာဘုရားအား ''ရဟန်းကြီး၊ ထိုတောအုပ်ဝနားသို့ မကြွပါလင့်၊ လူစုလူဝေး နှင့်ပင် မသွားဝံ့အောင် ကြမ်းကြုတ်သော အင်္ဂုလိမာလ သူခိုးကြီး ရှိပါသည်''ဟု လျှောက်ထားကာ သုံးကြိမ်တိုင်တိုင် တားသော်လည်း မရဘဲ ကြွမြဲကြွတော်မူ ၏၊ မြတ်စွာဘုရားရှင် တောအုပ်သို့ ဝင်သောအခါ လူစုလူဝေးများပင် မသွားဝံ့ သောနေရာ၌ တစ်ပါးတည်း ကြွလာတော်မူသော ဘုရားရှင်ကို အင်္ဂုလိမာလသည် မြင်ရသဖြင့် အံ့အားသင့်ကာ ဖြစ်သွားပြီးနောက် လက်ညှိုးပန်းကုံးကို လည်၌ စွပ်ကာ သန်လျက်ကို ကိုင်၍ လက်ညှိုးဖြတ်ရန် တအားစိုက်ပြီး ဘုရားကို လိုက်လေ၏၊ သို့သော် ဘုရားရှင်သည် အင်္ဂုလိမာလ မလိုက်နိုင်စေရန် ကုန်းမြင့် မြောင်ကြား ချောက်ကမ်းပါးကြီးများကို ဖန်ဆင်းထားသဖြင့် စွမ်းအားရှိသမျှ ပြေး

www.dhammadownload.com



လိုက်သော်လည်း အရေးမစိုက်ချေ၊ နောက်ဆုံး လျှာပင်ထွက်၍ လက်ပန်း ခြေပန်းကျကာ ''ရဟန်းကြီး– ရပ်ပါ ရပ်ပါ''ဟု အော်ပြောရှာလေသည်။

ထိုအခါဘုရားရှင်သည် ''ချစ်သား အင်္ဂုလိမာလ– ငါသည် ရပ်လျက်နေ၏၊ သင်သည်သာလျှင် ပြေးနေသည်၊ သင်သည်လျှင် ရပ်ပါ''ဟု အမိန့်ရှိသော အခါ အင်္ဂုလိမာလသည် မာယာဒေဝီ၏ သားဟူသည် ဤသူပင် ဖြစ်ရမည်၊ ပြေးနေပါလျက် အဘယ့်ကြောင့် ငါ့ကို ရပ်နေပါသည်ဟု ပြောရသနည်း၊ ရဟန်းဟူသည် လိမ်၍ပြောရိုး ထုံးစံမရှိဟု ကြံစည်ကာ အကျိုးအကြောင်း မေးမြန်းလျှောက်ထားသဖြင့် ''ချစ်သား အင်္ဂုလိမာလ– ငါသည် သတ္တဝါတို့အား သတ်ဖြတ် ညှဉ်းဆဲခြင်း မရှိ၊ သံသရာ၌လည်း ပြေးသွားရန် မရှိ၊ ငါ၏ ဘဝသည် ရပ်တည်နေ၏၊ သင်ကား သတ္တဝါအများကို ညှဉ်းဆဲနေသဖြင့် ယခုလည်း သင်သည် ပြေးလွှားဆဲ, နောင်သံသရာထဲမှာလည်း ပြေးသွားမြဲ ပြေးသွားရချေဦးမည်''ဟု ဟောတော်မူ၏။

အင်္ဂုလိမာလလည်း သတိသံဝေဂ ရရှိကာ အမှားကို ဝန်ခံ၍ ရဟန်းပြုရန် လျှောက်ထားသဖြင့် ''**ဟေိဘိက္ခု**''(ချစ်သားရဟန်း လာခဲ့လောဟု ခေါ်ရုံဖြင့် ပရိက္ခရာအစုံ လှူဒါန်းခဲ့ဖူးသော ကုသိုလ်ကြောင့် သင်္ကန်းသပိတ် ပရိက္ခရာ ပြည့်စုံစွာ ဆင်ယင်ပြီးဖြစ်သော) ရဟန်းအဖြစ် ရတော်မူ၏၊ ဘုရားရှင်လည်း အင်္ဂုလိမာလမထေရ်အား နောက်ပါအဖြစ် ခေါ်ဆောင်ကာ ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ကြွလာတော်မူခဲ့၏၊ တိုင်းသူပြည်သား လူအများသည် ဘုရင်ကောသလမင်းကြီးအား တိုင်တန်းကြပြန်သဖြင့် မင်းကြီးသည် ဇေတဝန်ကျောင်းတော်သို့ နောက်လိုက်နောက်ပါ အခြံအရံများစွာနှင့် လိုက်လာခဲ့၏။

''မင်းကြီး– ဝေသာလီပြည်သားတို့နှင့် ပဋိပက္ခများဖြစ်၍ လာရောက်ပါသလော''ဟု ဘုရားရှင်က ဆီးကြို မေးမြန်းတော်မူရာ အင်္ဂုလိမာလ ခိုးသူကြီးကို တာဝန်အရ ဖမ်းဆီးရန် လာရောက်ကြောင်း လျှောက်ထား၏၊ ''အသင်မင်းကြီး– အင်္ဂုလိမာလကို ရဟန်းအသွင်ဖြင့် ဖူးမြင်ရလျှင် အဘယ်သို့ လုပ်ဆောင်မည်နည်း''ဟု ထပ်မံ၍ မေးမြန်းတော်မူရာ ''အမြတ်တနိုး ရှိခိုး ပူဇော်

www.dhammadownload.com



ရန်ပင် ရှိပါသည်''ဟု လျှောက်ထားသဖြင့် တန်ခိုးဖြင့် ဖုံးကွယ်ဝှက်ထားသော အင်္ဂုလိမာလအား ပြတော်မူ၏။ ထိုအခါ အချို့သော နန်းတွင်းသား မှူးမတ်ဗိုလ်ပါများသည် ကြောက်လန့်ထွက်ပြေးကြကုန်၏။ ကောသလမင်းကြီးလည်း ကြက်သီးဖျန်းဖျန်းထကာ ကြောက်လန့်နေသောကြောင့် ''မင်းကြီး– ဤအင်္ဂုလိမာလမှ ဖြစ်ပေါ်လာမည့် တစ်စုံတစ်ရာ ဘေးရန် မရှိနိုင်တော့ပါ''ဟု မိန့်တော်မူသဖြင့် အင်္ဂုလိမာလမထေရ်၏ အနီးအနားသို့ ချဉ်းကပ်သွားကာ တုန်ရီစွာဖြင့် ''အရှင်ဘုရား အင်္ဂုလိမာလလား''ဟု လျှောက်ထား၏။ အင်္ဂုလိမာလ မထေရ်ကလည်း ''မှန်ပါ၏ မင်းကြီး''ဟု အမိန့်တော်ရှိရာ ပစ္စည်းလေးပါး ဒကာအဖြစ် ခံယူလိုကြောင်း လျှောက်ထားသော်လည်း အင်္ဂုလိမာလမထေရ်သည် ဓုတင်ဆောင်ပုဂ္ဂိုလ်ထူးဖြစ်၍ ''ပြည့်စုံပါသည်''ဟု မိန့်တော်မူ၏။

အင်္ဂုလိမာလမထေရ်သည် ခိုးသူကြီးဘဝ အရှိန်ကြောင့် ဆွမ်းခံကြွသော်လည်း ဝလင်အောင် ဆွမ်းရတော်မမူဘဲ လူအများတို့၏ ဆဲရေးခြင်း, တုတ်, ခဲ, လုံးတံတို့ဖြင့် ပစ်ခတ်ခြင်းကိုပင် ခံရကာ ဦးခေါင်းကွဲ၍ သွေးသံရဲရဲဖြင့် ကွဲသော သပိတ်၊ စုတ်ပြတ်သော သင်္ကန်းတို့ဖြင့် တပင်တပန်း ဆင်းရဲဒုက္ခများကို ခံစားလျက် ဘုရားအထံတော်သို့ ရောက်လာ၏။ မြတ်စွာဘုရားကလည်း ''ချစ်သား အင်္ဂုလိမာလ– သင်ပြုသော မကောင်းမှုသည် အပါယ်သို့ပင် ကျရောက်နိုင်လောက်သော အကုသိုလ်ကံတွေ ဖြစ်ချေသည်၊ ယခု မကျနိုင်တော့ပြီ၊ များမှောက်ဘဝ၌ ဤမျှသော ဝဋ်ကြွေးမှ လွတ်ကင်းအောင် ခန္တီ, မေတ္တာစသော တရားများကို နှလုံးသွင်း၍ သည်းခံပါလော့''ဟု ဟောတော်မူ၏။

တစ်နေ့သောအခါတွင် ဇေတဝန်ကျောင်းတော်၏အနီး မီးမဖွားနိုင်သော အိမ်တစ်အိမ်မှ အော်ဟစ် ညည်းညူနေသော မာတုဂါမတစ်ဦး၏ စူးရှသနားဖွယ်ကောင်းသော အသံကို ကြားတော်မူသဖြင့် ''သြော် ... သတ္တဝါတို့ ဆင်းရဲဒုက္ခ ရောက်ကြပေစွတကား''ဟု သနားကရုဏာ ဖြစ်လာတော်မူသဖြင့် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောကြောင့် မြတ်စွာဘုရားသည် အင်္ဂုလိမာလအား အန္တရာယ်လည်းများ နှောင်တတရားလည်း ဖြစ်ပွားနေသည့်ပြင် ဘုန်း

www.dhammadownload.com



ကံရှားပါး၍ တရားအားထုတ်မှု၌ လျှော့ပါးနေသည်ကို လူအများပြန်ပြီး လေးစားလာကြစေရန် ဖန်တီးပေးသနားဖို့အကြောင်း အခွင့်ကောင်းကြုံလာသဖြင့် အင်္ဂုလိမာလအား ''ပရိတ်တရားတော်ကို သားမဖွားနိုင်သော မိန်းမ၏ အနီးအပါး၌နေ၍ ရွတ်ဖတ်ချေ''ဟု စေတော်မူလိုက်၏။

အင်္ဂုလိမာလ မထေရ်သည် မြို့တွင်းသို့ အဆောတလျင်သွား၍ သားမဖွားနိုင်သော မာတုဂါမအိမ် မီးနေခန်း တင်းတိမ်ကန့်လန့်ကာ၏ အနီးအပါး အပြင်ဘက်မှနေ၍ **''ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော''**စသော ပရိတ်တော်ဖြင့် သစ္စာဓိဋ္ဌာန်ပြုရာ ထိုခဏ၌ပင်လျှင် ကရားမှ သွန်သောရေသည် ကပ်ငြိ၍နေခြင်း မရှိ၊ လျှောကျဘိသကဲ့သို့ မီးနေသည့် မာတုဂါမသည် ချမ်းသာစွာမွေးဖွား၍ ကလေးသည်လည်း ချမ်းသာရာရလေသည်။

''ဤအင်္ဂုလိမာလ''ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်သော ပုဂ္ဂိုလ်၏ နေထိုင်ပြီး ရွတ်ဖတ်သည့် နေရာပေါ်၌ မီးမဖွားနိုင်သော လူ့, တိရစ္ဆာန်ကို 'မ'တင်၍ ထားသော်လည်းကောင်း၊ နေရာကို ရေဆေး၍ ထိုရေဖြင့် ဦးခေါင်း၌ သွန်းလောင်းသော်လည်းကောင်း၊ လျင်မြန်ချမ်းသာစွာ မွေးဖွားနိုင်၏၊ ကြားနာသော်လည်းကောင်း၊ ကိုယ်တိုင် ရွတ်ဖတ်သော်လည်းကောင်း အထူးဆိုဖွယ်မရှိ ဖြစ်ပေ၏၊ ဤပရိတ်တော်သည် မီးဖွား၍ လွယ်ကူခြင်းကိစ္စသာမက အဋ္ဌကထာ၌ ဤအင်္ဂုလိမာလသုတ် ပရိတ်အရံအတားသည် မတားဆီး မပယ်ဖျောက်နိုင်သော ဘေးဥပါဒ်အန္တရာယ်မည်သည် မရှိ၊ ထို့ကြောင့် မဟာပရိတ်တော်ကို ရွတ်ဆို၍ သစ္စာဓိဋ္ဌာန်ပြုသော အင်္ဂုလိမာလမထေရ်သည်လည်း ထိုကာလမှစ၍ သတ္တဝါအပေါင်းတို့၏ ချမ်းသာကြောင်းကို ဆောင်ပေသည်ဟု လူအများတို့၏ ကြည်ညိုသဒ္ဓါတရားရှိကြသဖြင့် ပစ္စည်းလာဘ်လာဘလည်း ပေါများ၍ ဆဲရေးခြင်း, တုတ်, ခဲ, လှံတံတို့ဖြင့် ပစ်ခတ်ခြင်းမှ လွတ်ကင်းလျက် အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကာ နိဗ္ဗာန်ချမ်းသာကို ရရှိတော်မူပါသတည်း။

**အင်္ဂုလိမာလသုတ် အဋ္ဌုပ္ပတ္တိ နိဒါန်းပြီး၏။**

www.dhammadownload.com



# ၉။ အင်္ဂုလိမာလသုတ်တော်

## အင်္ဂုလိမာလသုတ်တော် အဖွင့်

(၁) ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

(၁) အို သူတော်ကောင်းတို့– အကြင် အင်္ဂုလိမာလပရိတ်တော်ကို ရွတ်ဆိုသော ပုဂ္ဂိုလ်၏ နေရာထိုင်ခုံကို ဆေးကြောင်းဖြစ်သော ရေသော်မှလည်း အလုံးစုံသာလျှင်ဖြစ်သော ဘေးရန်ကို ကင်းပျောက်စေနိုင်ပေ၏။

(၂) သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၂) အကြင် အင်္ဂုလိမာလပရိတ်တော်သည် ပရိတ်ရွတ်စဉ် ထိုအခိုက်၌ပင် ချမ်းချမ်းသာသာဖြင့် ကိုယ်ဝန်မှထ မွေးဖွားရခြင်းကိုလည်း ပြီးစေနိုင်ပေ၏၊ အင်္ဂုလိမာလမည်သော မထေရ်အား မြတ်စွာဘုရားသည် ဟောတော်မူအပ်သော, ကမ္ဘာဆုံးသည်အထိ တည်တတ်သော သဘာဝရှိသော, ကြီးမားသော အစွမ်းရှိသော ထိုအင်္ဂုလိမာလသုတ် ပရိတ်တော်ကို ငါတို့သည် ရွတ်ဆိုကြကုန်စို့။

(၃) ယတောဟံ ဘဂိနိ အရိယာယ၊ ဇာတိယာ ဇာတော။
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

(၃) နှမ– ငါသည် အကြင်အခါမှစ၍ အရိယာဇာတ်ဖြင့် ဖြစ်ခဲ့၏၊ ထိုအခါမှစ၍ သေစေလိုသော စေတနာဖြင့် အားထုတ်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ချခဲ့

www.dhammadownload.com



သတ်ခဲ့သည်ဟူ၍ မသိပေ၊ ထိုသစ္စာစကားကြောင့် သင့်အား ချမ်းသာခြင်းသည် ဖြစ်စေသတည်း၊ သူငယ်၏ ချမ်းသာခြင်းသည် ဖြစ်စေသတည်း။

- အင်္ဂုလိမာလသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု၊
- အင်္ဂုလိမာလသုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။

## အင်္ဂုလိမာလသုတ်တော်ပြီး၏

### အင်္ဂုလိမာလသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး

မီးဖွားခက်ခဲသော သန္ဓေဆောင် ကိုယ်ဝန်သည်များအား ဤပရိတ်တော် မန္တန်ရေတိုက်ပေးပါက ကျန်းမာချမ်းသာစွာ အလွယ်တကူ ဖွားမြင်နိုင်ပါသည်၊ ကိုယ်ဝန်ရှိသူများအား အမြဲ ရွတ်ဖတ်ပါက ခက်ခဲမရှိ၊ ချောမောစွာ ဖွားမြင်နိုင်၏၊ လူသာမက အိမ်မွေးတိရစ္ဆာန်များ မွေးဖွားရခက်လျှင် ဤပရိတ်မန္တန်ရေဖြင့်ပင် ဖျန်းပက် တိုက်ပေးပါက လွယ်ကူစွာ ဖွားမြင်ရသော အကျိုးကျေးဇူး ရရှိစေနိုင်ပါသည်။

www.dhammadownload.com



## ဗောဇ္ဈင်္ဂသုတ်တော် (အတ္တုပ္ပတ္တိ) နိဒါန်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်း စံနေတော်မူသောအခါ အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်၏ အနီးဖြစ်သော ပိပ္ပလိလိုဏ်ဂူ၌ နေတော်မူစဉ် ပြင်းစွာသော အဖျားရောဂါ ဖြစ်ပေါ်လာ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်မှာ တစ်ပါးတည်း ကြွတော်မူ၍ အရှင်မဟာ ကဿပရှိရာ လိုဏ်ဂူသို့ရောက်လျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ ကာ ''ချစ်သား ကဿပ ... သင်၏ ကိုယ်မှာ ကပ်ရောက်လာသော ရောဂါ ဝေဒနာသည် တိုးသလော, ဆုတ်သလော, တိုးရိပ်ရှိသလော, ဆုတ်ရိပ်ရှိသလော'' ဟု မေးတော်မူ၏၊ ''မှန်လှပါ ဘုန်းတော်ကြီးသော မြတ်စွာဘုရား– တပည့်တော် ၏ ရောဂါဝေဒနာမှာ ဆုတ်ယုတ်သည်လို့ မထင်ပါ၊ တိုးလိမ့်မည်ဟုသာ ထင်ပါ သည်ဘုရား''ဟု လျှောက်ထား၏။

ထိုသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ''ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို ငါဟောမည်၊ ရိုသေ လေးစားစွာ နာကြားလော့''ဟု မိန့်တော်မူ၍ ''သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ''အစဖြာသော ဗောဇ္ဈင်္ဂသုတ် ပရိတ်တော်ကို ဟောကြားတော်မူ၏၊ အရှင်မဟာကဿပ မထေရ်သည်လည်း ဓမ္မရသကို သောက်တော်မူရ၍ နှစ်လိုဝမ်းမြောက်သဖြင့် ထိုခဏ၌ပင်လျှင် ရောဂါ ဝေဒနာ ကင်းပျောက်ကာ ချမ်းသာခြင်းသို့ ရောက်လေ၏၊ (အရှင်မဟာမောဂ္ဂ လာန်မထေရ် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် ပြင်းစွာသော အဖျားရောဂါ ကပ် ရောက်လာသောအခါ၌လည်း ဤနည်းအတိုင်းပင် ဘုရားရှင် ကြွတော်မူ၍ မောဂ္ဂ လာန် ဗောဇ္ဈင်ကို ဟောကြားတော်မူရာ သက်သာရာရ၍ ရောဂါမှ ထတော်မူ လေ၏။)

အခါတစ်ပါး၌သော်ကား မြတ်စွာဘုရားသခင်သည် ထို ဝေဠုဝန်ကျောင်း မှာပင် သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရားကိုယ်တိုင် ပြင်းထန်သော ရောဂါ ဝေဒနာ ဆိုက်ကပ်တော်မူလာ၏၊ ထိုအခါ အရှင်မဟာစုန္ဒသည် ညချမ်းအခါ တစ်ပါးတည်း ကိန်းအောင်းရာမှ ထပြီးလျှင် ဘုရားထံတော်သို့သွား၍ အနားသို့

www.dhammadownload.com



ရောက်လျှင် ရိုသေစွာ လက်အုပ်ချီ၍ ထိုင်နေလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ''ချစ်သား မဟာစုန္ဒ– ဗောဇ္ဈင်တရား ခုနစ်ပါးကို ငါ ကြားလိုသည်၊ ချစ်သား စုန္ဒ– ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ချစ်သားဉာဏ်၌ ထင်မြင်ပါကုန်လော့''ဟု ရွတ်ဆိုရန် စေခိုင်းတော်မူ၏၊ ဘုရားရှင်၏ အနီး၌ လက်အုပ်ချီ၍ ထိုင်နေသော အရှင်စုန္ဒသည် ထိုခဏ၌ပင် ဤသို့ ရွတ်ဆိုလျှောက် ထားလေ၏။

''သတ္တိ'မေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ– ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားသည် ကောင်းစွာ ဟောကြားတော်မူအပ်သော ဤဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပွားများအပ်ကုန်သည်ရှိသော်၊ ကြိမ်ဖန်များစွာ လေ့လာအပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် တရားမှန် ဟူသရွေ့ကို ထိုးထွင်း၍ သိခြင်းငှာ၊ မဂ်, ဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကြပါကုန်၏''ဟု ဤသို့ စသည်ဖြင့် အရှင်စုန္ဒသည် မြတ်စွာဘုရားအား ရွတ်ဆို လျှောက်ထားတော်မူ၏၊ ထိုအခါ၌ မကျန်းမာတော်မူသော မြတ်စွာဘုရားသည် ''ချစ်သားစုန္ဒ– ဤဗောဇ္ဈင်တရား ခုနစ်ပါးတို့သည် ထူးသောဉာဏ်ဖြင့် တရားမှန်ဟူသရွေ့ကို ထိုးထွင်း၍ သိခြင်းငှာ၊ မဂ်, ဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အမှန်စင်စစ် ဖြစ်ကြပေကုန်၏''ဟု မိန့်တော်မူ၏၊ ဤသို့ အရှင်စုန္ဒသည် ဗုဒ္ဓဗောဇ္ဈင်ကို ရွတ်ဆို လျှောက်ထားသော ခဏ၌ပင် ဘုရားရှင်သည် ကြည်လင်ရွှင်ပျ ရောဂါ ဝေဒနာမှ ထ၍ ချမ်းသာရာ ရရှိတော်မူပါသတည်း။

**ဗောဇ္ဈင်သုတ်တော် (အဋ္ဌုပ္ပတ္တိ) နိဒါန်းပြီး၏။**

www.dhammadownload.com



## လူနာ(ဝေဒနာရှင်)အတွက် ရွတ်ဆိုရန်

သတ္တိ’မေ (............) ဗောဇ္ဈင်္ဂါ ဘဂ,ဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

✹ ကတမေ သတ္တ ?

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ( ) ဘဂ,ဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ။ ။ ။ ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ။ ။ ။ ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ။ ။ ။ ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ။ ။ ။ ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ။ ။ ။ ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ။ ။ ။ ။

ဣမေ ခေါ (........) သတ္တ ဗောဇ္ဈင်္ဂါ ဘဂ,ဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနယ သံဝတ္တန္တိ။

အမှာ။ ။ (........)ဌင်းအတွင်း၌ လူနာ၏ အမည်ကို ထည့်ပြီး ရွတ်ဆိုပါ။



www.dhammadownload.com



# ၁၈။ ဗောဇ္ဈင်သုတ်တော်

## ဗောဇ္ဈင်သုတ်တော် အဓိပ္ပါယ်

၁။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာ ပမဒ္ဒနေ။

၂။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိံ မဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

၃။ ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

(၁-၂-၃) အို သူတော်ကောင်းတို့၊ သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့၏ ဒုက္ခခပ်သိမ်းတို့ကို ပျောက်ငြိမ်းစေတတ်ကုန်သော, မာရ်စစ်သည် အသင်းအပင်းတို့ကို နှိမ်နင်းဖျက်ဆီးတတ်ကုန်သော, ဗောဇ္ဈင်မည်ကုန်သော ခုနစ်ပါးကုန်သော အကြင်တရားတို့ကို သိကြကုန်သောကြောင့် မြတ်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ဘဝသုံးပါးမှ လွတ်မြောက်ရကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း မရှိသော၊ အိုခြင်းမရှိသော၊ နာခြင်းမရှိသော၊ ဘေးမရှိသော နိဗ္ဗာန်သို့ ရောက်ကြရကုန်ပြီ၊ ဤသို့ အစရှိသော အကျိုးဂုဏ်အင် အာနိသင်တို့နှင့် ပြည့်စုံသော ဂုဏ်အပေါင်းများစွာ သိမ်းယူရာဖြစ်သော ရောဂါပျောက်ရေးဝယ် ဆေးသဖွယ် လည်းဖြစ်သော, အန္တရာယ်ကင်းရေးဝယ် မန္တန်သဖွယ်လည်းဖြစ်သော ဤဗောဇ္ဈင် ပရိတ်တော်ကို ငါတို့သည် ရွတ်ကြကုန်စို့။

(၄) ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာ'ပရေ။

(၅) သမာဓု'ပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေ'တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

(၆) သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

www.dhammadownload.com



(၄-၅-၆) သတိဟုဆိုအပ်သော ဗောဇ္ဈင်လည်းကောင်း၊ ဓမ္မဝိစယဗောဇ္ဈင်လည်းကောင်း၊ ထိုမှတစ်ပါး ဝီရိယဗောဇ္ဈင်လည်းကောင်း၊ ပီတိဗောဇ္ဈင်, ပဿဒ္ဓိဗောဇ္ဈင်တို့လည်းကောင်း၊ ထို့ပြင် တစ်ပါးကုန်သော သမာဓိဗောဇ္ဈင်, ဥပေက္ခာဗောဇ္ဈင်တို့လည်းကောင်း ... ဤသို့ တရားအလုံးစုံ အကုန်သိတော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော်မူအပ်သော ခုနစ်ပါးကုန်သော ထိုဗောဇ္ဈင်တရားတို့သည် ပွားများအပ်ကုန်သည်ရှိသော်, ကြိမ်ဖန်များစွာ အလေ့အထ ပြုအပ်ကုန်သည်ရှိသော် သစ္စာလေးပါးကို သိခြင်းငှာလည်းကောင်း၊ နိဗ္ဗာန်အလို့ငှာလည်းကောင်း ဖြစ်ကုန်၏။ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

(၇) ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

(၇) အခါတစ်ပါး၌ မြတ်စွာဘုရားသည် မောဂ္ဂလာန်မထေရ်ကိုလည်းကောင်း၊ ကဿပမထေရ်ကိုလည်းကောင်း မကျန်းမမာသည်တို့ကို, ဆင်းရဲခြင်းသို့ ရောက်သည်တို့ကို မြင်တော်မူ၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟောတော်မူပြီ။

(၈) တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၈) ထိုမထေရ်မြတ်တို့သည်လည်း ထိုဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို နှစ်သက်အားရ ခံယူကြကုန်၍ ထိုခဏ၌ ရောဂါမှ ပျောက်ကင်း လွတ်မြောက်ကြရကုန်ပြီ၊ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

(၉) ဧကဒါ ဓမ္မရာဇာ ပိ၊ ဂေလညေနာ'ဘိပီဠိတော။
စုန္ဒတ္ထေရေန တံ ယေဝ၊ ဘဏာပေတွာန သာဒရံ။

(၁၀) သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

www.dhammadownload.com



(၉–၁၀) အခါတစ်ပါး၌ တရားဘုရင် ဘုရားရှင်သည်လည်း ရောဂါဝေဒနာသည် ပြင်းထန်စွာ နှိပ်စက်အပ်သည်ဖြစ်၍ စုန္ဒမထေရ်ကို ထိုဗောဇ္ဈင်တရားတော်ကိုပင် ရိုသေလေးစားစွာ ရွတ်ဆိုစေ၍ ဝမ်းမြောက်တော်မူသောကြောင့် တစ်ခဏချင်း ထိုရောဂါမှ ထမြောက်ပျောက်ကင်းတော်မူလေပြီ၊ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

(၁၁) ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာနုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၁၁) မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့သည် တစ်ဖန်ထပ်ကာ ပေါ်မလာတော့သကဲ့သို့ မဟေသီသုံးပါး (ဘုရား, အရှင်မဟာကဿပ, ရှင်မဟာမောဂ္ဂလာန်)တို့၏ ဗောဇ္ဈင်တရားဖြင့် ပယ်ရှားအပ်သော ဝေဒနာများမှာလည်း နောင်ပေါ်ခြင်း အလျှင်းမရှိတော့သည်အဖြစ်သို့ ရောက်ရသည်၊ ဤသစ္စာစကားကြောင့် သင့်အား ထာဝစဉ် ချမ်းသာခြင်း ဖြစ်ပါစေ။

- ဗောဇ္ဈင်သုတ္တံ မင်္ဂလတ္ထာယ ပေါ ရက္ခတု၊
- ဗောဇ္ဈင်သုတ္တံ အရောဂတ္ထာယ ဝေါ ရက္ခတု၊

ဗောဇ္ဈင်သုတ္တံ နိဋ္ဌိတံ။

ဗောဇ္ဈင်သုတ်တော်ပြီး၏

## ဗောဇ္ဈင်သုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး

ရောဂါဆိုး ဝေဒနာဆိုးများ မကပ်ငြိနိုင်ဘဲ ပျောက်ကင်း ချမ်းသာစေနိုင်သည်၊ ရောဂါဝေဒနာ ကျရောက်နေသူများအတွက် ဌာန်, ကရိုဏ်းကျ ပီပီသသ ရွတ်ပေးပါက ရောဂါကင်းပျောက် ချမ်းသာခြင်းသို့ မုချရောက်ရှိပါလိမ့်မည်။

www.dhammadownload.com



## ပုဗ္ဗဏှသုတ်တော်(အတ္ထုပ္ပတ္တိ)နိဒါန်း

ဤသို့ဆိုလျှင် ရတနပရိတ်, မေတ္တပရိတ်, ခန္ဓပရိတ်, မောရပရိတ်, ဝဋ္ဋပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, အင်္ဂုလိမာလပရိတ်တည်းဟူသော **ပရိတ်ကြီး ရှစ်ပါး**ကိုလည်းကောင်း၊ မင်္ဂလသုတ်, ဗောဇ္ဈင်္ဂသုတ်တည်းဟူသော **ပရိတ်ငယ်နှစ်ပါး**ကိုလည်းကောင်း၊ ပြဆိုတော်မူ၍ ယခုအခါ၌ ရတနာသုံးပါး၊ ထိုရတနာသုံးပါးတို့၏ ဂုဏ်တော်၊ ဘုရားနှုတ်တော်ထွက် ဓမ္မစက်တည်းဟူသော မေတ္တာတော်, မန္တန်တော်, သစ္စာမင်္ဂလာ စကားတော်တို့၏ အစောင့်အရှောက် တော်၊ အရှိန်အစော် အာနုဘော် တန်ခိုးကြီးမား နတ်မင်းကြီးများတို့၏ အောင်ဆု မင်္ဂလာဂါထာတော်၊ ကိုယ် နှုတ် နှလုံး စောင့်သုံးခြင်းတည်းဟူသော ပုဗ္ဗဏှဓမ္မ ဒေသနာတော်တို့ဖြင့် တန်ဆာဆင်အပ်သော ပရိတ်အဆုံး နိဂုံးပရိတ်တော်ကို ပြတော်မူလိုသော ရှေးဆရာမြတ်တို့သည် **"ယံ ဒုန္နိမိတ္တံ"** အစ **"သဟ သဗ္ဗေဟိ ဉာတိဘိ"**အဆုံးရှိသော ပုဗ္ဗဏှသုတ်တော်ကို ထုတ်ဖော် ပြဆိုတော်မူကြကုန်၏။

ထိုသို့ ပြဆိုတော်မူရာ၌ ရတနာသုံးပါး, ထိုရတနာသုံးပါးတို့၏ ဂုဏ်တော် သည် လောကီ, လောကုတ္တရာ, ပစ္စုပ္ပန်, သံသရာအကျိုးတရားတို့ကို တိုးပွား စေနိုင်၏၊ ဘေးဆိုး, ရန်ဆိုး, ကပ်ဆိုး ဥပဒ်ဆိုး အမျိုးမျိုးတို့ကိုလည်း ကာကွယ် စေနိုင်၏၊ ဘုရားနှုတ်တော်ထွက် ဓမ္မစက်တည်းဟူသော မေတ္တာတော်, မန္တန်တော် တို့သည် နတ်ဆိုး နတ်ကြမ်းတို့၏ ဘေးမှလည်းကောင်း၊ အဆိပ်အတောက် များသော မြွေဆိုးတို့၏ ဘေးမှလည်းကောင်း၊ အတုပ်အနှောင် အချုပ်ထောင် ရာဇဝတ်ဘေးတို့မှ ကင်းဝေးစေရန် တားဆီး ပိတ်ပင်နိုင်၍ ချမ်းသာစွာ အိပ်ရခြင်း, နိုးရခြင်းစသော ၁၁-ပါးသော အကျိုးတို့ကို ပေးစွမ်းနိုင်၏၊ သစ္စာမင်္ဂလာစကား တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်သည် ရန်သူမျိုးငါးပါးတို့၏ ဘေးမှ ကင်း ဝေး၍ မီးမလောင်နိုင်သော အကျိုး, ချမ်းသာစွာ မီးဖွားနိုင်သောအကျိုး, အလုပ် အကိုင် လွယ်ကူစွာ ရနိုင်သော အကျိုးများကို ရစေနိုင်၏၊ တန်ခိုးကြီးမား နတ်မင်း များ၏ အစောင့်အရှောက်တော်ကို ခံယူခြင်းသည် တိုင်းပြည် ကြီးပွားခြင်း, အမျိုး ဘာသာ သာသနာ ကြီးပွားခြင်း စသော အကျိုးများကို ရစေနိုင်၏၊

www.dhammadownload.com



အောင်ဆုမင်္ဂလာ ဂါထာတော်တို့၏ အကျိုးသည် စာမေးပွဲအောင်ခြင်း, တရားနိုင်ခြင်း, အကြံအစည် အလုပ်အကိုင်တို့ကို အောင်မြင်နိုင်ခြင်း အကျိုးရှိ၏၊ ကိုယ်နှုတ် နှလုံး စောင့်သုံးခြင်းသည် ဂြိုဟ်နေ ဂြိုဟ်ပြောင်း အကြောင်းမဟုတ်သော မကောင်းအလုပ်ကို ပယ်ရှား၍ ကောင်းသော သုစရိုက်တရားများကို လိုက်စားလျှင် အမြဲမပြတ် ကောင်းသောနက္ခတ်, ကောင်းသောမင်္ဂလာ, ကောင်းသောဇာတာ ဖြစ်နေပါသောကြောင့် ဂြိုဟ်စီးဂြိုဟ်နင်း ကံဇာတာ ချွက်ယွင်းခြင်းမှ ကာကွယ်နိုင်၏၊ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော အကျိုးတရားတို့ကို လိုလားနှစ်သက်ကြသော အမျိုးသား၊ အမျိုးသမီးများသည် "ယံ ဒုန္နိမိတ္တံ"စသော ပုဗ္ဗဏှသုတ် ပရိတ်တရားတော်ကို နေ့ညဥ့်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်နိုင်ကြပါစေသတည်း။

**ပုဗ္ဗဏှသုတ်တော် (အတ္ထုပ္ပတ္တိ) နိဒါန်းပြီး၏။**

www.dhammadownload.com



## ၁၁။ ပုဗ္ဗဏှသုတ်တော်

(၁) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ'မေန္တု။

(၂) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ'မေန္တု။

(၃) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ'မေန္တု။

(၁-၂-၃) အကြင်မကောင်းသော နိမိတ်သည်လည်းကောင်း၊ အကြင် အမင်္ဂလာသည်လည်းကောင်း၊ ငှက်ဆိုးတို့၏ နှစ်သက်ဖွယ်မရှိသော အကြင်အသံ သည်လည်းကောင်း၊ အကြင် ပါပဂြိုဟ်သည်လည်းကောင်း၊ နှစ်လိုဖွယ်မရှိသော အကြင် မကောင်းသော အိပ်မက်သည်လည်းကောင်း ရှိကုန်၏၊ ထိုမကောင်းသော နိမိတ်စသည်တို့သည် ဘုရားမြတ်တို့၏ အာနုဘော်ကြောင့်, တရားတော်တို့၏ အာနုဘော်ကြောင့်, သံဃာတော်တို့၏ အာနုဘော်ကြောင့် အလျှင်းမရောက် ကင်းပျောက်ခြင်းသို့ ရောက်ပါစေကုန်သတည်း။

(၄) ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

(၄) ဆင်းရဲဒုက္ခ ကြုံတွေ့နေရသော သတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခ ကင်း ကြပါစေ၊ ဘေးအန္တရာယ် ဆိုက်ရောက်နေကြရသော သတ္တဝါမှန်သမျှ ဘေး

www.dhammadownload.com



အန္တရာယ် ကင်းကြပါစေ၊ စိတ်သောက ရောက်လျက်ရှိကြသော သတ္တဝါမှန်သမျှ စိတ်သောက ကင်းဝေးကြပါစေ။

(၅) စတ္တာဝတာ စ အမေ့ဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

(၅) ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ငါတို့ကောင်းစွာ ဆည်းပူးအပ်သော ကောင်းမှု၏ ပြည့်စုံခြင်းကို အလုံးစုံသော နတ်တို့သည် စည်းစိမ်ချမ်းသာ အကုန်ပြည့်စုံဖို့ရာ သာဓုအနုမောဒနာ ပြုကြပါကုန်လော့။

(၆) ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

(၆) ရတနာသုံးတန် ကံ,ကံ၏ အကျိုးကို ယုံကြည်ကြကုန်၍ အလှူဒါန ကို ပေးလှူကြကုန်လော့၊ အခါမလပ် သီလကို စောင့်ရှောက်ကြကုန်လော့၊ သမထဝိပဿနာ,ဘာဝနာ၌ ပျော်ပိုက်ကြကုန်လော့၊ တရားနာ လာရောက်ကြကုန်သော နတ်တို့သည် နေရင်းဌာနသို့ ပြန်ကြပါကုန်လော့။

(၇) သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၇) ကိုယ်တော်အား, ဉာဏ်တော်အားကို ရပိုင်တော်မူကြကုန်သော ဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓါတို့၏ အစွမ်းအာနုဘော်ဖြင့်လည်းကောင်း၊ ရဟန္တာတို့၏ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း အခါခပ်သိမ်း အကာအကွယ် အစောင့်အရှောက်ကို ငါဖွဲ့၏။

(၈) ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

www.dhammadownload.com



(၉) ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၀) ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၈-၉-၁၀) လူ့ပြည်၊ နဂါး, ဂဠုန်စသော ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ရှိသမျှ ကောင်းမြတ်သော ရတနာတို့တွင် မြတ်စွာဘုရား (တရားတော်၊ သံဃာတော်)နှင့်တူသော ရတနာကား မရှိနိုင်သည်သာ၊ ဘုရားမြတ် (တရားမြတ်၊ သံဃာမြတ်)၌ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်ကား ထူးခြားကောင်းမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

(၁၁) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၁၂) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၁၃) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၁၁-၁၂-၁၃) ကောင်းခြင်းမင်္ဂလာမှန်သမျှ ဖြစ်ပါစေ၊ ခပ်သိမ်းသော နတ် အများက စောင့်ရှောက်ကြပါစေ၊ အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်ကြောင့် (အလုံးစုံသော တရားတော်တို့၏ အစွမ်းအာနုဘော်ကြောင့်, အလုံးစုံ

www.dhammadownload.com



သော သံဃာတော်တို့၏ အစွမ်းအာနုဘော်ကြောင့်) ထိုသတ္တဝါတို့ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**(၁၄) မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။**
**ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ'မုတ္တမံ။**
**ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။**

(၁၄) မဟာကရုဏာရှင် မြတ်စွာဘုရားသည် သတ္တဝါအလုံးစုံတို့၏ အကျိုးစီးပွားအတွက် ပါရမီတော်အလုံးစုံ အကုန်ဖြည့်ကျင့်တော်မူပြီးလျှင် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့ကို ရတော်မူခဲ့သည်၊ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

**(၁၅) ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။**
**ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။**

(၁၅) သာကီဝင်မင်းတို့၏ နှစ်သက်ခြင်းကို တိုးပွားစေတတ်သော ရှင်တော်မြတ်ဘုရားသည် ဗောဓိပင်အနီး အပရာဇိတပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့ ထို့အတူ သင်သည် ဘေးရန်ခပ်သိမ်းကို အောင်မြင်ပါစေ၊ အောင်ကြောင်းမင်္ဂလာတို့ကို သင် ပြီးမြောက်အောင်မြင်ပါစေ။

**(၁၆) အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။**
**အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။**

(၁၆) ဘုရားရှင်မှန်သမျှတို့၏ ဗုဒ္ဓါဘိသေက ခံယူရာ မြေတကာတို့၏ အထွတ်အထိပ် အလွန်တင့်တယ်ကောင်းမြတ် မြေအရပ်ဖြစ်သော အပရာဇိတပလ္လင်၌ ထွတ်ဖျားတိုင်မြောက် ဘုရားအဖြစ်သို့ ရောက်သော ရှင်တော်မြတ်သည် အလွန်ရွှင်လန်း ဝမ်းမြောက်တော်မူရသကဲ့သို့ သင်လည်း အထက်တန်းရောက်ကာ ဝမ်းမြောက်ရွှင်လန်းပါစေ။

**(၁၇) သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။**
**သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။**

www.dhammadownload.com



(၁၇) သုစရိုက်ကျင့်ရာ နေ့အခါကား ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာချည်းသာ၊ ကောင်းသော မိုးလင်းရခြင်း, ကောင်းသော အိပ်ရာမှ ထရခြင်း, ကောင်းသောခဏ, ကောင်းသော မုဟုတ်ချည်းသာဖြစ်သည်၊ ထို့နေ့၌ အကျင့်ကောင်းရှိသူ ပုဂ္ဂိုလ်တို့၌ လှူရသောအလှူမှာ ကောင်းသော လှူဒါန်းပူဇော်ရခြင်း ဖြစ်သည်။

(၁၈) ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိ တေ ပဒက္ခိဏေ။

(၁၈) သုစရိုက်ကျင့်ရာ နေ့အခါ၌ ထိုသူသည် ကာယကံမှု, ဝစီကံမှု, မနောကံမှု မှန်သမျှသည် တိုးတက်ကြီးပွားကြောင်း အကောင်းအမြတ်ချည်းသာတည်း၊ ထိုသုစရိုက်ကျင့်သူ၏ ကံသုံးပါးတို့ကား တိုးတက်ကြီးပွားကြောင်း ကောင်းမှု၌ ထားခြင်းမည်၏။

(၁၉) ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

(၁၉) တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော ကံသုံးပါးတို့ကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးတို့ကို ရရှိကြကုန်၏၊ သင်တို့သည် ကောင်းကျိုးကို ရရှိကြကုန်သည်၊ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဘုရားရှင် သာသနာတော်၌ တိုးတက်စည်ကား ကြီးပွားကြကုန်သည်ဖြစ်၍ ဆွေမျိုးအပေါင်းနှင့်တကွ အနာရောဂါ ကင်းရှင်းချမ်းသာခြင်းသို့ ရောက်ကြကုန်သည် ဖြစ်ကြစေကုန်သတည်း။

- ပုဗ္ဗဏှသုတ္တံ မင်္ဂလတ္တာယ ဝေါ ရက္ခတု၊
- ပုဗ္ဗဏှသုတ္တံ အရောဂတ္တာယ ဝေါ ရက္ခတု၊

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

ပုဗ္ဗဏှသုတ်တော်ပြီး၏

www.dhammadownload.com



**ဝုဗ္ဗဏှသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး**

ကြုံတွေ့ရမည့် အတိတ်ဆိုး, နိမိတ်ဆိုးများတို့ ပြေပျောက်နိုင်ခြင်း၊ အိမ်၏ ကျက်သရေ တိုးပွားခြင်း၊ ရာထူးဌာနန္တရ တိုးတက်ခြင်း၊ ထီပေါက်ခြင်း၊ မိမိသာမက တစ်အိမ်သားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း သုခ(၂)ပါးလုံး အားလုံး ပြည့်စုံစေနိုင်ပါသည်။

**ပရိတ်ကြီး ၁၁– သုတ် ပါဠိတော်နှင့် မြန်မာပြန် ပြီး၏**

www.dhammadownload.com



ကျေးဇူးရှင် ဒီပဲယင်းဆရာတော်ဘုရားကြီး၏

# မေတ္တာအာသီသ

(၁) ပရေသံ ဟိတံ မိစ္ဆေယျုံ၊ ဟိတံ မေ ကာ္လစ္ဆတံ ပရော။
နာညဿ ဒုက္ခမိစ္ဆေယျုံ၊ မာ မေ ဒုက္ခံ ကာ္လစ္ဆတံ ပရော။

**အဟံ**– ငါသည်၊ **ပရေသံ**– သူတစ်ပါးတို့၏၊ **ဟိတံ**– အကျိုးစီးပွားကို၊ **ကာ္လစ္ဆေယျုံ**– လိုလားနှစ်သက် ဆောင်ရွက်နိုင်ရပါလို၏။

**ပရော စ**– သူတစ်ပါးသည်လည်း၊ **မေ**– ငါ၏၊ **ဟိတံ**– အကျိုးစီးပွား ကို၊ **ကာ္လစ္ဆတံ ကာ္လစ္ဆတု**– လိုလားနှစ်သက် ဆောင်ရွက်ပါစေသတည်း။

**အဟံ**– ငါသည်၊ **အညဿ**– သူတစ်ပါး၏၊ **ဒုက္ခံ**– ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို၊ **န ကာ္လစ္ဆယျုံ**– မလိုလား မနှစ်သက်ပါရစေလင့်။

**ပရော စ**– သူတစ်ပါးကလည်း၊ **မေ**– ငါ၏၊ **ဒုက္ခံ**– ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို၊ **မာကာ္လစ္ဆတံ–မာကာ္လစ္ဆတု**– မလိုလား မနှစ်သက် မဆောင် ရွက်ပါစေသတည်း။

(၂) န ဟိံသေယျုံ ပရံ ပါဏံ၊ မာ မံ ဝိဟေသတံ ပရော။
န စ ဘာဝ အဟံ ဝေရီ၊ မာ ဝေရီ ဟောတု မေ ပရော။

**အဟံ**– ငါသည်၊ **ပရံပါဏံ**– တခြားတစ်ပါး သတ္တဝါများကို၊ **နဟိံသေယျုံ**– မညှဉ်းဆဲ မနှိပ်စက်ရပါလို။

**ပရော စ**– သူတစ်ပါးကလည်း၊ **မံ**– ငါ့ကို၊ **မာ ဝိဟေသတံ**– မညှဉ်းဆဲ မနှိပ်စက်ပါစေသတည်း။

**အဟံ**– ငါသည်၊ **ပရဿ**– သူတစ်ပါး၏၊ **ဝေရီ**– ရန်သူသည်၊ **ဘဝေ**– မဖြစ်ရပါလို။

**ပရောစ**– သူတစ်ပါးကလည်း၊ **မေ**– ငါ၏၊ **ဝေရီ**– ရန်သူသည်၊ **မာ ဘဝေ**– မဖြစ်ပါစေသတည်း။

www.dhammadownload.com



(၃) ကုမ္မဂ္ဂဉ္စ ဝိဝဇ္ဇေတွာ၊ သုမဂ္ဂံ ယန္တု ပါဏိနော။
ဝင်္ကဋ္ဌာဟံ ဝိဝဇ္ဇေတွာ၊ ဥဇုံ သုမဂ္ဂကော ဘဝေ။

သဗ္ဗေ– အလုံးစုံကုန်သော၊ ပါဏိနော– သတ္တဝါအပေါင်းတို့သည်၊ ကုမ္မဂ္ဂံ– လမ်းမှား နည်းမှား ခရီးမှားကို၊ ဝိဝဇ္ဇေတွာ– ရှောင်ရှားဖယ်ကြဉ်၍၊ သုမဂ္ဂံ– နည်းမှန် လမ်းမှန် ခရီးမှန်ကို၊ ဥဇုံ– ဖြောင့်ဖြောင့်မတ်မတ်၊ ယန္တု– လိုက်သွားနိုင်ကြပါစေကုန်သတည်း။

အဟဉ္စ– ငါသည်လည်း၊ ဝင်္ကံ– လမ်းကောက် လမ်းညစ်ကို၊ ဝိဝဇ္ဇေတွာ– ရှောင်ရှား၍၊ ဥဇုံ– ဖြောင့်ဖြောင့်မတ်မတ်၊ သုမဂ္ဂကော– ကောင်းသော လမ်းမှန်ကို လိုက်သွားနိုင်သူသည်၊ ဘဝေ– ဖြစ်ရပါစေသတည်း။

~~~~~~~~~~~~~~

## မေတ္တာပို့

ပဇာသဗ္ဗာ သုဿယန္တု၊ ဝုဋ္ဌဟန္တု သုမင်္ဂလာ။
ဒူသေန္တု ဒုဂ္ဂတိံ ဂါမိံ၊ ပုရေန္တု သဗ္ဗပါရမိံ။

ပဇာသဗ္ဗာ– ကိုယ်စီကိုယ်င ကိုယ့်ဒေသ၌ ပျော်ကြစပ်ရာ သတ္တဝါ ဟူသမျှတို့သည်၊ သုဿယန္တု– အိပ်မက်ရာမက် ကောင်းစွာမက်၍ စိတ်လက်ကြည်သာ အိပ်စက်တော်မူနိုင်ကြပါစေကုန်သတည်း။ သုမင်္ဂလာ– မင်္ဂလာ ကျက်သရေ ယုက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍၊ ဝုဋ္ဌဟန္တု– ကောင်းစွာ မိုးသောက် အလင်းရောက်လျက် ထမြောက် နိုးကြားတော်မူနိုင်ကြပါစေကုန်သတည်း။ ဒုဂ္ဂတိံ ဂါမိံ – အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို၊ ဒူသေန္တု– သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်တော်မူနိုင်ကြပါစေကုန်သတည်း၊ သဗ္ဗ ပါရမိံ– အလောင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို၊ ပုရေန္တု– ဂစ်ဆင့်ထက် တစ်ဆင့် ရင့်သထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်တော်မူနိုင်ကြပါစေကုန်သတည်း။

(တောင်ဖြို၊ မဟာဂန္ဓာရုံဆရာတော်)
~~~~~~~~~~~~~~

www.dhammadownload.com



# နတ်ပို့

**ဗြတ္တာဝတာ စ အမေ့ဟိ၊ သမ္ဘုတံ ပုညသမ္ပဒံ၊**

**သဗ္ဗေ ဒေဝါ နမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။**

**ဗြတ္တာဝတာ**– သဒ္ဓါစေတနာ ဝေဖြာသန့်ရှင်း ညစ်ကြေးကင်း၍ ထိန်လင်းကျက်သရေ ယုန်စက်ငွေသို့ လက်ဝေစေကြောင်းဖြစ်သော ဤပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့်၊ **အမေ့ဟိ**– အကျွန်ုပ်တို့သည်၊ **သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ**– အလုံးစုံကုန်သော စည်းစိမ်ချမ်းသာ မင်္ဂလာကျက်သရေတို့နှင့် ပြည့်စုံပါစေခြင်းငှာ၊ **သမ္ဘုတံ**– ကောင်းစွာမပြတ်ဆည်းပူးအပ်သော၊ **ပုညသမ္ပဒံ**– ဖြူစင်သန့်ရှင်း ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို၊ **သဗ္ဗေ**– ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော၊ **ဒေဝါ**– စကြဝဠာ အဖြာဖြာမှ ကြွလာသောင်းသောင်း နတ်ပြဟ္မာအပေါင်းတို့သည်၊ **အနုမောဒန္တု**– ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

**ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ၊**

**ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ၊**

**ဒါနံ**– ပေးကမ်းစွန့်ကြဲ နည်းများမဟူ အလှူဒါနကို၊ **သဒ္ဓါယ**– ကံ၊ ကံ၏အကျိုးကို ယုံကြည်လျက်၊ **ဒဒန္တု**– ဘဝ,ဘောဂ တောင့်တမရှိ ပကတိစင်ဖြူ ပေးလှူနိုင်ကြပါစေကုန်သတည်း။ **သဗ္ဗဒါ**– နေ့ရောညဉ့်ပါ ဘယ်ခါမဆို၊ **သီလံ**– စာရိတ္တ, ဝါရိတ္တ မြတ်သီလကို၊ **ရက္ခန္တု**– မကျိုးမပေါက် စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း၊ **ဘာဝနာဘိရတာ**– သမထ, ဝိပဿနာဘာဝနာ၌ ကောင်းစွာ ကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်ကြကုန်သည်၊ **ဟောန္တု**– ဖြစ်ကြပါစေကုန်သတည်း။ **အာဂတာ**– စကြဝဠာ၊ ကမ္ဘာလောကဓာတ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ရောက်လာကြတုန်သော၊ **ဒေဝါ**– နတ်ပြဟ္မာအပေါင်းတို့သည်၊ **ဂစ္ဆန္တု**– သာဓု အနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသံညီး

www.dhammadownload.com



ပြုပြီးလေဘိ မိမိတို့နေရာ ပျော်ဖွယ်ရာရိပ်ခန်း ဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူကြပါစေကုန်သတည်း။

### ၃၁–ဘုံသားတို့အား အမျှဝေဂါထာတော်

**ပုညဘာဂံ မိမံ စညံ၊ သမံ ဒဒါမ ကာရိတံ။**

**အနုမောဒန္တု တံ သဗ္ဗေ၊ မေဒိနီ ဌာတု သက္ခိကေ၊**

**အမှေဟိ**– အကျွန်ုပ်တို့သည်၊ **ကာရိတံ**– စေတနာကွန့်မြူး သဒ္ဓါထူးဖြင့် ဆည်းပူးပြုလုပ်အပ်သော၊ **ဣမဉ္စ ပုညဘာဂံ**– ဤပရိတ်တရားတော်တို့ကို ရွတ်ဖတ် သရဇ္ဈာယ်၍ မြတ်စွာဘုရားအား လေးစားကော်ရော် ပူဇော်ခြင်းဟူသော ဤကုသိုလ်ကောင်းမှု၏ အဖို့အစုကိုလည်းကောင်း၊ **အညဉ္စ ပုညဘာဂံ**– ထို့မှ တပြား သင့်လျော်သောအခါ၌ ကောင်းစွာပြုစု ကုသိုလ်ကောင်းမှု၏ အဖို့အစုကို လည်းကောင်း၊ **သဗ္ဗေသံ**– လူနတ်ပြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံ တို့အား၊ **သမံ ဒဒါမ**– အညီအမျှ ရကြစေငှာ ပေးဝေပါကုန်၏၊ **သဗ္ဗေ**– လူ နတ် ပြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံတို့သည်၊ **တံ ပုညဘာဂံ**– အကျွန်ုပ်တို့ ပေးဝေအပ်သော၊ ထိုကုသိုလ်ကောင်းမှု အဖို့အစုကို၊ **အနုမောဒန္တု**– ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း၊ **မေဒိနီ**– ယူဇနာနှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည်၊ **အမှာကံ**– အကျွန်ုပ်တို့ ၏၊ **သက္ခိကေ**– ကာလရှည်လျား နေ့လျှော့ငြားလည်း ပြောကြားပါစေ သက်သေ အရာ၌၊ **ဌာတု**– ယေင်ပုခက် အိုးထိန်းစက်သို့ သွက်သွက်လှုပ်ကာ ထံခွင်သာ ဝယ် တည်လာရပ်တန့်ပါစေသတည်း။

www.dhammadownload.com



## အမျှဝေလင်္ကာ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသည့် ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏၊ မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေလတ်၊ ကိုယ်စောင့်နတ်လည်း၊ မလတ်စေရ၊ ပေးဝေငှ၏၊ မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဗြဟ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တာဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်၊ ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာဟုလည်း၊ သက်သေအမှုတည်စေသော်။

အားလုံး အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါကုန်လော့။
(၃- ခေါက်)

သာဓု ... သာဓု ... သာဓု (၃- ခေါက်)

## ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

**ဗုဒ္ဓသာသနံ**- မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ ပရိယတ္တိသာသနာတော် ပဋိပတ္တိသာသနာတော် ပဋိဝေဓသာသနာတော် ဟုဆိုအပ်သော သာသနာတော်မြတ် သုံးရပ်သည်၊ **စိရံ**- အနှစ်များမြောင် ကာလကြာလေအောင်၊ **တိဋ္ဌတု**- အရှည်ခံ၍ တည်တံ့တော်မူပါစေသတည်း။

www.dhammadownload.com



[illegible]

[illegible]

[illegible]

[illegible]

[illegible]